

မောင်သာပြည့်

# ထပ်မံဖြည့်စွက်ရသော
# ရက်စွဲသစ်များ

[illegible]


စာမူခွင့်ပြုချက်အမှတ် – ၅၀၀၃၁၂၀၃၀၈

မျက်နှာဖုံးခွင့်ပြုချက်အမှတ် ၅၀၀၈၀၆၀၆၀၈

မျက်နှာဖုံးဒီဇိုင်း ◆ အံ့ဘွယ်

အတွင်းစာစီ ◆ မြစ်ခွဲဇဝင်းကွန်ပျူတာ

ထုတ်ဝေသည့်လ ◆ ၂၀၀၈ ခုနှစ်၊ ဇူလိုင် လ

အကြိမ် ◆ ပထမအကြိမ်

အုပ်ရေ ◆ ၅၀၀

ထုတ်ဝေသူ ◆ ဦးသန်းမြင့်(၀၁၀၄၀)၊ လင်းလင်းစာပေ၊
အမှတ်(၄/၂၉)၊ မြဝတီမင်းကြီးလမ်း၊
၁၀–ရိုင်ကုန်း၊ အင်းစိန်၊ ရန်ကုန်မြို့။

အတွင်းပုံနှိပ်သူ ◆ ဦးဇော်မင်း (W!zard)၊
အမှတ်(၁၉၈)၊ ၃၃–လမ်း(အထက်)၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

မျက်နှာဖုံးပုံနှိပ်◆ ဦးတိုးဝင်း(၀၂၄၃၁)၊
နေလရောင်အော့ဖ်ဆက်၊ (၉၆/ခ)၊
၁၁–လမ်း၊ ရန်ကုန်မြို့။

စာအုပ်ချုပ် ◆ ပပဝိုးနှင့်အဖွဲ့

တန်ဖိုး ◆ ၅၀ ကျပ်


# မောင်သာပြည့်

# ထပ်မံဖြည့်စွက်ရသော ရက်စွဲသစ်များ

### ဒို့တာဝန်အရေးသုံးပါး

| | |
|---|---|
| ပြည်ထောင်စုမပြိုကွဲရေး | ဒို့အရေး |
| တိုင်းရင်းသား စည်းလုံးညီညွတ်မှု မပြိုကွဲရေး | ဒို့အရေး |
| အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး | ဒို့အရေး |

### ပြည်သူ့သဘောထား

ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။

နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများ
ဆန့်ကျင်ကြ။

နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများ
ဆန့်ကျင်ကြ။

ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

### နိုင်ငံရေးဦးတည်ချက်(၄)ရပ်

နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး

အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး

ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး

ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်
နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

### စီးပွားရေးဦးတည်ချက်(၄)ရပ်

စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်
တည်ဆောက်ရေး

ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး

ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်
တည်ဆောက်ရေး

နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်း
ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

### လူမှုရေးဦးတည်ချက်(၄)ရပ်

တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး

အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာ
မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး

မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး

တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး



## (တစ်)

လွင်မောင်ပြောသည့် အချစ်အကြောင်းကို သူဘယ်လိုမှ စိတ်ဝင်စားလို့မရ။ အဘယ်ကြောင့်ဆိုသော် အချစ်အကြောင်းကို အားရပါးရပြောနေသော် ဒီကောင်မှာ ရည်းစားသနာဆိုတာလည်း တစ်ကောင်တစ်မြီးမှမရှိ။ ဒီကောင်ကိုယ်တိုင်က လူပျိုကြီးစစ်စစ်ကောန်ဖြစ်နေ၏။

ပြီးတော့....

ဒီကောင်ပြောသည့် အချစ်အကြောင်းတွေကိုလည်း သူဘယ်လိုမှ နားလည်ခြင်းမရှိ။

"အချစ်ဆိုတာ လေပြည်လေညင်းထက် နူးညံ့တယ် မင်းသူ"

"လေပြည်လေညင်းထက် နူးညံ့ရအောင် မင်းကိုင်ကြည့်ဖူးလို့လား"

“အချစ်ကို သိမ်သိမ်မွေ့မွေ့ခံစားပြီး ပြောပြနေချိန်မှာ ကတ်ဖွဲ့စကားကို မင်းမပြောရဘူး”

သူအသာငြိမ်နေလိုက်သည်။ ဒါကို အခွင့်ကောင်းယူပြီး လွင်မောင်က ဆက်ပြောပြန်၏။

“အချစ်ဆိုတာ မရှိရင်မဖြစ်တဲ့ မိုးလိုပဲကွ။ အချစ်မရှိရင် ကမ္ဘာကြီးပျက်စီးသွားတာကြာပြီ။ အချစ်က ကျားကန်ပေးထားလို့ ကမ္ဘာကြီး တည်တံ့နေတာ”

“စိတ်ပျက်ဖို့ကောင်းလိုက်တာကွာ”

“ဘာကို စိတ်ပျက်ဖို့ ကောင်းနေရပြန်တာလဲ”

“မင်းပြောနေတဲ့ အချစ်ဆိုတာ တို့သောက်နေတဲ့ ဘလက်လေဆယ်တစ်လုံးရဲ့ တန်ဖိုးလောက်ရှိရဲ့လား။ နောက်ပြီး ဝီစကီတစ်ခွက်ထက်ကော ပိုပြီး ကောင်းနိုင်ပါ့မလား”

“မင်းသူ... မင်းပြောတဲ့စကားက အချစ်ကို လုံးဝစော်ကားလိုက်တာပဲ။ ကျောက်သံပတ္တမြားတွေရဲ့တန်ဖိုးကိုသာ အဖိုးဖြတ်လို့ ရချင်ရမယ်။ အချစ်ကို တန်ဖိုးဖြတ်လို့မရဘူး”

“ဟုတ်ပါ့မလား လွင်မောင်ရာ”

“အချစ်ကို မင်းထပ်စော်ကားပြန်ပြီ၊ ငါမေးစမ်းပါရစေ။ မင်းရင်ထဲမှာ အသည်းနှလုံးကောရှိရဲ့လား”





“ဟ... မရှိဘဲနေမလားကွ၊ အသည်းနှလုံးမရှိဘဲနဲ့ အသက်ရှင်လို့ရမလား။ နေပါဦး... မင်းက အချစ်အကြောင်းတွေ လျှောက်ပြောနေရအောင် မင်းမှာကော အချစ်ရှိလို့လား”

“ရှိတာပေါ့”

“လာဖိန့်မနေနဲ့... မင်းနဲ့ငါက ခုမှပေါင်းလာတာ မဟုတ်ဘူး။ ရည်းစားမပြောနဲ့ ဖီးပြားတောင် ငါကျွေးလို့ စားဖူးတဲ့ကောင်ကများ”

သူ့ကိုကြည့်ပြီး လွင်မောင် အတော်စိတ်ပျက်သွားပုံရ၏။ သောက်ရန် မ,ယူထားသည့် ဝီစကီခွက်ကို စားပွဲပေါ် ပြန်ချသည်။

တကယ်ဆို ‘အင်ပါယာ’ ၏ သီးသန့်ခန်းကလေးမှာ ဝီစကီသောက်ရင်း အမြည်းစားရင်းနှင့်သာ ပျော်စရာအချိန်ကို ကုန်သင့်သည်။ ခုတော့ ဒီအချစ်အကြောင်းကြီးကို ဒီကောင် ဘယ်ချောင်ကြိုချောင်ကြားက ယူဆောင်လာသည်မသိ။ ပန်းပွင့်တွေရော၊ လေပြည်လေညင်းတွေရော၊ ရေမြေတောတောင်တွေကော စိတ်ထဲပေါ်ရာ လျှောက်ပြောနေသည်။

“မင်းနဲ့ငါ သည်နေ့တော့ နှလုံးသားစကားပြောရလိမ့်မယ်... မင်းသူ”

“နားမထောင်ချင်ဘူးကွာ”

"မရဘူး… နားထောင်ရမယ်၊ နားထောင်ပြီး လိုအပ်ရင် လိုအပ်သလို မင်းဆွေးနွေးရမယ်"

ဝိစကီအရှိန်နှင့် ဒီကောင်စွတ်တင်နေ၏။

"နှလုံးသားစကားပြောရအောင် မင်းက ကဗျာဆရာလား၊ စာရေးဆရာလား။ ငါ··မင်းကို သိထားနားလည် ထားတာက ငါ့ငယ်သူငယ်ချင်း၊ တက္ကသိုလ်မှာ အတူတက်ခဲ့တယ်၊ ငါ့လို စီးပွားရေးလုပ်ငန်းရှင်တစ်ယောက်၊ မိန်းမ မပြောနဲ့ ရည်းစားတောင်မရှိတဲ့ ငါ့လိုလူပျိုကြီး။ ဒါဆို မင်းကို ငါ သိထားတာ ဘယ်လောက်လုံလောက်နေပြီလဲ"

"ဟော့ကောင်… နှလုံးသားစကားဆိုတာ တင်စားပြီး ပြောတာ။ ငါပြောချင်တာက အချစ်ကွ… အချစ်"

"လာပြန်ပြီ အချစ်၊ မင်း သည်နေ့ အတော်ကို နှာဘူးထနေပါလား…လွင်မောင်။ မင်းက အချစ်အကြောင်းကို သည်လောက်မြိန်ရေရှက်ရေ ပြောချင်ရအောင် မင်းမှာ အချစ်ကောရှိလို့လား"

သူ့စကားကြောင့် လွင်မောင် အတီးအတ ဖြစ်သွား၏။ ဒါကို သူက နင်းပြီး…

"ငပေါ… မင်းမှာ ရည်းစားဆိုလို့ မွေးရင်တောင်



ရှုစရာမရှိတဲ့ကောင်ကများ ငါ့ကိုလာပြီး အချစ်ဆရာကြီး လုပ်နေတယ်"

"အင်း… မင်းဟာ တော်တော်ပြောရခက်တဲ့ကောင်ပါလား မင်းသူ"

"မဟုတ်ဘူးလေ… မင်းက ငါ့ကို အချစ်အကြောင်းတွေ လာပြောနေတာ ဆိုလိုရင်းအဓိပ္ပာယ်ကိုတော့ မင်း ငါ့ကိုပြောဖို့လိုတယ်"

"ဟာ… ရှင်းရှင်းလေးပါကွာ"

ညှပ်နှင့် ရေခဲတုံးကို ဆယ်မ၍ သူ့ဖန်ခွက်ထဲ ထည့်ပေးရင်း…

"ငါက မင်းဘဝကိုကြည့်ပြီး ပျင်းရိခြောက်သွေ့နေတာ မင်းသူ။ မင်းကိုယ်မင်း စဉ်းစားစမ်း။ မင်းဘဝမှာ ဘာလိုသလဲ။ မိဘမျိုးရိုးကလည်း ချမ်းသာလိုက်တာ ကျိုကျိုတက်။ သားကလည်း တစ်ယောက်တည်းသား။ သည်သားက ရှာထားလိုက်တဲ့ စည်းစိမ်ဥစ္စာကလည်း လက်ဖျားခါလောက်တယ်။ ဒါပေမယ့် မင်းမှာ ပြည့်စုံမှုမရှိသေးဘူး"

"စကားကလည်း ရှည်လျားလိုက်တာကွာ။ လိုရင်းကို မရောက်နိုင်တော့ဘူး"

"အချစ်လေ… မင်းမှာ အချစ်လိုအပ်နေတယ်။ မင်းနံဘေးမှာ စကားတီတီတာတာပြောပြီး မင်းစိတ်နှလုံးကို အေးချမ်းအောင် လုပ်ပေးဖို့ ချစ်သူကောင်မလေး လိုနေတယ်ကွ"

"အဲ…ဒါလား"

"ဟုတ်တယ်… အဲဒါပဲ"

"ဒါလေးပြောဖို့များ ပန်းပွင့်တွေ၊ လေညင်းတွေ၊ ရေမြေတောတောင်တွေနဲ့ ရှုပ်ယှက်ကိုခတ်နေတာပဲ လွင်မောင်ရာ။ ဒီအတွက်တော့ မင်းမပူပါနဲ့"

"ဟင်… မင်းမှာ ချစ်သူရှိနေပြီပေါ့"

"မရှိပါဘူး"

"ဟာ… မင်းပြောပေါက်ကို ငါဆဲမိတော့မယ်"

"မင်း မျက်လုံးကြီးကို ပြူးပြမနေစမ်းပါနဲ့ လွင်မောင်ရာ။ ငါ့အတွက် မပူနဲ့ဆိုတာက ငါ့စိတ်နှလုံးကို အေးချမ်းအောင် လုပ်ပေးမဲ့သူ ရှိစရာမလိုဘူးကွ။ ဘာဖြစ်လို့လဲဆိုတော့ ငါ့စိတ်နှလုံးက ပူပူလောင်လောင်မှ မဖြစ်တဲ့ဟာ"

"တော်ပြီကွာ… ငါမင်းကို အချစ်အကြောင်းမပြောတော့ဘူး မင်းသူ"

"ဒါဆို နားငြီးသက်သာသွားပြီ။ တကယ်တန်း





ကျ မင်းမှာလည်း အချစ်မရှိဘူး။ ငါ့မှာလည်း အချစ်မရှိဘူး။ တို့နှစ်ယောက်ရဲ့ဘဝက ဘယ်လောက် လွတ်လပ်သလဲ။ ဘယ်လောက်အေးချမ်းသလဲ။ အချစ်ရှိနေရင် ဒီလိုတန်ဖိုးရှိတဲ့ အရက်ကို မင်းနဲ့ငါ လွတ်လွတ်လပ်လပ်သောက်လို့ ရမလား…ကောင်ကြီးရ"

သည်စကားတစ်ခွန်းတည်းနှင့် လွင်မောင်အသံတိတ်သွား၏။ သူက ဝီစကီကို မျှင်းသောက်ရင်း….

"ငါက မိန်းကလေးတွေရဲ့ အသည်းနှလုံးထက် ကြက်သည်းကြက်မြစ်ကို ပိုကြိုက်တယ်ကွ"

ထပ်မံပြောဖြစ်သည့်စကားအတွက် ဒီကောင်ယောကျ်ားတန်မဲ့ မျက်စောင်းထိုးသည်။

"နောက်ပြီး…"

"ဘာပြောအုံးမလို့လဲ"

သူက ရယ်မောရင်း လွင်မောင်ပခုံးကို ဖျစ်ညှစ်ဆုပ်ကိုင်၏။

"ပန်းသီးတစ်လုံးရဲ့ အရသာလောက်၊ စပျစ်သီးတစ်လုံးရဲ့ အရသာလောက် မိန်းကလေးတွေရဲ့ နှုတ်ခမ်းလှလှလေးတွေက ချိုမြိန်လို့လား။ အလေးအနက် စဉ်းစားရင်အတော့်ကို ရှုံ့စရာကောင်းတဲ့

ကိစ္စရပ်ပဲ"

"ဟော့ကောင် မင်းသူ။ မင်း မနမ်းဖူးဘဲနဲ့ လျှောက်ပြောမနေနဲ့"

"သည်စကားကို မင်းပြောရဲလိုက်တာ လွင်မောင်ရာ... မင်းကကော နမ်းဖူးလို့လား"

"နမ်းဖူးတယ်ကွ၊ နမ်းဖူးတယ်"

ဝီစကီခွက်ကို ခပ်ဆောင့်ဆောင့် ကလေးချပြီး လွင်မောင်က အော်ပြော၏။

"အံ့ဩစရာပါလား။ ဘယ်တုန်းကများ နမ်းဖူးလိုက်တာပါလိမ့်။ ငါ မသိလိုက် မမြင်လိုက်ပါလား"

"မင်းမြင်အောင် သိအောင်ပဲ ငါက နမ်းရမှာလားကွ"

သီးသန့်အခန်းကလေးမှာ သူတို့နှစ်ယောက်၏ ငြင်းခုန်ပွဲ ရံဖန်ရံခါမှာ သည်လိုပါပဲ။

ရယ်စရာကောင်းတာကတော့...

အငြင်းပွားနေသူနှစ်ယောက်က ဆယ်ကျော်သက် အရွယ်တွေမဟုတ်။

အသက်သုံးဆယ်ကို သုံးလေးနှစ်ပင် စွန်းနေပြီ။ ဂုဏ်ကလည်း ကုမ္ပဏီသူဌေး။



"ပြောပါ... မင်းဘယ်တုန်းက နမ်းဖူးလိုက်တာလဲ။ တကယ်ဆိုရင် နောက်ထပ် ဝီစကီတစ်လုံးနဲ့ မင်းကိုဂုဏ်ပြုချင်လို့ပါ"

"ငြိမ်းဝေရဲ့ ညီမဝမ်းကွဲ... ခင်ခင်တာလေ။ မင်းသိတယ်မဟုတ်လား"

သူက ခေါင်းညိတ်ပြ၏။

"သူ့ကို နမ်းတာ"

"ဟင်... မင်းနဲ့ ဘယ်တုန်းက ရည်းစားဖြစ်လိုက်လို့လဲ"

"ဒါတွေ မင်းသိဖို့ မလိုဘူးလေကွာ။ ခင်ခင်တာနဲ့ နှုတ်ခမ်းကြာပုံလေးကို ဟော့ဒီငါ့ပါးစပ်ကြီးနဲ့ကို နမ်းလိုက်တာ"

ပြောပြီး လွင်မောင်က ရင်ကိုခပ်ကော့ကော့ လုပ်ထားသေး၏။

သူကတော့ လွင်မောင် အမူရာကိုကြည့်ပြီး စဉ်းစားစရာဖြစ်နေရသည်။

ဟုတ်ပါ့မလား။

ဒီကောင် မယားတရှူးရှူးပြီး ဖြစ်ချင်တာတွေ လျှောက်ပြောနေတာလား။ ခင်ခင်တာနဲ့ ဒီကောင် သမီးရည်းစားဖြစ်နေတယ်ဆိုတဲ့ လေသံ သူသဲ့သဲ့လေးတောင် ကြားမထား။

ငြိမ်းဝေကြီးကလည်း ငါ့ညီမနဲ့လွင်မောင် နှလုံးသားဖတ်လမ်းလေးတွေ ဖြစ်နေတယ်ကွဆိုသည့်စကားကိုလည်း သူနဲ့တွေ့တိုင်း တစ်ခါမျှမပြောဘူး။

နောက်ပြီး…

ငြိမ်းဝေကြီးအိမ်မှာ သူနှင့်လွင်မောင် ထမင်းစားဖူးတာပဲ။ ထမင်းဟင်းတွေ ခူးခပ်ရင်း ခင်ခင်တာမျက်နှာမှာ လွင်မောင်နှင့်ပတ်သက်ပြီး ဘာအရောင်မှမသန်း။ အမူရာလည်းမပျက်။

သူ မေးကလေးပွတ်ရင်း စဉ်းစားခန်းဝင်နေတော့ လွင်မောင်က သူ့မျက်နှာကို ပြုံးစိစိနှင့်ပင် ကြည့်နေသေး၏။

"အာ..ငပေါ၊ ငကြောင် ငါအခုမှ စဉ်းစားမိတယ်"

"ပြောပါဦး… မင်းစဉ်းစားမိတာလေး"

"ငြိမ်းဝေညီမ ခင်ခင်တာက တက်တတ်တဲ့ရောဂါရှိတာ။ သူတက်ရင် ပါးစပ်ချင်းတေ့ပြီး လေမှုတ်ပေးမှ သတိရတာ။ ဒါကို မင်းပြောနေတာမဟုတ်လား။ ငြိမ်းဝေငါ့ကို တစ်ခါက ပြောဖူးတယ်။ ငါ့ညီမတက်တာကွာ အိမ်မှာ ငါကလည်းမရှိ၊ လွင်မောင်ရောက်လာပြီး ယောကျ်ားအားနဲ့မှုတ်ပေးလို့ တော်တော့တယ်တဲ့"





"ပါးစပ်ကို မှုတ်ပေးတာပါ"

"အေးလေ… ငါကလည်း ပါးစပ်ကို မှုတ်ပေးတာ ပြောတာ။ အဲဒါကို မင်းက မရိုးမသားနဲ့လာပြောနေရသေးတယ်။ သူနဲ့ပဲ ရည်းစားဖြစ်နေသလိုလို"

"အေးလေ… ငါက ထိတွေ့ဖူးတာ ပြောတာ။ မရိုးမသား ပြောနေတာမှ မဟုတ်တာ"

ပြောပြီး လွင်မောင်က တဟားဟားရယ်၏။

ဒီကောင်က လုပ်ငန်းတာကြီးကြီးမားမား လုပ်နေသည်။ သူငယ်ချင်းတွေထဲမှာ ဒီကောင် အကြောင်ကြောင်အနိုင်ဆုံး။ သို့သော်လည်း စီးပွားရေးမှာတော့ ဘာခေါင်းကောင်းသလဲမမေးနှင့်။

နောက်ပြီး…

သူ့ကိုယ်သူမှလွဲ၍ သူငယ်ချင်း လူပျိုစာရင်းဝင်များကို မိန်းမရစေချင်သူ။ အဲဒါကိုက ဘာအကျင့်စိတ်ဓာတ်မှန်းမသိ။

"သည်ညတော့ မင်းကို ငါဘယ်လိုမှ အချစ်အကြောင်း ဆွေးနွေးလို့ရမှာ မဟုတ်ဘူး မင်းသူ"

"ငါ မချစ်ချင်ပါဘူးကွာ"

သည်လိုနှင့် စကားလက်စသိမ်းပြီး အရက်ဝိုင်းသိမ်း

သည်။ အင်ပါယာကထွက်တော့ ရပ်ထားသည့် ကိုယ့်ကားဆီ ကိုယ်လျှောက်သွားရင်းမှ လွင်မောင်က အချစ်နဲ့ပတ်သက်တာကို ပြောဖြစ်အောင် အော်ပြောသေး၏။

"အချစ်ဆိုတာ မင်းစားနေတဲ့ ပန်းသီးတစ်လုံး၊ စပျစ်သီးတစ်တွဲထက် ဘယ်လိုချိုမြတယ်ဆိုတာ မင်းတစ်နေ့သိလာရစေမယ်"

သူက လုံးဝစိတ်မဝင်စား။

ကားကို ခြံဝင်းကြီးထဲက မောင်းထွက်ခဲ့သည်။ သူနှင့်လွင်မောင် နေထိုင်သည့် အရပ်က တောင်နှင့်မြောက်။

✿ ✿ ✿





(နှစ်)

စာရင်းစာအုပ်တွေ လှန်လျှောကြည့်နေဆဲ ဖုန်းမြည်လာသည်။ သူ ဖုန်းခွက်ကို မယူပြီး နားမှာကပ်လိုက်၏။

"ရှိုင်းရယ် ဖက်ရှင်ကပါ"

"ဟော့ကောင်... ငါပါ၊ လွင်မောင်ပါ"

"ပြော သူငယ်ချင်း"

"ရုံးခန်းမှာ မင်းရှိတယ်မို့လား။ ငါခုလာခဲ့မယ်"

ပြောပြီး ဖုန်းခွက်ကို ချက်ချင်းချသွား၏။

"ဒီကောင် ဘာစိတ်ရူးထနေသလဲ မသိဘူး"

အဝင်စာရင်းနှင့် အထွက်စာရင်းများကို မန်နေဂျာအမျိုးသမီးက လာပို့သည်။ ညနေပစ္စည်းတွေ ထပ်ရောက်မယ်ဆရာဆိုသည့် စကားပြောပြီး ထွက်အသွားမှာ လွင်မောင်ရောက်လာ၏။

တစ်ယောက်တည်းတော့ မဟုတ်။

နံဘေးမှာ အမျိုးသမီးတစ်ယောက်လည်း ပါလာသည်။

"ဧည့်သည်ပါလာမယ်ဆိုတာကို ဖုန်းထဲကနေ မပြောဘူး။ ထိုင်ပါ… ထိုင်ပါ"

လွင်မောင်နှင့်ပါလာသည့် အမျိုးသမီးက မိမိနှင့် သက်တူရွယ်တူမျှလောက်ရှိမည်။ သူ့ကို ဖွဖွညင်သာ ပြုံးပြပုံကတော့ ဆွဲဆောင်အားကောင်းလွန်း၏။ သူမပြုံးနေဆဲမှာ လွင်မောင်က မိတ်ဆက်ပေးသည်။

"ယမင်းခင်ခင်တဲ့… အသိအကြွမ်း မိန်းကလေးထဲမှာ ငါနဲ့ ရင်းနှီးခင်မင်ဆုံးပဲ"

"လွင်မောင်က ပြောတော့ မပြောဖူးဘူး။ ဒါပေမယ့် ခုလိုသိကြွမ်းရတာ ဝမ်းသာတယ်နော်၊ ကျွန်တော့်နာမည်ကိုတော့ လွင်မောင်ကကြိုပြီး ပြောပြထားမှာပါ"

ယမင်းခင်ခင်က ခေါင်းကိုညိတ်ပြ၏။

"ကျွန်တော့် ဖက်ရှင်ရှော့စ်ကို လေ့လာရင်း လာလည်ကြတာလား မသိဘူး"

"ယမင်း ရုံးကနေ နံနက်စာဆင်းစားတာ။ ကိုလွင်မောင်နဲ့တွေ့ပြီး ရောက်လာတာပါ"





မိမိလုပ်ငန်းနှင့် ဆက်နွယ်၍ရောက်လာသည် မဟုတ်တာကတော့ သေချာသွား၏။

"မင်းသူ… မင်းထမင်းမစားရသေးဘူးမို့လား။ လာကွာ‥ အပြင်မှာ ထွက်စားရအောင်။ ငါက ယမင်းကို ဖိတ်လာတာ"

ယမင်းခင်ခင်၏ ခေါင်းညိတ်အပြုံးကြောင့် သူငြင်းရန်မလိုတော့ပေ။ လွင်မောင်နှင့် ရုံဖန်ရုံခါ နံနက်စာ၊ နေ့လယ်စာ စားသောက်နေကျဆိုင်ကို သွားသည်။

သည်မှာ သူစဉ်းစားစရာအကြောင်းရှိလာသည်က လွင်မောင်။

လွင်မောင်က သူ့ကို ယမင်းခင်ခင်နှင့် အရမ်းရင်းနှီးစေချင်ဟန်ရှိသည်။

ဥပမာ…

"ကိုယ်မပါလည်း မင်းသူဆီ သွားလည်လို့ရတယ်နော်"

ဆိုသည့်စကား။

နောက်ပြီး…။

"မင်းသူကြီးက သဘောကောင်းတယ်။ ယမင်း သွားစရာ လာစရာရှိရင် အဖော်ခေါ်သွားလို့လည်း ရတယ်"

ဆိုသည့်စကားတွေ။

သူက ဘာမျှပြန်မပြောဘဲ လွင်မောင်လှုပ်ရှားမှုကို သာ မျက်လုံးအဝိုင်းသားနှင့် ကြည့်မိသည်။

စားသောက်ကြပြီး ယမင်းခင်ခင်နှင့် လွင်မောင်ပြန် သွားပြီးနောက် ညနေပိုင်းမှာ လွင်မောင် ရုံးခန်းသို့ ပြန်ရောက် လာ၏။

"ဘယ့်နှယ်လဲ"

"ဘာကို ဘယ့်နှယ်တာလဲ"

"မဟုတ်ဘူးလေ။ ယမင်းခင်ခင်ကို မင်းစိတ် မဝင်စားဘူးလား"

သူ လွင်မောင်ကို မျက်မှောင်ကြုတ်ကြည့်တော့ လွင်မောင်က ရယ်ကျဲကျဲနှင့်····

"ယမင်းက ဌာနကြီးတစ်ခုက ဦးစီးအရာရှိအဆင့် ရှိတယ် မင်းသူ။ အနေအထိုင် သိမ်မွေ့တယ်။ တည်ကြည်တယ်။ အရာရှိဆိုတဲ့ ဂုဏ်က သူ့ကို အရိပ်လို လွှမ်းထားတော့ ဣန္ဒြေသိက္ခာပိုင်းမှာ ပြောစရာလုံးဝမရှိဘူး"

"နေပါအုန်း လွင်မောင်။ မင်းဘာတွေ လျှောက် လုပ်နေတာလဲ"

"အာ··· မသိဘူးလား"





"မသိလို့ မေးနေတာပေါ့ကွ"

"မင်းအတွက် မိန်းမရှာပေးနေတာလေ။ ငါ့ သူငယ်ချင်းရဲ့ဘဝမှာ မပြည့်စုံတာတစ်ခုပဲရှိတယ်"

"ခက်လိုက်တာ လွင်မောင်ရာ၊ မင်းခေါ်လာတဲ့ ယမင်းခင်ခင်ကို ငါစိတ်မဝင်စားပါဘူး"

"စိတ်မဝင်စားဘူး ဟုတ်လား"

သူခေါင်းကို ခပ်သွက်သွက် ညိတ်ပြရ၏။

"အင်း··· ဒါကိုတော့ လက်ခံနိုင်ပါတယ်။ မိန်းကလေး တစ်ယောက် ဘယ်လောက်ပဲချောချော ဘယ်လောက် အကျင့်သိက္ခာတွေကောင်းကောင်း မင်းစိတ်ဝင်စားမှ ဖြစ်တာ"

စားပွဲပေါ်မှ စီးကရက်ဘူးကို ဆွဲယူပြီး တစ်လိပ် ထုတ်ယူမီးညှိသည်။ သည်လိုကျတော့ လွင်မောင်က အေး အေးဆေးဆေး။ ယမင်းခင်ခင်အကြောင်းကိုလည်း ဘာမှ မပြောတော့ချေ။

သို့သော်လည်း နောက်တစ်နေ့မှာ···

✿ ✿ ✿

## (သုံး)

မနေ့ဟုန်းကလိုပဲ ဖုန်းအရင်ရောက်လာပြီးမှ လွင်မောင် ရောက်ချလာ၏။

ရောက်လာတာက တစ်ယောက်တည်းမဟုတ်။ လွင်မောင်နံဘေးမှာ အမျိုးသမီးခပ်ချောချောတစ်ယောက် ပါလာသည်။

သူ အံ့ဩသလို ကြည့်နေတုန်းမှာ…

''မိတ်ဆက်ပေးရအုန်းမယ် သူငယ်ချင်း။ သူ့နာမည်က ခင်မေသော်တဲ့။ ငါ့အရင်းနှီးဆုံး မိတ်ဆွေတစ်ယောက်ဆိုတာကိုတော့ မင်းနားလည်ပေးထားပေါ့ သူငယ်ချင်းရာ''

သူက အမျိုးသမီးမျက်နှာကို ပြူးကြောင်ကြောင်နှင့် ကြည့်တော့ ခင်မေသော်ဆိုသည့် ငတိမက ခပ်လှဲ့လှဲ့ကလေး ပြုံးပါ၏။





ပြုံးရင်းနှင့်…

''ကိုလွင်မောင်က ကိုမင်းသူအကြောင်းကို တစ်လမ်းလုံးပြောလာတာ။ ခင်မင်ဖို့၊ ရင်းရင်းနှီးနှီး နေဖို့ကောင်းတဲ့ လူတစ်ယောက်ဆိုတာပေါ့လေ။ သည်နေတော့ တိုက်တိုက်ဆိုင်ဆိုင် ဆုံတွေ့ကြရတာ အရမ်းဝမ်းသာဖို့ ကောင်းတာပဲ''

''ဟုတ်ကဲ့ ခင်ဗျ''

''တရုတ်စကားပုံတစ်ခုကို ကိုမင်းသူကြားဖူးမလား မသိဘူး။ သင့်မှာ မိတ်ဆွေငါးဆယ်ရှိပါသလား။ နည်းလွန်းလှပါသည်။ သင့်မှာ ရန်သူတစ်ယောက်ရှိပါသလား။ များလွန်းလှပါသည်ဆိုတဲ့ စကားပုံကိုလေ''

''ကြားဖူးပါတယ်''

''ဒါဆို မိတ်ဆွေတစ်ယောက်တိုးလာတာ မေသော့် အတွက်ကော၊ ကိုမင်းသူအတွက်ကော မင်္ဂလာပေါ့နော်''

သူက ခေါင်းကိုခပ်သွက်သွက်ညိတ်ပြသည်။ သည့်နောက် အအေးနှင့်ဧည့်ခံပြီး ဖက်ရှင်ရှော့ဖ်တစ်ခုလုံးသို့ လွင်မောင်မျက်နှာနှင့် သူကလိုက်ပြသည်။

''နိုင်ငံခြားပစ္စည်းတွေချည်းပဲနော်။ အဝတ်အထည်

တွေကလည်း အရမ်းစိတ်ဝင်စားဖို့ကောင်းတာပဲ။ တန်ဖိုးကို ဘတ်နဲ့ရေးထားတယ်နော်"

"ဘတ်နဲ့ရေးထားပေမယ့် ကျပ်ငွေနဲ့တွက်ယူတာပါ။ ကောင်တာအရောင်းဝန်ထမ်းတွေက တွက်ပေးပါတယ်"

ဆိုင်အကျယ်အဝန်းကို ခင်မေသော်က တအံ့တသြ။ "ဒီကောင်က ဆိုင်ခွဲတွေအများကြီး ထားသေးတာ" ဆိုသည့် - စကားကို လွင်မောင်က စိတ်လိုလက်ရ ဝင်ပြော၏။

ကျေနပ်လောက်စွာ လျှောက်ကြည့်ပြီး လွင်မောင်နှင့် ခင်မေသော် သူ့ကိုနှုတ်ဆက်ပြီး ပြန်သွားကြသည်။

သူရုံးခန်းမှာ ပြန်ထိုင်ပြီး မိနစ်နှစ်ဆယ်ဝန်းကျင်လောက်မှာ လွင်မောင်ထံက ဖုန်းရောက်လာ၏။

"ဘယ်လိုလဲ သူငယ်ချင်း"

"ဘာကို ဘယ်လိုလဲတာလဲ"

"မင်းစိတ်မဝင်စားဘူးလား"

"ဘယ်သူ့ကိုလဲ"

"ခင်မေသော်ကိုလေ"

"ဟာ… ငါက ဘာလို့ သူ့ကို စိတ်ဝင်စားရမှာလဲ"





"ဟာကွာ… မင်းကလဲ"

"ဟေ့ကောင်… မင်းဘယ်လိုဖြစ်နေတာလဲ လွင်မောင်"

"ခင်မေသော်မှာ ဘာမှအပြစ်ဆိုစရာမရှိဘူးကွာ၊ ရုပ်ကလေးက ဘယ်လောက်လှလဲ။ မင်းလောက်မချမ်းသာပေမယ့် မင်းလောက်မချမ်းသာပေမယ့် မင်းလောက်နီးပါး သူ့မိဘတွေက ချမ်းသာတယ်"

"အဲဒါ ငါနဲ့ဘာဆိုင်လို့လဲကွ"

"ပြောရတာ လက်ဝင်လိုက်တာ မင်းသူရာ။ ငါက မင်းအတွက် ဖူးစာရေးနတ် လုပ်ပေးနေတာကွ။ မင်းဘဝကို သားတွေသမီးတွေနဲ့ မြင်ချင်လှပြီ"

"မင်းဘာတွေ လျှောက်လုပ်နေတာလဲ လွင်မောင်ရာ။ မင်းက ငါ့ကို မိန်းမရစေချင်ပေမယ့် ငါကမှ မိန်းမ မလိုချင်တာ။ နောက်ပြီး မင်းပဲပြောပြောနေတာလေ။ အချစ်ဆိုတာ ဖန်တီးယူလို့မရဘူးဆို။ နောက်ဆို ငါ့ဆီကို ကောင်မလေးတွေ ခေါ်ခေါ်မလာစမ်းပါနဲ့ လွင်မောင်ရာ။ ငါက စီးပွားရေးလုပ်ငန်းကလွဲလို့ ဘာကိုမှ စိတ်မဝင်စားဘူးဆိုတာ မင်းသိရက်သားနဲ့"

"မဟုတ်ဘူးလေကွာ"

"ငါ့အတွက် စိတ်လျှော့လိုက်စမ်းပါ သူငယ်ချင်းရာ။ မင်းအတွက်သာ ကြိုးစားပါ"

"ငါက လူပျိုကြီးလုပ်မဲ့ကောင်ကွ"

"ငါကတော့ မင်းလို လူပျိုကြီးမလုပ်နိုင်ဘူး"

"ဒါဆို ငါမိတ်ဆက်ပေးတဲ့ နှစ်ယောက်ကို မင်းစိတ်ဝင်စားဖို့ကောင်းတယ်"

"နောက်မှ စိတ်ဝင်စားမယ် သူငယ်ချင်းရာ။ ကဲ… ငါဖုန်းချလိုက်တော့မယ်။ အပြင်ထွက်စရာရှိသေးတယ်"

ပြောပြီး သူကဖုန်းခွက်ကို အသာပြန်ချလိုက်သည်။

အပြင်ထွက်ခါနီးတွင် မန်နေဂျာအမျိုးသမီးကို မှာစရာရှိတာမှာသည်။ ပစ္စည်းများ ထပ်ရောက်လာမည်ဆိုသည့်စကားကို သူမက ပြောသည်။

"လက်ခံထားလိုက်လေ။ နက်ဖြန်ကျ ဈေးနှုန်းတွေ ပြင်ဆင်သင့်တာ ပြင်ဖို့ရှိတယ်"

"မနေ့က ရောင်းအားက ခါတိုင်းနေ့တွေထက် စံချိန်ချိုးတယ်ဆရာ"

"ဝမ်းသာစရာပေါ့ ရတနာ၊ သည်နှစ်တော့ ဝန်ထမ်းတွေကို ထိုက်ထိုက်တန်တန် ချီးမြှင့်ရလိမ့်မယ်"





"အားလုံး အလုပ်ကို ကြိုးစားကြပါတယ်"

ရတနာသည် ဖက်ရှင်ရှော့ပ်၏ အရေးပါသော အခန်းကဏ္ဍမှာတည်ရှိနေသူ။ ပေးအပ်ထားသည့် အုပ်ချုပ်ရေးတာဝန်နှင့် လိုက်လျောညီထွေစွာ ဝန်ထမ်းနှင့်အလုပ်သမားများကို နိုင်နင်းစွာ အုပ်ချုပ်နိုင်သူလည်းဖြစ်သည်။ ပြီးသူမ၏ လက်ထောက်နှစ်ယောက်ကိုလည်း ပုံစံသွင်းထားနိုင်ပါ၏။

နောက်ပြီး…

ရတနာသည် သူ့အတွက် အစစအရာရာ ယုံကြည်စိတ်ချရသူလည်းဖြစ်သည်။ ဖက်ရှင်ရှော့ပ်ကို သူမျက်နှာလွှဲလို့ရလောက်အောင် သစ္စာတရားကြီးသူဖြစ်သည်။

ဆိုင်ကထွက်ခဲ့ပြီး ကားဆီရောက်သည်ထိ ရတနာ့အကြောင်းကပ်ပါလာ၏။ သို့သော်လည်း ထူးထူးခြားခြားစဉ်းစားစရာအကြောင်း သူ့မှာမရှိပါ။

✿ ✿ ✿

## (လေး)

သူ့စကားများကို နားထောင်ရင်း ရတနာ တအံ့တသြ ဖြစ်နေ၏။ သူပြုံးနေသည်ကိုကြည့်ပြီး ရတနာက မျက်လုံး ဝိုင်းကလေးနှင့်…

"ရတနာတော့ ဘယ်လိုမှ နားမလည်နိုင်တော့ဘူး ဆရာ။ အကျိုးအကြောင်းကို မေးချင်ပေမယ့် ရတနာမှာ မေးနိုင်ခွင့်မရှိပါဘူး"

"ထူးထူးခြားခြားကိစ္စရပ်မဟုတ်ဘူးဆိုတာပဲ ရတနာ နားလည်ထားလိုက်ပါ။ ကိုယ်လိုချင်တာက အိန္ဒိယအနွယ်ဖွား ဖြစ်တာတောင်မှ အသားက မဲ တာထက်ကို ပိုမဲနေရမယ်။ အဲသလို အသိအကျွမ်း ရတနာမှာ ရှိမလား မသိဘူး"

"ရှိတယ် ဆရာ။ ဗလီနားက ဘယာကြော်





ရောင်းတဲ့ ကုလားမလေး။ အသားက ဘာမဲသလဲ မမေးနဲ့"

"ခေါ်ပေးပါလား"

"ရပါတယ် ဆရာရဲ့"

"ကိုယ်က ထိုက်သင့်သလောက် ဘောက်ဆူး ချီးမြှင့်မှာပါ။ ကိုယ်နဲ့ အဲဒီကုလားမလေးနဲ့ ဆယ့် ငါးမိနစ်လောက် စကားကို ကြိုကြိုတင်တင်ပြော ထားဖို့လည်းလိုတယ် ရတနာ"

အကြောင်းအရာကို ရတနာ ဘာမှမသိ။

ထံပါးမှ ထွက်သွားပြီး မကြာမီ ရတနာပြန်ရောက်လာ သည်။ ရတနာနှင့်အတူ စံတင်လောက်အောင် အသားမဲသည့် ကုလားမလေးလည်း ပါလာ၏။

"သူ့နာမည်က ဂျမီလာခါခါတွန် ဆရာ"

ခါခါတွန်ဆိုသဖြင့် တစ်ခြံကျော်မှ ဦးဒေဝမွေးထား သည့် စစ်တကောင်းကြက်ဖကြီးကို ပြေးပြီးသတိရ၏။ တွန် သံမှန်လွန်းသဖြင့် သူ့အိပ်ရာက လန့်နိုးခဲ့ပေါင်းများပြီ။

"ဂျမီလာက ဆရာကို ကူညီပါ့မယ်လို့ ပြောတယ်"

"ကျေးဇူးပဲ ရတနာ"

ရတနာရုံးခန်းထဲက ထွက်သွားတော့ ကောင်မလေးက ရှုံ့ကြောက်ကြောက်ပုံစံ ဖြစ်နေသေး၏။

"ဂျမီလာ ဘာမှမကြောက်နဲ့နော်။ အစ်ကိုညှော့သည် လာရင် ဂျမီလာက အစ်ကိုသင်ထားတဲ့ စကားသုံးလေးခွန်းကို မျက်နှာပြုံးပြုံးကလေးထားပြီး ပြောရုံပဲ။ အဲဒီအတွက် အစ်ကိုက ဂျမီလာကို မုန့်ဖိုးသုံးထောင်ပေးမှာ။ ဘာမှမကြာဘူး။ အလွန်ဆုံးကြာ ဆယ့်ငါးမိနစ်လောက်ပဲ"

မုန့်ဖိုးသုံးထောင်ရမည်ဆိုသဖြင့် ဂျမီလာ ပျော်နေပုံရ၏။ သည်နောက် သူက ဂျမီလာကို မျက်နှာပေးအမူရာနှင့် ပြောရန် စကားသင်ပေးသည်။

"ဒါပဲလား အာကို"

"အေး… အဲသလောက်ပါပဲ ဂျမီလာ"

"အလွယ်ကလေး အာကိုရာ၊ ဂျမီလာကို မုန့်ဖိုး သုံးထောင်မပေးပါနဲ့ များလွန်းပါတယ်။ တစ်ထောင် ပဲပေးပါ"

"ယူပါကွာ… အစ်ကို့စေတနာလို့ပဲ နားလည် လိုက်ပါ"

အတွေးနှင့် ရယ်ချင်ရင်း သူက ဖုန်းခွက်ကို မယူ၍ ဂဏန်းကွက်လေးများကို လက်ညှိုးနှင့် လိုက်နှိပ်၏။

"ဟဲလို…. လွင်မောင်ရှိပါသလား"

"ဟော့ကောင်… ငါလွင်မောင်ပါကွ"

လွင်မောင်နှင့် တန်းတိုးသည်။





ခါတိုင်း သူ့စာရေးမလေးများက ခဏကိုင်ထားပါဦး နော်ဟုဆိုပြီး လွင်မောင်ကို ခေါ်ခေါ်ပေးရ၏။

"ငါက မင်းရှိမှ ရှိပါ့မလားလို့"

"မရှိလည်း ဟမ်းဖုန်းကို ဆက်လိုက်ပေါ့ကွ"

"သိပါတယ်၊ ဒီမယ် လွင်မောင်"

"ပြော သူငယ်ချင်း"

"မင်း ငါ့ရုံးခန်းကို ခုလာခဲ့ပါ"

"ကိစ္စရှိလို့လား"

"ကိစ္စက ငါ့အတွက်မဟုတ်ဘူး။ မင်းအတွက် ပါ"

တစ်ဖက်မှ စကားသံတိတ်သွား၏။

အကြောင်းရာတစ်ခုကို လွင်မောင်စဉ်းစားနေဟန် တူသည်။

ခဏကြာတော့မှ…

"အေးလေ ငါ အခုလာခဲ့မယ်"

ဖုန်းခွက်ကို ချသွားသည်။

သူက ဖုန်းခွက်ကို ကိုင်ထားရင်း ပြုံးတော့ ဂျမီလာ က…

"အာကိုတို့ သူဌေးတွေကလည်း ကြံကြံဖန်ဖန်ကို နောက်တတ်ကြတာပဲ"

"ဒီကောင် အစ်ကို့ကို ဒုက္ခပေးတာများလွန်းလို့ တစ်သက်စာ မေ့မရနိုင်တဲ့ အကြောင်းရာကို ပေးလိုက်မှာ ဂျမီလာ"

ဆယ့်ငါးမိနစ် စွန်းစွန်းလောက်မှာ လွင်မောင်ရောက်လာ၏။ သူ့ရှေ့မှာ ထိုင်နေသည့် ဂျမီလာကိုမြင်သောအခါ လွင်မောင် နှာခေါင်းရှုံ့သွားသည်။

"ထိုင်သူငယ်ချင်း"

"ဘာတွေများ အရေးကြီးနေတာလဲ။ ငါ့ကုမ္ပဏီမှာ သန့်ရှင်းရေးအလုပ်သမား မလိုဘူးနော်"

ဂျမီလာကို စောင်းငဲ့ကြည့်ပြီး လွင်မောင်က ပြောသည်။

"မင်း ကုမ္ပဏီနဲ့ ဘာမှမပတ်သက်ပါဘူးလွင်မောင်၊ မင်းနဲ့ ပတ်သက်နေလို့ပါ"

"ငါနဲ့ ပတ်သက်နေတယ် ဟုတ်လား။ ဘာလဲ ပစ္စည်းတွေ မင်းဆီမှားပြီး ရောက်လာလို့လား"

"နိုး… နိုး… လုံးဝ မဟုတ်ဘူး။ ခုကိစ္စက မင်းနဲ့ မိတ်ဆက်ပေးဖို့အတွက် မင်းကို တကူးတက ဖုန်းဆက်ခေါ်ရတာ"

"ဘယ်သူနဲ့ မိတ်ဆက်ပေးမှာလဲ"





လွင်မောင်ကို ကြည့်ပြီး သူက နှစ်နှစ်ခြိုက်ခြိုက်ကြီးပြုံး၏။

"တခြားသူမဟုတ်ဘူး။ မင်းကို ဒီက ညီမနဲ့ မိတ်ဆက်ပေးမှာ"

သူ့စကားကို လွင်မောင်မျက်မှောင်ကြုံ့သွားသည်။

"သူကလေးရဲ့နာမည်က ဂျမီလာ ခါခါတွန်တဲ့၊ မင်းဘဝရှေ့ရေးအတွက် ငါစစ်စစ်ပေါက်ပေါက် အပင်ပန်းခံပြီး ရှာဖွေထားရတာ လွင်မောင်"

"ဟေ့ကောင် မင်းသူ၊ မင်းဘာတွေ လျှောက်ပြောနေတာလဲ"

"စိတ်ကူး မလွဲနဲ့ သူငယ်ချင်း။ ဂျမီလာမှာ ဘဝကို ရဲရဲဝံ့ဝံ့ ရင်ဆိုင်ဝံ့တဲ့သတ္တိတွေရှိတယ်။ မင်းဘဝအတွက် လုံးဝအထောက်အကူဖြစ်မယ်လို့ ငါ ယုံကြည်ထားတယ်"

"ဟုတ်ပါတယ် အာကိုလွင်မောင်"

"နင်က ဘာဟုတ်ပါတယ်လဲ"

"နင်ဆိုတဲ့ အသုံးနှုန်းကြီးက ရင့်သီးလွန်းပါတယ် အာကိုလွင်မောင်ရယ်။ ညီမကို ဂျမီလာ ဒါမှမဟုတ် ခါခါတွန်လေးလို့ ခေါ်ရင်ရပါတယ်"

"သွားစမ်းပါ။ နင့်ဘာသာနင် ခါခါတွန်တာ

ဒိုကားဟာနံသစ်စာပေ

အားမရလို့ အခါတစ်ရာပဲ တွန်တွန် ငါနဲ့ ဘာမှ မဆိုင်ဘူး"

"ရက်စက်လိုက်တာ ရှင်"

"အံမာ... ငါထလုပ်ရရင်တော့ မကောင်းတော့ဘူး။ ဒီမယ်... မင်းသူ မင်းငါ့ကို အရေးတကြီး ခေါ်တာ အရှက်ခွဲဖို့လားကွ"

"ဟာ... အဲသလိုမထင်ပါနဲ့ သူငယ်ချင်းရာ။ ငါက ငါ့သူငယ်ချင်းဘဝ အဖော်မဲ့၊ ကြင်ရာမဲ့ဖြစ်နေတာကို စိတ်ဆင်းရဲလွန်းလို့ပါ"

"မင်းလွန်လာပြီနော်။ ငါ မင်းကို ဆွဲထိုးမိတော့မယ်။ မင်းဂျုလေဘီမကို အခန်းထဲက မြန်မြန်ထွက်သွားခိုင်း"

သူက ဂျမီလာကို မျက်ရိပ်ပြလိုက်သည်။

ဂျမီလာက စိတ်မသက်မသာဟန်ဖြင့် ထိုင်ရာမှ ထလိုက်ပြီး...

"မနှင်ပါနဲ့ အာကိုလွင်မောင်ရယ်။ မကြည့်ချင်လောက်အောင်ဖြစ်နေရင်လည်း ဂျမီလာ သွားပါ့မယ်။ ဒါပေမယ့် အာကိုလွင်မောင် စဉ်းစားပါနော်။ အာကိုလွင်မောင် အဖြေကို ဗလီနားမှာ ဘယာကြော်ရောင်းရင်း ဂျမီလာ စောင့်မျှော်နေပါ့မယ်"





မျက်နှာကို ငယ်ငယ်လေးပြုပြီး ဂျမီလာရုံးခန်းထဲက ထွက်သွားသည်။ လွင်မောင်၏ 'တက်' ခေါက်သံပြင်းပြင်း ထွက်လာ၏။

"ဘာဖြစ်တာလဲ"

"မင်းကို ဒေါသဖြစ်နေတာကွ"

"စိတ်ဖြေပါ သူငယ်ချင်းရာ။ ငါမှားတယ်ဆိုရင်လည်း စေတနာ အမှားပါကွာ"

"တော်စမ်းပါကွာ။ ဒီလောက်အသားမဲတဲ့ ကုလားမ မင်းဘယ်ကများ ရှာထားတာလဲ။ ဘယာကြော်နံ့၊ ညှော်နံ့ကလည်း အော်ဂလီဆန်ပါ့ကွာ"

သူက တဟားဟားနှင့် ရယ်သည်။

သူရယ်နိုင်သလောက် လွင်မောင့်မျက်နှာက ပုပ်သိုးနေ၏။

"နောက်... မင်း ငါ့ကို အဲသလိုမျိုး လာ မနောက်နဲ့။ မင်းဆိုင်က စာရေးမတွေသိရင် ငါ လူပေါကြီးလုံးလုံးဖြစ် မသွားဘူးလား။ ကံဆိုးရင် မယားတရူးကြီးလို့တောင် ထင်သွားနိုင်တယ်"

"ဘယ်သူမှ မသိဘူး"

"မင်း မန်နေဂျာ ရတနာကတော့ သိမှာပေါ့ကွ"

"သူလည်း ရေရေရာရာ သိမှာမဟုတ်ဘူး"

လွင်မောင်က ကျောင်းသားဘဝကလို သူ့ကို အသံမဲ့ ဆဲသည်။ ထိုသည့်နေ့ကစပြီး လွင်မောင် သည် သူ့ကို ဘယ်အမျိုးသမီးနှင့်မှ မိတ်ဆက် ပေးခြင်းအလုပ်ကို မပြုလုပ်တော့ချေ။

✿ ✿ ✿





(ငါး)

အုံ့ညလောက်စွာပင် အချစ်အကြောင်းကို လွင်မောင် ပြောဆိုခြင်းမရှိတော့။ သို့သော်လည်း သူက အချစ်အကြောင်း ကို ပြောချင်နေသည်။ ပြောချင်သည့်အကြောင်းရာက အချစ် ကို စိတ်ဝင်စားမှုနှင့်တော့ ပတ်သက်ခြင်းမရှိ။

"တို့နှစ်ယောက်သောက်တာ ပုလင်းတစ်ဝက် ကျိုးတော့မယ်။ ဒါပေမယ့် ခါတိုင်းလို အချစ်နဲ့ ပတ်သက်တဲ့အကြောင်း မင်းငါ့ကို ဘာမှမပြော သေးဘူး လွင်မောင်"

"ပြောဖို့လိုတော့လို့လား။ မင်းက အချစ်ကို ဝီစကီ တစ်ခွက်လောက်တောင် တန်ဖိုးထားတဲ့ ကောင်မှ မဟုတ်တာ"

"အဲဒါကို သိရက်သားနဲ့ အလုပ်ရှုပ်ခံပြီး ငါ့ကို ယမင်းခင်ခင်တို့၊ ခင်မေသော်တို့နဲ့များ မိတ်ဆက်

ပေးနေရသေးလားကွာ''

ပြောပြီး သူက ဝီစကီကို မျှင်းသောက်သည်။ အလုပ်နားရက် တနင်္ဂနွေ၏ ညနေအေးကိုတော့ သူနှင့်လွင်မောင် ပိုင်ဆိုင်ထားပါ၏။ သည်ပိုင်ဆိုင်မှုအပေါ်မှာ သူတို့နှစ်ယောက် အရက်ကိုလည်း ကြာကြာသောက်ဖြစ်ကြသည်။

''ငါက မင်းဘဝကို မိန်းမလှလေးတွေနဲ့ စိုစို ပြည်ပြည် ရှိစေချင်တာ''

''ငါ့အတွက်များ စိတ်အပင်ပန်းခံလို့ လွင်မောင်ရာ။ အလှအပကို ခံစားချင်ရင် အပြင်လောကကြီးမှာ ထွက်ရှာစရာ မလိုပါဘူး။ ငါ့ပတ်ဝန်းကျင်မှာ အများကြီးပဲဟာ။ မင်းမို့မနေနိုင်မထိုင်နိုင် မျက်နှာ အပူခံတယ်''

လွင်မောင်က ငြိမ်သက်စွာဖြင့် သူ့စကားကို နားစိုက်ထား၏။

''ငါ့ကုမ္ပဏီမှာ၊ ငါ့အရောင်းဆိုင်မှာ ခန့်ထားတဲ့ ဝန်ထမ်းကောင်မလေးတွေက အားလုံးဘွဲ့ရ ပညာတတ်တွေချည်းပဲ လွင်မောင်။ ရုပ်ရည်သန့်ပြန့်မှု ဆိုတာလည်း အထူးပြောနေစရာမလိုဘူး။ ဝန်ထမ်းကောင်မလေးတွေ အယောက်နှစ်ဆယ်လောက်ကို ရှိတာ။ အလှအပကို စိတ်ဝင်စားတတ်ရင် ငါ့





ကုမ္ပဏီ၊ ငါ့ဖက်ရှင်ရှော့ပ်မှာ လိပ်ပြာတစ်ကောင်လို ငါဝဲပျံနေလို့ရပါတယ်''

''မင်းရဲ့ ညံ့ဖျင်းမှုကို ထည့်ပြောအုန်း''

''ဘာလဲ မချစ်တတ်တာကိုလား''

လွင်မောင်က သူ့ဖန်ခွက်ထဲသို့ ဝီစကီဖြည့်ပေးရင်း ပြုံးသည်။

''မချစ်တတ်တာ မဟုတ်ဘူး လွင်မောင်။ မချစ်ချင်တာ။ နောက်ပြီး ဝန်ထမ်းတွေနဲ့ ငါ့ကြားမှာ ထားထားတဲ့ စည်းတစ်ခုကိုလည်း မကျိုးပေါက်အောင် ငါထိန်းသိမ်းတယ်။ သမာဓိပေါ့ကွာ''

သီးသန့်ခန်းဖြစ်သဖြင့် စကားကို လွတ်လွတ်လပ်လပ် ပြောဖြစ်ကြသည်။ ဖွင့်ထားသည့် ပြတင်းပေါက်မှ အပြင်လောက ည၏ အလှကိုလည်း ခံစားလို့ရ၏။

''ငါ့အသည်းနှလုံးမှာ ခံစားမှုဖြစ်ပေါ်ရင်တောင် ငါ့ ဝန်ထမ်းကောင်မလေးတွေနဲ့ မပတ်သက်စေရဘူး။ သူတို့တွေရဲ့ ငါ့ကိုမှီခိုအားထားမှုဟာ အစဉ်ထာဝရ သန့်ရှင်းနေရမယ်''

''မဆိုင်ဘူး''

''ဘာကို မဆိုင်တာလဲ''

''ဖူးစာဆိုတာကို မင်းလက်ခံသလား''

သူအသာငြိမ်နေလိုက်သည်။

တကယ်တန်းကျ အချစ်နှင့်ပတ်သက်သော အကြောင်းရာများကို သူလွင်မောင်လောက် မဖြေတတ်။

"မင်းမှာ ဝန်ထမ်းကောင်မလေးတွေ အယောက်နှစ်ဆယ်လောက်ရှိတယ်။ အဲဒီအယောက်နှစ်ဆယ်ထဲက တစ်ယောက်ယောက်နဲ့ ဖူးစာမပါနိုင်ဘူးလား"

"ဖူးစာဆိုတာ ချစ်ခြင်းနဲ့ စိတ်ဝင်စားမှုမှာ အခြေခံပါတယ် လွင်မောင်ရာ။ ငါက သူတို့လေးတွေကို အချစ်နဲ့ ပတ်သက်ပြီး စိတ်ဝင်စားမှုမရှိဘူး။ ဒီတော့ ဖူးစာဆိုတာလည်း ပါလာစရာအကြောင်းရှိမှာ မဟုတ်ဘူး"

သူ့စကားကို လွင်မောင်က ခေါင်းတရမ်းရမ်းပြုလုပ်သည်။

"ဖူးစာပါချင်လာရင်တောင် ငါ့စိတ်ကို နိုင်နိုင်နင်းနင်း ချုပ်ထိန်းမယ်"

"ဘာဖြစ်လို့လဲ"

"ဘဝမလုလို့ ဝမ်းစာလာရှာကြရတာ။ သူတို့တွေက တို့လုပ်ငန်းရှင်တွေရဲ့ အစာမှုမဟုတ်တာ"

"ကဲ... မင်းနဲ့ငါ ဝီစကီအရသာကို တသိမ့်သိမ့်





လေးခံစားကြမယ် မင်းသူ။ ဒီအကြောင်းတရားတွေပြောရင် မင်းနဲ့ငါ ဘယ်တော့မှ သဘောထားကိုက်ညီမှာ မဟုတ်ဘူး"

"မင်းသတိတော့ရသင့်တယ် လွင်မောင်"

"ဘယ်သူ့ကိုလဲ"

"ဂျမီလာခါခါတွန်ကိုလေ"

"တော်တော့ ဟော့ကောင် တွေးမိရင်များတောင်ဖျား ချင်တယ်။ ငါ မင်းရုံးခန်းထဲက ထွက်လာတော့ ရတနာက ကိုလွင်မောင်နဲ့ ဂျမီလာ အလုပ်ကိစ္စတွေ ဆွေးနွေးနေတာလားတဲ့။ ငါတော့ လဲပြီးတော[illegible] သေချင်တယ်"

ပြောပြီး လွင်မောင်က ရယ်၏။

"ကြံကြံဖန်ဖန်ကို နောက်တဲ့ကောင်ကွာ"

သည့်နောက် ရယ်စရာတွေကို ရှာကြံပြော[illegible] သူနှင့်လွင်မောင်က လုပ်ငန်းချင်းဆက်နွယ်မှုရှိသော်လည်း အရက်သောက်ရင်း စီးပွားရေးအကြောင်း မပြောကြေးဆိုသည့် ကတိရှိသည်။ စီးပွားရေးနှင့် ပတ်သက်၍လည်း အရက်ဝိုင်းမှာ ဆုံးဖြတ်ခြင်းကို သူတို့ဘယ်တော့မှ မပြု။

လွင်မောင်ကိုကြည့်ပြီး သူရယ်ချင်တာတစ်ခုတော့ ရှိသည်။ ငါက လူပျိုကြီးလုပ်ဖို့ ဆုံးဖြတ်ထားတာ[illegible]ဆိုပြီး

အချစ်အကြောင်းကို မြိန်ရေရှက်ရေ ပြောတတ်ခြင်းကိုပင်။

ရှိသေးသည်က…

သူများ၏ ချစ်မှုရေးရာကိစ္စများတွင်လည်း လွင်မောင်သည် အထူးတလည် စိတ်ဝင်စားမှုရှိတတ်ခြင်းပင် ဖြစ်သည်။

အချိန်ကလေး ရင့်လာသောအခါ သူက လက်မှနာရီကို ကြည့်၏။

"အိမ်မှာ မင်းကို မျှော်မယ့်လူရှိလို့လား"

"ကြီးဘွားလုံက ငါပြန်မရောက်မချင်း စိတ်ပူနေတတ်တာ။ နောက်ပြီး ကိုဘိုးမှီကလည်း ညဘက်ငါပြန်မလာမချင်း ခြံဝင်းတံခါးနားမှာ ခြင်ကိုက်ခံပြီး ရပ်စောင့်နေတာ"

"မင်းက သူတို့ကို စောင့်နေရမယ်လို့ ပြောထားလို့လား"

"မပြောပါဘူး။ ညကိုးနာရီကျော်တာနဲ့ သူတို့ဘာသာသူတို့ စောင့်ကြတာ"

"အင်း… မင်းအပေါ် အတော်သစ္စာရှိကြတာပဲ"

"အမှန်ပဲ လွင်မောင်၊ သူတို့တွေဟာ ငါ့ဘဝရဲ့ အစိတ်အပိုင်းတစ်ခုပဲ"

လွင်မောင်က ဝီစကီကို လက်စသိမ်းသောက်ပြီး ဘီလ်ရှင်းရန် ဖန်ခွက်ကို တူကလေးနှင့် အသာခေါက်လိုက်





၏။ ဝိတ်တာအခန်းထဲသို့ ရောက်လာသည်။

ကျသင့်ငွေရှင်းပြီး ဟိုတယ်ကထွက်တော့ ညကသိပ်သည်းကျစ်လစ်စပြုနေပြီ။

ကားဆီသို့ လျှောက်ခဲ့တော့ လွင်မောင်က အနားကပ်လာပြီး…

"ဖြစ်တယ်နော်"

"ဘာကိုလဲ"

"မင်းသောက်တာ များသွားသလားလို့"

"ပုံမှန်ပဲဟာ"

"ဒါဖြင့် ငါသွားတော့မယ် ဂွတ်နိုက်"

သူခေါင်းညိတ်ပြတော့ လွင်မောင်က ကားတံခါးဖွင့်ပြီး ကားကို ခပ်ကြမ်းကြမ်းမောင်းထွက်သွား၏။

သူပင့်သက်ကို ဖွဖွချရင်း သူ့ကားပေါ်တက်လိုက်သည်။ ဒက်ချ်ဘုတ်ပေါ်မှ စီးကရက်ဘူးကို လှမ်းယူပြီး တစ်လိပ်ထုတ်ယူမီးညှိလိုက်၏။

ပြီးခြံထဲမှ ကားကိုဖြည်းဖြည်းမှန်မှန် မောင်းထွက်ခဲ့သည်။

ညက မိုးအချုပ်ကြီး မဟုတ်သေးသော်လည်း လမ်းမှာကားအသွားအလာရှင်းသည်။

ညလေအေးကို ခံစားရင်း….

မိုးကောင်းကင်မှ ကြယ်ပွင့်လေးများကို မှန်ထဲ ကြည့်ရင်း…

စီးကာရက်တစ်ရှိုက်မှာ ဆိတ်ငြိမ်ရပ်ကွက်ခုၡ၏ လမ်းကျယ်မှ လမ်းမကြီးသို့အထွက်…

"ဟာ…"

"ကျွီ"

× × ×

မိမိဘက်က ဘယ်လိုမှ အမှားအယွင်းမရှိ။

သူမ၏ ခန္ဓာကိုယ်သည် ကားနှင့်ဝင်ရောက် ထိခိုက်မိခြင်းမရှိသော်လည်း သူမ၏ကြောက်လန့်တကြားနောက်သို့ ရှောင်တိမ်းမှုကြောင့် အလဲလဲအပြိုပြိုဖြစ်သွားသည့်မြင်ကွင်းကို သူစိုးရိမ်တကြီး မြင်လိုက်မိပါ၏။

ကားတံခါးကိုဖွင့်ပြီး ကားပေါ်မှ ခပ်သွက်သွက်ကလေးဆင်းသည်။ မြက်ခင်းစပ်မှာ သူမသည် ခွေခွေကလေး လဲနေပါ၏။

ထူပွေ့ရင်း မျက်နှာကို စေ့စေ့ကြည့်သည်။

"ဒုက္ခပါပဲ။ သတိကလေးတောင် တစ်ချက်မရဘူး။ ပလက်ဖောင်းနဲ့ နောက်စီများ ရိုက်မိသွားသလား။ ဒါလည်း မဖြစ်နိုင်ဘူး။ သူမြက်ခင်းပေါ် ညင်ညင်သာသာလဲကျသွားတာ ငါမြင်တာပဲ"



ဒဏ်ရာကိုရှာသော်လည်း မျက်နှာနှင့်ခေါင်းမှာ သွေးစသွေးနတစ်စက်မျှပင် မရှိ။

"အကြောက်လွန်ပြီး သတိမေ့သွားတာပဲ"

သူ ချွေးပြန်ချင်လာ၏။

ဆိတ်ငြိမ်ရပ်ကွက်ကို ဖြတ်မောင်းလာသဖြင့် လူသူကလည်း ကင်းရှင်းသည်။ ကားတစ်စီးတလေပင် ဖြတ်သန်းဖြတ်လာခြင်းမရှိ။

"အင်း… ငါဆုံးဖြတ်ချက်တစ်ခုကို ချရတော့မယ်။ လမ်းပေါ်မှာ သည်အနေထားက မြင်မကောင်းတဲ့ကိစ္စပဲ"

ဆုံးဖြတ်ချက်နှင့်အတူ အမျိုးသမီးငယ်ကို ပွေ့မပြီး ကားပေါ်တင်သည်။ စိတ်ကိုအတည်ငြိမ်ဆုံးထားပြီး သူကားကို မောင်းထွက်ခဲ့၏။

ညအရေးမှာ လကွေးကွေးလေးကို မြင်ရ၏။

ကားနောက်ခန်းမှာ ပက်လက်ကလေးပါလာသည့် မိန်းမလှလေးကတော့ "မြပဒုမ္မာ" ခြံကြီးကို ရောက်သည်အထိ သတိပြန်လည်သက်ဝင်လာခြင်းမရှိသေးပါချေ။

× × ×

မြင်ကွင်းကိုကြည့်ပြီး ကြီးဖွားလုံက ရင်ဘတ်ကို လက်ကလေးနှင့် ဖိသည်။

"ကြီးဖွားလုံ့ ရင်ထိတ်လိုက်တာ သားရယ်"

"ရင်ထိတ်နေရုံနဲ့ ပြီးသွားမယ့်ကိစ္စမဟုတ်ဘူး ကြီးဖွားလုံ့။ သူ့သတိရဖို့က အရေးကြီးနေတယ်"

"ဆရာဝန်ခေါ်ပြရင် မကောင်းဘူးလားဟင်"

"ပြဿနာပါပဲ။ အဖြစ်အပျက်က တစ်မျိုးတစ်ဖုံ ဖြစ်နေတယ် ကြီးဖွားလုံ့။ အခြေအနေကို ကြီးဖွားလုံ့နားလည်သဘောပေါက်အောင် ကျွန်တော် ရှင်း မပြနိုင်သေးဘူး"

မြပဒုမ္မာခြံကြီးမှ လူသားအားလုံး စိုးရိမ်စိတ်တွေ ကြီးထွားနေကြ၏။ ကိုဘိုးမှီတို့ လင်မယားဆိုလျှင် ကားထဲမှ ပွဲ့မကတည်းက ခြေတွေလက်တွေ ကတုန်ကယင်ဖြစ်နေကြ၏။

•

သူမကတော့ လောကကြီးထဲမှာ ဘာတွေဖြစ်ပျက်နေသည်ကို သိမည်မဟုတ်။ ညှိခန်းရှိ နှစ်ယောက်ထိုင်ဆိုဖာ ဆက်တီကြီးပေါ်မှာ အရာအားလုံးကို မေ့ပျောက်တုန်းရှိသေး၏။

သူ ဟမ်းဖုန်းကိုအသုံးမပြုဘဲ ဖုန်းခွက်ရှိရာသို့ ထသွားပြီး ဂဏန်းကွက်လေးအနားသို့ လက်နှင့်နှိပ်သည်။

ဖုန်းခွက်ကို နားမှာကပ်တော့ သံရှည်မြည်သံကို ကြားရပြီး ဖုန်းခွက်ကောက်ကိုင်သံနှင့်အတူ ပြောပါဆိုသည့်



လွင်မောင်အသံကို ကြားရ၏။

"လွင်မောင်...ငါပါ။ မင်းသူပါ"

"ပြော သူငယ်ချင်း။ လတ်တလော ဘာကိစ္စများ ရှိလာလို့လဲ။ ငါ့ခုပဲ အိမ်ရောက်တာ"

"အကြောင်းအရာကတော့ ကိစ္စမဟုတ်ဘူး သူငယ်ချင်း။ ပြဿနာကွ။ ငါသတိနဲ့စိတ်ကို ထိန်းသိမ်းပေမယ့် ရင်တွေပူနေတယ်"

"ပြဿနာ ဟုတ်လား။ ရင်ထိတ်လိုက်တာကွာ။ မင်း ပြဿနာဆိုတာကို ငါ့ကို မြန်မြန်ပြောစမ်းပါ"

"ဖုန်းထဲကနေ ပြောလို့မဖြစ်ဘူး သူငယ်ချင်း။ မင်းအိမ်ကို ခုချက်ချင်းလာခဲ့မှ ဖြစ်မယ်"

"ကောင်းပြီ ငါ ခုလာခဲ့မယ်"

လွင်မောင်က ဖုန်းခွက်ကို အရင်ချသွား၏။ သူပင့်သက်ကို ခပ်ပြင်းပြင်းမှုတ်ထုတ်ပြီး ဖုန်းခွက်ကို အသာပြန်ချသည်။

ညှိခန်းမှာရှိသည့် လူတွေ၏ ငြိမ်သက်မှုက ကျောက်ရုပ်များလို ဖြစ်နေသည်။ အတန်ကြာမှ ကြီးဖွားလုံ့၏ အသံထွက်လာ၏။

"သမီးလေးက ချစ်စရာလေးကွယ့်။ သားလမ်းပေါ်က ကောက်ရခဲ့တာလား"

"ကြဲကြဲဖန်ဖန်ဗျာ သူ့ကိုလမ်းပေါ်က ကောက်ရရအောင် အရုပ်တစ်ရုပ်မှ မဟုတ်တာ"

ကိုဘိုးမှီမိန်းမ မခင်သီကလည်း-

"ဆရာ… သူသတိရအောင် ကျွန်မ သူ့ကို ယပ်ခပ် ပေးရမလားဟင်"

"တိုက်ထဲမှာ အဲယားကွန်းလွှတ်ထားတာ ယပ်ခပ်ပေးဖို့ လိုသေးလို့လားဗျ"

မျက်နှာသေလေးများနှင့် စကားသံများ တိတ်သွားသည်။ သူ မိန်းမလှလေး၏ မျက်နှာကို ခပ်စိုက်စိုက်ကြည့်နေဆဲမှာ လွင်မောင် ဧည့်ခန်းထဲသို့ ကသောမြောပါး ရောက်ချလာ၏။

"ဧည့်ခန်းမှာ လူတွေစုံလို့ပါလား။ ဘယ်လိုဖြစ်နေကြတာလဲ။ အလို ဆိုဖာပေါ်မှာလည်း အမျိုးသမီးတစ်ယောက်က အိပ်မောကျလို့ပါလား။ နေပါဦး မင်းသူ သူကလေးက ဘယ်သူလဲ။ ငါတစ်ခါမှ မမြင်ဖူးဘူး"

"မသိဘူး"

"ဟာ… ဟော့ကောင်‥ မင်းဦးနှောက်ကောင်းသေးရဲ့လား"

"ဒုက္ခပါပဲကွာ။ မင်းကလည်း ထင်ရာလျှောက်





ပြောနေတော့တာပဲ။ ငါပြောပြမယ့်စကားကို သေသေချာချာ နားထောင်စမ်းပါအုန်း။ ကဲ… ကိုဘိုးမှီနဲ့ မခင်သီလည်းထိုင်။ ခင်ဗျားတို့က ကျုပ်ရဲ့ လူယုံတွေ။ အခြေအနေမှန်ကို သိထား သင့်တယ်။ ဒါပေမယ့် ဘာစကားတစ်ခွန်းမှ ဝင်မပြောနဲ့"

အားလုံး သူပြောမည့်စကားကို နားစွင့်နေကြ၏။

လွင်မောင်က သူနှင့်မျက်နှာချင်းဆိုင် ဆိုဖာမှာ ထိုင်ရင်း သူ့မျက်နှာကို ကြည့်နေသည်။

သူက ဖြစ်ပျက်ခဲ့သည့်အကြောင်းရာများကို တစ်လုံးချင်း ရှင်းပြပါ၏။

× × ×

သူ့စကားဆုံးတော့ လွင်မောင် လှုပ်လှုပ်ရှားရှား ဖြစ်သွားသည်။

"ငါ့ကားနဲ့ တိုက်မိတာမဟုတ်ဘူး။ သူ့ဘာသာသူ ကြောက်လန့်ပြီး သတိလစ်သွားတာ လွင်မောင်။ ငါ သူ့ကို ထားပစ်ခဲ့လို့ရတာပေါ့။ ဒါပေမယ့် သည်လိုဥပေက္ခာလုပ်ဖို့ကို ငါ့ဦးနှောက် အသိက လက်မခံဘူး။ အဲဒါနဲ့ အိမ်ကိုတစ်ခါတည်း ခေါ်ခဲ့တာ"

"မင်း ဆေးရုံကို တန်းပို့သင့်တယ်"

"ယဉ်တိုက်မှုမှ မဟုတ်ဘဲ လွင်မောင်ရာ။ နောက်ပြီး အကြောင်းအရာတွေကိုလည်း ငါက အရှည်လျားမခံနိုင်ဘူး"

လွင်မောင် ခေါင်းကို တဗျင်းဗျင်းကုတ်သည်။ ရှည်လျားလာမည့် အကြောင်းအရာကိုလည်း လွင်မောင် စဉ်းစားမိလိမ့်မည်။

"ကောင် မလေးက ချောချောလှလှလေး။ ဆင်ယင် ထုံးဖွဲ့ထားမှုက အောက်တန်းကျကျထဲက မဟုတ်ဘူး"

"ဒါတွေ ထားပါကွာ။ ငါဘာဆက်လုပ်ရမလဲ"

"လောလောဆယ်တော့ ဘာဆက်လုပ်လို့ရမှာ လဲကွ။ သူ့သတိပြန်အလည်လာကို စောင့်ကြည့်နေ ရုံပဲရှိတာပေါ့"

"မင်း မပြန်နဲ့အုန်းကွာ။ သူ့သတိရမှပြန်"

"ဟာ... မင်းကောင်မလေးက ဘယ်အချိန်ကျမှ သတိရမယ်မှန်းမသိနဲ့။ မိုးလင်းမှသတိရရင် ဘယ်နဲ့လုပ်မလဲ"

"မိုးလင်းထိသူ့ကို စောင့်ကြည့်နေမယ်ကွာ"

စိတ်လျှော့လိုက်ဟန်ဖြင့် လွင်မောင်က ဆိုဖာနောက်မှီ ပေါ် ခေါင်းကို တင်လိုက်၏။ သူက ကိုဘိုးမှီတို့ လင်မယား





ကို တန်းလျားဆီသို့ ပြန်ခိုင်းလိုက်သည်။

"ကြီးဖွားလုံလည်း သွားအိပ်တော့"

"ဖွားလုံ ထိုင်စောင့်နေပါ့မယ်ကွယ်"

"သွားအိပ်ပါ ကြီးဖွားလုံ။ ကျွန်တော်နဲ့လွင်မောင် ထိုင်စောင့်နေမယ်။ ကောင်မလေးသတိပြန်ရလာရင် ကြီးဖွားလုံကို နိုးမယ်"

ကြီးဖွားလုံ သူမအခန်းဘက် ထွက်သွားသည်။

ဧည့်ခန်းမှာ နှစ်ယောက်တည်းကျန်တော့ ညအ၏တိတ် ဆိတ်ခြင်းကို ပိုမိုခံစားရ၏။

ည နာရီပြန်တစ်ချက်ကျော်တော့ လွင်မောင်က...

"မင်း ကောင်မလေးက အသက်ကောရှိသေးရဲ့ လားကွာ"

"မင်းကလည်း သူ့ရင်က နိမ့်ချီမြင့်ချီဖြစ်နေ တဲ့ဟာ အသက်မရှိဘဲ နေမလားကွ"

"ကောင်မလေးက တော်တော်ချောတာပဲ။ သတိ လစ်နေတာတောင် မျက်နှာအလှက ကျက်သရေရှိ တုန်းပဲ မင်းသူ"

"ငါ ဒါတွေ မလေ့လာနိုင်ဘူးကွာ။ ဒီကောင်မလေး သတိတော်တော်နဲ့ ပြန်ရပါ့မလားဆိုတဲ့ စိုးရိမ်စိတ် က ငါ့ရင်ထဲမှာ ရှိနေတယ်"

သူပူပန်သလို လွင့်မောင်က သိပ်ပြီးပူပန်ပုံမရ။

"သိပ်ပူပန်မနေစမ်းပါနဲ့ကွာ"

"မင်းပဲ အသက်ကောရှိမှရှိသေးရဲ့လားလို့ ပြောပြီး"

လွင်မောင်က ရယ်ရင်းနှင့်...

"မိန်းကလေးတွေနဲ့ ပတ်သက်ပြီး မင်းပူပန်တတ်တာ သည်တစ်ခါပဲ တွေ့ဖူးတယ်"

"ဒါကတော့ လွင်မောင်ရာ... ငါ့ကားနဲ့ အက်ဆီးဒင့် မဖြစ်ပေမယ့် ပတ်သက်မှုကတော့ ရှိနေတယ်မို့လား။ ကောင်မလေးသတိပြန်မရမချင်း ငါဘယ်လိုလုပ် စိတ်အေး နိုင်မှာလဲ"

"သတိရလာရင် ဘာလုပ်မလဲ"

"ဟာ... သူ့ကို အကျိုးအကြောင်းပြောပြပြီး အိမ်ကို ချက်ချင်းပြန်လိုက်ပို့ရမှာပေါ့"

"အင်း... ခုအချိန်ဆို ကောင်မလေးရဲ့ မိဘတွေကတော့ အတော်ကို စိတ်ပူရှာနေမှာပဲ"

"အေးကွာ... ရဲစခန်းတွေဘာတွေ တိုင်ရင် ပြဿနာပဲ"

"အဲသလောက်ထိတော့ မင်းတွေးပြီး မပူနဲ့ မင်းသူ။ သည်အရွယ်လောက်ကြီး အိမ်ကပျောက်





သွားရင် လင်နောက်လိုက်သွားတယ်လို့ ထင်မှာပဲ"

ပြောပြီး လွင်မောင်က ဘူးထဲမှ စီးကရက်တစ်လိပ် နှိုက်ယူပြီး နှုတ်ခမ်းမှာတပ် မီးညှိသည်။ စီးကရက်ဘူးကို လည်း သူ့ရှေ့ပစ်ချပေး၏။ သို့သော်လည်း သူက စီးကရက်ကို ယူမသောက်ဖြစ်။ ကောင်မလေး၏ မျက်နှာကိုသာ စူးစိုက် ကြည့်နေသည်။

နှစ်ယောက်သား စကားတွေကိုလည်း ထွေထွေထူးထူး မပြောဖြစ်။ အိပ်စက်လိုလည်းမရ။ လွင်မောင်က စီးကရက် သောက်ရင်း မဂ္ဂဇင်းစာအုပ်တစ်အုပ်ကို လှန်လျှောကြည့်နေ သည်။

ည နာရီပြန် နှစ်ချက်စွန်းစွန်း...

သူမျက်လုံးကို ပွတ်သပ်ကြည့်သည်။

ဟုတ်ရဲ့လား....

ဟုတ်ပါသည်။

သူမသည် 'ဟင့်' ခနဲ ဆိုသည့် အသံနှင့်အတူ ကိုယ်ကလေးလူးလွန့်လာပါ၏။

ဝမ်းသာစိတ်ဖြင့် သူလွင်မောင့်ကို လှမ်းကြည့်တော့ ဆိုဖာနောက်မှီပေါ် ခေါင်းတင်ပြီး လွင်မောင်အိပ်ပျော်နေ၏။

"လွင်မောင်... လွင်မောင်"

"အမ်..."

"ကောင်မလေးသတိရပြီကွ၊ သတိရလာပြီ"

"ဟင်… ဟုတ်လား"

သူ သူမအနားသို့ အပြေးကလေးသွားသည်။ ပြီး သူမ၏ လက်ချောင်းကလေးများကို ဆုပ်ကိုင်၏။

"မိန်းကလေး… မိန်းကလေး မင်းသတိရပြီနော်"

"ဘယ်လို"

ကိုယ်ကို လူးလွန့်ပြီး သူမမျက်လုံးပွင့်လာသည်။

"ဝမ်းသာလိုက်တာကွာ၊ စိတ်ကို အရမ်းချမ်းသာသွားတာပဲ"

လွင်မောင်ပါ အနားရောက်လာပြီး သူမကို စေ့စေ့ကြည့်သည်။

"ဟုတ်တယ် မင်းသူ၊ ကောင်မလေး သတိရလာပြီ"

သူ့မျက်နှာဝင်းလက်နေသလောက် ကောင်မလေးမျက်နှာက ပကတိအေးဆေးဟန်ရှိနေ၏။

"ဘာတွေ ပြောနေကြတာလဲကွာ"

သူက သူမကိုသည့်ထက်ပို၍ သတိရစေချင်သည်။ ထို့ကြောင့်လည်း သူမ၏ လက်ဖဝါးပြားလေးကို ဆုပ်နယ်နေမိ၏။

"ကလေးမ… သတိရပြီနော်။ နက်စ်ပူပူလေး





တစ်ခွက်လောက် သောက်လိုက်ပါလားဟင်။ အစ်ကိုဖျော်ပေးမယ်လေ"

"ဟာ… အိပ်ချင်တယ်ကွာ"

"အိပ်ချင်တယ်… ဟုတ်လား"

သူမ၏မျက်လုံးက မှေးဆင်းသွားပြန်၏။ ချက်ချင်းဆိုသလိုပင် သူမအိပ်ပျော်သွားသည်။ သည်တစ်ခါကတော့ ဝေဒနာမဲ့ အိပ်ဆက်ခြင်းဖြစ်ပါလိမ့်မည်။

"သောကဗျာပါဒတွေ ကြီးမနေနဲ့တော့ မင်းသူ။ သူသတိရနေပြီ။ အိပ်ချင်တာ နှစ်နှစ်ခြိုက်ခြိုက်အိပ်ပါစေကွာ။ မနက်ဖြန်မှ အကျိုးအကြောင်းပြောပြပြီး အိမ်ကိုပြန်ပို့ပေါ့။ အဲ… တစ်ခုတော့ ရှိတယ်"

သူက လွင်မောင်မျက်နှာကို ကြည့်ပြီး‥

"ဘာတစ်ခုရှိတာလဲ"

"သူက အိမ်မပြန်ရဲတော့ဘူးဆိုရင်တော့ မင်းတစ်ခါတည်း အိမ်ထောင်ပြုလိုက်ပေတော့"

"ပေါက်ကရတွေ မပြောစမ်းပါနဲ့ကွာ။ ဒါနဲ့… မင်းငါ့ကို တစ်ခုကူညီပါအုန်း"

"ဘာလဲ… မိုးလင်းထိနေခိုင်းမလို့လား။ ဆောရီးပဲ‥ ငါ့ကိုသနားပါအုန်း။ ငါအရမ်းအိပ်ချင်နေပြီ… ပြန်မယ်"

"ပြန်ပါ။ ဒါပေမယ့် ကောင်မလေးကို အခန်းထဲ သွင်းပေးခဲ့အုန်း"

"မင်းအခန်းထဲကိုလား"

"ဟာ… ဒီကောင်အိပ်ချင်မူးတူးနဲ့ ဘာတွေ လျှောက်ပြောနေတာလဲ။ ဧည့်သည်အတွက် သီးသန့် စီစဉ်ထားတဲ့အခန်း ထဲကို ပြောတာ"

ကြီးဖွားလုံကို နှိုးမနေတော့ဘဲ နှစ်ယောက်သား ကောင်မလေးကို ပွေ့မပြီး အခန်းထဲသွင်းသည်။ ခုတင်ပေါ် ဖြည်းညင်းစွာချပြီး သူက ကောင်မလေးမျက်နှာကို ခပ်တွေ တွေလေး ကြည့်နေပါသေး၏။

သူမကတော့ ဘာကိုမှ မသိနိုင်သေး။ စိတ်ချလက်ချ အိပ်ပျော်လျက်ရှိသည်။

လွင်မောင်ပြန်သွားတော့ သူဧည့်ခန်းမှာ တစ်ယောက် တည်း ထိုင်နေမိသေးသည်။

ဘယ်လိုအိပ်စက်လို့ ရပါ့မည်လဲ။

နံနက်ခင်းမှာ သူမနိုးလာလျှင် ပြောရန်စကားများကို ရွေးချယ်နေမိပါသည်။

✿ ✿ ✿





(ခြောက်)

"နိုးပြီ"

မေးခနဲ အိပ်ပျော်သွားရာမှ အခန်းထဲက အော်သံကြောင့် သူဆတ်ခနဲ လန့်နိုးသည်။

အခန်းထဲသို့ အပြေးကလေးဝင်ခဲ့၏။

"မင်း နိုးပြီလား။ တကယ်ကွာ… အစ်ကိုအရမ်း ကို ဝမ်းသာတာပဲ"

"ဘာကို ဝမ်းသာတာလဲ"

သူ့မျက်လုံး ခပ်ဝိုင်းဝိုင်းဖြစ်သွား၏။

သူမအမူရာက အေးအေးဆေးဆေးမှ တကယ့်ကို အေးအေးဆေးဆေး။

တကယ်ဆိုလျှင် သူမသည် အိပ်ရာမှနိုးသည်နှင့် တစ်ပြိုင်နက် ရောက်ရှိနေသည့် နေရာစိမ်းအတွက် အထိတ်

တလန့်ဖြစ်ရမည်။ နောက်ပြီး သူဝင်လာသည်ကိုလည်း ကြောက်ကြောက်လန့်လန့် ဖြစ်ရမည်။

ယခုတော့…

သူမ၏အိပ်ရာက နိုးသည်ကို နိုးပြီဟု အော်ဟစ်အသိပေးနေသေး၏။

"ဒီအခန်းနဲ့တွဲရက်မှာ ရေချိုးခန်း၊ ရေအိမ်ရှိတယ်နော်။ မင်းမျက်နှာသစ် ကိုယ်လက်သန့်စင်ပြီးတော့မှ ဧည့်ခန်းကို ထွက်လာခဲ့ပါ။ အစ်ကို အကျိုးကြောင်း ပြောပြပါ့မယ်"

သူမက မျက်မှောင်ကလေးကြုတ်ပြီး သူ့ကိုကြည့်သည်။ သူ သူမထံပါးက ထွက်လာတော့ တွေးစရာအကြောင်းတွေ အများကြီးပါလာ၏။

ဧည့်ခန်းဆက်တီမှာထိုင်ရင်း သူမထွက်အလာကို အချိန်အတော်ကြာ စောင့်ရသည်။ ထွက်လာတော့ သူမ မျက်နှာက ရှင်းရှင်းသန့်သန့်။

"ထိုင်ပါနော်"

သူမက မျက်မှောင်ကို ပိုမိုကြုတ်ပြီး သူ့ရှေ့ဆက်တီမှာ ဝင်ထိုင်၏။

"ညီမလေးနာမည်က ဘယ်သူလဲဟင်"

"နာမည်‥ ဟုတ်လား‥ နေပါအုန်း ဒီနာမည်ဆို





တာကို စဉ်းစားပါရစေအုန်း။ အဲ…ဟုတ်ပြီ သိပြီ။ ညီမလေး နာမည်က ပန်ထွာအစ်ကိုရဲ့"

"ပန်ထွာ… ဟုတ်လား"

"ဟုတ်တယ်လေ… ပန်ထွာကို အစ်ကိုမသိဘူးလား။ ဗိသနိုးဘုရင်မကြီးလေ။ ဘုရင်မကြီးကို သဘောကျလေးစား လွန်းလို့ပန်ထွာလို့ နာမည်ပေးထားတာ အစ်ကိုရဲ့"

"ထားပါလေ… ပန်ထွာကို အစ်ကိုပြောချင်တာက ညက အစ်ကိုကားမောင်းအလာမှာ ပန်ထွာကို တိုက်မိမလို ဖြစ်သွားတယ်။ ကားနဲ့ မထိခိုက်မိပေမယ့် အကြောက်လွန်ပြီး ပန်ထွာလဲကျသတိလစ်သွားတယ်။ အဲဒါ အစ်ကိုက လမ်းပေါ်မှာ ပန်ထွာကို မထားခဲ့ရက်တာနဲ့ အစ်ကိုအိမ်ကို ခေါ်လာခဲ့ရတာ။ ခု ပန်ထွာကို အိမ်ပြန်လိုက်ပို့ဖို့ အစ်ကို အသင့်ဖြစ်နေပါပြီ"

"ဘာတွေလာပြောနေတာလဲ"

"မ… မဟုတ်ဘူးလေ"

"ဟာ… အစ်ကိုတစ်ယောက် ရူးများနေပြီလားမသိဘူး။ ဒါ ပန်ထွာအိမ်လေ။ အစ်ကိုက ပန်ထွာကို ဘယ်အိမ်ကိုများ လိုက်ပို့အုန်းမလို့လဲ"

"ဟာ"

"အံမယ်… အံမယ်… ပန်ထွာကို မျက်လုံးကြီး ပြူးပြီးကြည့်နေလိုက်တာ။ ဒီမောင်နှမလေးနှစ်ယောက်ရှိတာ ရက်ရက်စက်စက် စွန့်ပစ်ဖို့ အစ်ကို စဉ်းစားနေတယ်လား"

အိပ်မက်များလား။

မဟုတ်နိုင်ပါ။

လက်တွေ့ကြုံဆုံနေရသော အဖြစ်သည် ဘယ်လိုမှ အိပ်မက်မဖြစ်နိုင်။

သူ ခပ်တွေတွေလေးနှင့် ပန်ထွာမျက်နှာကို ကြည့်ပြီး‥

"ပန်ထွာရယ်‥ မင်းအစ်ကို့ကို နောက်နေတာလား"

"ပြဿနာပါလား။ အစ်ကို့ဦးနှောက်တွေ ကောင်းကော ကောင်းသေးရဲ့လား။ ပန်ထွာကို အတည်ပေါက်ကြီးနဲ့ မကျီစားနဲ့အစ်ကို။ ပန်ထွာ စောစောစီးစီး အော်ငိုပစ်လိုက်မယ်"

"ဟ…ဟ… ငိုတော့ မငိုပါနဲ့ဟာ"

စကားသံများကြောင့် ကြီးဖွားလုံ မီးဖိုခန်းမှ အပြေးကလေးထွက်လာ၏။ ကြီးဖွားလုံကို မြင်သည်နှင့် ပန်ထွာက‥

"ကြည့်စမ်း… ကြီးကြီးကို အစ်ကိုနယ်ကနေ





လှမ်းခေါ်လိုက်တယ်ဟုတ်လား။ ဖြစ်သင့်ပါတယလေ။ ပန်ထွာကို ထိန်းဖို့ကျောင်းဖို့ အစ်ကိုက စိတ်မချဖြစ်နေတာမို့လား။ ကဲ… ဆာတယ် အစ်ကိုရာ။ အိုဗာတင်းသောက်မယ်။ ကြက်ဥ မကျက်တကျက်လေးကို ပေါင်မုန့်နဲ့စားမယ်"

သူပင့်သက်ချသည်။

ချဖြစ်သည့် ပင့်သက်မှာ အမောတွေပါနေ၏။ အခြေနေက မိမိထင်ထားသလိုမဟုတ်။

ကြီးဖွားလုံ မီးဖိုခန်းဝင်တော့ သူမကပါ လိုက်ဝင်သည်။ နောက်ပြီး ကြီးဖွားလုံကို ဆရာလုပ်နေသည့်အသံတွေကိုလည်း သူကြားရ၏။

နံနက်စာစားပြီး သူကုမ္ပဏီသွားခါနီးမှာ ကြီးဖွားလုံ အနားသို့ ရောက်လာပြီး…

"ကောင်မလေးက စိတ်မှကောင်းရဲ့လား မသိဘူးသားရယ်"

"ကျွန်တော်လည်း ဘယ်လိုမှ စဉ်းစားမရဖြစ်နေပြီ ကြီးဖွားလုံ။ စိတ်ရောဂါသည်လေးဆိုတာကိုတော့ အကြမ်းဖျင်း သုံးသပ်လို့ရတယ်"

"ဖွာလုံနဲ့အတူ ကူကက်လုပ်ပေးတာကတော့ အဆင်ကိုချောနေတာပဲ"

"ဘဲပဲဖြစ်ဖြစ်လေ ကြီးဖွားလုံ သူ့ကိုဂရုစိုက်လိုက်ပါ။ အိပ်ရာနေရာကိုလည်း ခုနေတဲ့အခန်းကိုပဲ စီစဉ်ပေးလိုက်။ ကျွန်တော် ကုမ္ပဏီက စောစောပြန်လာခဲ့မယ်"

သူကားကို စက်နှိုးပြီး ကားဘီးအလိမ့်မှာ ပန်ထွာ အိမ်ထဲက အပြေးထွက်လာပြီး…

"အစ်ကို ပြန်ရင်မုန့်ဝယ်ခဲ့နော်"

သူခေါင်းညိတ်ရမည်လား။ ခေါင်းခါရမည်လားကို စဉ်းစားလို့မရတော့။

ကားကိုခြံထဲက မောင်းထွက်ရင်း နောက်ကြည့်မှန်မှ လှမ်းကြည့်တော့ ပန်ထွာက သူ့ကို လက်ကလေးပင်ပြနေလိုက်သေး၏။

✿ ✿ ✿





(ခုနစ်)

သူပြောပြသမျှ စကားများကို နားထောင်ရင်း လွင်မောင် မျက်လုံးက ပြူးလိုက်ကျယ်လိုက်။ နောက်ပြီး ပါးစပ်ကလည်း အဟောင်းသားဖြစ်နေသေးသည်။

"စဉ်းစားစရာ အရမ်းကောင်းနေပြီ မင်းသူ"

"ဟုတ်တယ်… မင်းပါကူပြီး စဉ်းစားပေးနိုင်အောင် ဖုန်းဆက်ပြီး လှမ်းခေါ်ရတာ"

ရတနာက ကော်ဖီနှစ်ခွက် လာပို့သည်။

ရတနာထွက်သွားတော့ လွင်မောင်က-

"ကောင်မလေးက နဂိုကတည်းက စိတ်ရောဂါဖြစ်နေတာလား။ ဒါမှမဟုတ် ကားကိုရှောင်ရင်းလဲအကျမှာ ခေါင်းကို တစ်ခုခုနဲ့ ထိခိုက်သွားလို့ သူ့အတိတ်ကိုများ မေ့သွားသလား"

"ခေါင်းမှာ ထိခိုက်ဒဏ်ရာရစရာအကြောင်း

မရှိဘူး လွင်မောင်။ သူအရှိန်ပြင်းပြင်း လဲကျသွားတာ မဟုတ်ဘူး။ ခွေခွေကလေး လဲသွားတာ။ ငါအသေအချာမြင်ပါတယ်"

"မင်းသူရယ်.. မင်းကလည်း ဆေးပညာပေး စာအုပ်တွေဖတ်ဖူးတာပဲ။ နောက်ပြီး တို့သူငယ်ချင်း ဆရာဝန်ကောင်တွေနဲ့ အရက်သောက်ရင်း သူတို့ ပြောတဲ့ ဆေးပညာအကြောင်းကို တို့ကြားဖူးနားဝရှိ တာပဲ။ အတိတ်မေ့တယ်ဆိုတာ ထိခိုက်ဒဏ်ရာရမှ အတိတ်မေ့သွားတတ်တာမှ မဟုတ်တာ။ ကြောက် လန့်စရာ၊ ထိတ်လန့်စရာအဖြစ်မျိုးနဲ့ ကြုံတွေ့ရင် လည်း အတိတ်ကို မေ့သွားတတ်ကြတာပဲ"

အတွေးမှာ ပန်ထွာကိုမြင်ယောင်သည်။

အကြောင်းအရာတစ်ခုအပေါ်မှာ ဝန်ထုပ်ဝန်ပိုးသ သူ့အပေါ် အလိုလိုပိကျလာပြီကိုလည်း သူသိလိုက်၏။

"ခုဟာက ဘာမှန်းမသိဘူး။ အကြောက်လွန်ပြီး ဖြစ်တဲ့ဝေဒနာလား။ သူ့မွေးရာပါ ဝေဒနာလားဆို တာ ဘယ်လိုမှ မကွဲပြားဘူး ဖြစ်နေတယ်"

"ဒီကောင်မလေး ရူးချင်ယောင်ဆောင်ပြီး ကျူးလွန်ချင်တဲ့ပြစ်မှုအကြောင်းရာတစ်ခုခုများ ရှိနေ မလား"





လွင်မောင်၏ ထင်မြင်ချက်သံသယကို သူကခေါင်း ခါယမ်းသည်။

"သူ ဟန်ဆောင်တာမဟုတ်ဘူး လွင်မောင်။ ငါလည်း စီးပွားရေးပညာရှင်တစ်ယောက်ပဲ။ လူ ပေါင်းများစွာကို အကဲခတ်ဆက်ဆံလာတာ သူ့စိတ် မမှန်ဘူးဆိုတာကိုတော့ အရိုးသားဆုံး မြင်ထား တယ်။ စဉ်းစားမရဖြစ်နေတာက ဝေဒနာရဲ့ မူရင်း အစပဲ"

လွင်မောင်က ကော်ဖီပန်းကန်ကို မ,ယူပြီး တစ်ကျိုက် မော့သောက်သည်။ သူ အံဆွဲထဲမှ စီးကရက်ဘူးကို ထုတ်အယူမှာ ဖုန်းမြည်လာ၏။

အသာမ,ယူပြီး နားမှာကပ်၍

"အမိန့်ရှိပါ"

"အစ်ကိုလား"

"ဘယ်သူလဲ"

"ဟယ်... ကိုယ့်ညီမအသံကိုတောင် မမှတ်မိ တော့ဘူးလား။ အံ့ရော... အံ့ရောပါပဲ"

သူမျက်လုံးပြူးသွား၏။

တစ်ဖက်မှအသံ လေသံကို သူမသိဘဲ နေမလား။ သူ့မျက်နှာအပြောင်းအလဲဖြစ်နေပုံကို လွင်မောင်က အကဲခတ် ကြည့်နေ၏။

"နေပါအုန်း… ဘယ်ကဖုန်းနံပါတ်ရတာလဲ"

"ကြီးဖွားလုံကို မေးပြီး ဖုန်းလှမ်းဆက်တာပေါ့ အစ်ကိုရ"

"အစ်ကိုအလုပ်တွေ များနေတယ် ပန်ထွာ"

"မသိဘူး"

"ဟ… မသိလို့ရမလား"

"မဟောက်နဲ့နော်… ငိုထည့်လိုက်မယ်"

"ပြဿနာပါပဲ။ ကဲ··ကိစ္စကိုပြောစမ်း"

"အစ်ကိုပြန်လာရင် မုန့်ဝယ်ခဲ့"

"အေးလေ·· အစ်ကိုသိတာပဲဟာ"

"မေ့နေမှာစိုးလို့ အကြောင်းကြားတာ"

"ဒါပဲလား"

'ဟုတ်ပါတယ်ရှင့်' ဟုဆိုပြီး ပန်ထွာဖုန်းချသွား၏

"ကောင်မလေးက ဘာလှမ်းပြောတာလဲ"

"ပြန်လာရင် မုန့်ဝယ်ခဲ့တဲ့"

လွင်မောင် ရယ်ပါ၏။

ရယ်ပြီးတော့မှ…

"မင်း… နေရင်းထိုင်ရင်း ထိပေါက်တာပဲ မင်းသူ။ အရူးမကို အိမ်ပေါ်တင်ထားပြီး ခရီးရှည်ကြီးကို စမ်းတဝါးဝါးနဲ့ လျှောက်အုန်းကွာ။ မင်းခံစားရသမျှ





ကို ကံနာဝဋ်နာလို့ပဲ သဘောထားပေတော့"

ဘာမျှ မတတ်နိုင်။

ညနေ အိမ်ပြန်တော့ ပန်ထွာအတွက် ချေဒိုးနပ်က မုန့်ဝယ်ပေးပြီး ကြီးဖွားလုံကို တီးတိုးမေးရသည်။

"ကြီးဖွားလုံက ဘာလို့ဖုန်းနံပါတ်ပေးလိုက်ရတာလဲဗျာ"

"အတင်းအဓမ္မကို တောင်းတာ မောင်မင်းသူရယ်။ နောက်ပြီး ဖွားလုံက ကောင်မလေးကို ခင်မင်ပြီး သနားစိတ် ဝင်သွားတယ်"

"အနေအထိုင်အပြုအမူတွေကကော"

"သိမ်မွေ့တယ် မောင်မင်းသူ။ ဘဝမှာ အစ်ကို ငတ်နေရှာတဲ့ ကလေးမလေးလား မသိဘူး။ မောင်မင်းသူကို သူ့အစ်ကိုလို့ပဲ ထင်နေတာ"

"ဟုတ်မှ မဟုတ်တဲ့ဟာ"

"သူက စိတ်ရောဂါရရှာနေတာလေကွယ်။ နေ့ခင်းကလည်း မောင်မင်းသူရဲ့ အဝတ်ဟောင်းတွေကို လျှော်လိုက်ဖွတ်လိုက်တာ ဖြူးနေတာပဲ"

"ဟုတ်လား"

"ဟုတ်တယ်… မင်းအခန်းကိုလည်း ရှင်းတယ်"

"အာ... ကျွန်တော့်စာရွက်စာတမ်းတွေကို ရှုး ကြောင်ကြောင်နဲ့ ခွဲဆုတ်ပစ်မှ မရှုနိုင်မကယ်နိုင် ဖြစ်မယ် ကြီးဖွားလုံ"

"မပူနဲ့... စည်းကမ်းတကျနဲ့ သေသေသပ်သပ် ကို ထားတာ။ ဖွားလုံက ဘယ်လွတ်ထားပေးမလဲ။ အချိန်ပြည့် လိုက်ကြည့်ပြီး အကဲခတ်နေတာ"

သူပြောရန် စကားမရှိတော့။

ရုပ်ရှင်မင်းသား ဝင်းဦးသီဆိုခဲ့သည့် မေတာဝီရသေ့ကြီး သီချင်းကို သွားသတိရသည်။

ဩော်... မွေးထိုက်လို့ မွေးရတော့မယ်။

သူငယ်မကုသိုလ်၊ ငါ့ကုသိုလ်ပါပဲ။

✿ ✿ ✿





(ရှစ်)

ငါးရက်မြောက်မှာ ပန်ထွာ၏ခြေထောက်ကလေး ခပ်ဆာဆာ ဖြစ်လာသည်ကို သူသတိပြုမိ၏။

"အစက ညီမလေးခြေထောက်က ဆာတာတာ မဖြစ်ပါဘူး"

"သူ့ဘာသာသူဖြစ်လာတာ။ ဟိုတစ်နေ့က အကောင်း အစ်ကိုရ"

သူ့စိတ်မှာ ပူပန်မှုတွေ လှိုင်းထလာသည်။

သည်အဖြစ်ကတော့ သူနှင့်ဆက်နွယ်နေပါ၏။ ကြောက်လန့်တကြားနှင့် လဲအကျမှာ ခြေအဆစ်အမြစ်တွေ များ ထိခိုက်သွားလေရောလား။ တစ်ရက်နှစ်ရက်မှာ ပန်တွာ အကောင်းပကတိလမ်းလျှောက်သွားလာနေသေးသည်။

သူ သည်အတိုင်းကြည့်နေ၍ မဖြစ်တော့။

ပန်ထွာကို ကားပေါ်တင်ပြီး အရိုးအကြောဆရာဝန်ကို ပြသည်။ ဆေးထိုးသည်။ သက်သာသယောင်ရှိသော်လည်း ခြေထောက်က အကောင်းပကတိ ဖြစ်မလာ။

ဆရာဝန်ကြီးက ပြောသည်။

"ချက်ချင်းတော့ အကောင်းပကတိဖြစ်မလာနိုင်ဘူးပေါ့ ကိုမင်းသူ။ အချိန်ကို တော်တော်လေးကြာအောင်ယူပြီး လေ့ကျင့်ခန်း မှန်မှန်လုပ်သွားရင်ကောင်းလာမှာပါ"

သူ့စိတ်ထဲမှာတော့ မဖြောင့်။

သူ လွန်လွန်ကဲကဲ ပူပန်နေတာကို ကြည့်ပြီး ပန်ထွာက··

"အစ်ကိုဘာလို့ ပျာရာခတ်နေရတာလဲ။ ခြေကလေး ခပ်ဆာဆာနဲ့ လမ်းလျှောက်ရတာ စတိုင်လ်တစ်မျိုးပေါ့ အစ်ကိုရာ။ စတိုင်လ်ရှိမှ စတားဖြစ်တာ အစ်ကိုရ။ ဒီတော့·· နင်းနင်းပုံစံလေးနဲ့ ပန်ထွာဗွီဒီယိုမင်းသမီးဝင်လျှောက်လိုက်မယ်နော် အစ်ကို"

ရယ်ရယ်ပျူပျူနှင့် ပန်ထွာပြောနေသော်လည်း သူရယ်မောနိုင်ခြင်းမရှိ။ ငါ့ကြောင့်ဆိုသည့် အစွဲက သူ့ရင်မှာ ကပ်ငြိနေသည်။





လွင်မောင်နှင့် အရက်သောက်တော့ ရင်မှာ ခံစားရတာတွေ ပြောပြဖြစ်သည်။

"ငါနဲ့သာ ဆုံစည်းမှုမရှိရင် ပန်ထွာ သည်လိုအဖြစ်မျိုး ရောက်လာမှာ မဟုတ်ဘူး လွင်မောင်။ ငါကလည်း အဲဒီနေ့ကျမှ သံလွင်လမ်းက ဖြတ်လာခဲ့မိတယ်။ ပန်ထွာ ငါ့ရှေ့မှာ ခြေကလေးဆာဆာနဲ့ သွားနေတာကို ရင်မှာ တော်တော်ခံစားရတယ်ကွာ"

"သူ့ခြေထောက်တစ်ဖက်က နဂိုမသန်တာများ ဖြစ်နေမလား မင်းသူရာ။ အစွဲအလမ်းမထားစမ်းပါနဲ့"

"မဟုတ်ဘူး··မဟုတ်ဘူး။ သူ့ခြေထောက် ပုံမှန်ပြန်မဖြစ်ရင်တော့ ငါ့တစ်သက် စိတ်ကောင်းနိုင်မှာမဟုတ်ဘူး"

"ခု ဘယ်သူနဲ့ပြလဲ"

"မြန်မာဆရာတွေနဲ့ပြနေတယ်။ ညနေဆို ကြိုးဖွားလုံ့က ဆေးလိမ်းပေးရှာပါတယ်။ သူ့သဘောသူ့ဆန္ဒနဲ့ဆို ဘယ်တော့မှ မလိမ်းဘူး လွင်မောင်။ မနေ့ညကလည်း အစ်ကိုလိမ်းပေးရမယ်ဆိုပြီး ဂျစ်တိုက်လို့ ငါ့မှာလိမ်းပေးရ သေးတယ်ကွာ"

"ဟာ.. မင်းဟာက"

"ငါ့ကို အကြည့်တစ်မျိုးနဲ့ မကြည့်စမ်းပါနဲ့ လွင်မောင်ရာ။ ပန်ထွာဘယ်လောက်ပဲ လှလှ ငါစိတ်နဲ့တောင် မပြစ်မှားရက်ပါဘူး"

"အင်း... သံယောဇဉ်တွေက ကြီးသထက်ကြီးတော့မယ်"

သူငြိမ်နေလိုက်၏။

သည်နေ့ ဝီစကီ၏အရသာသည် သူ့ခံတွင်းမှာ လုံးဝမတွေ့။

သူ့အပေါ် အစ်ကိုအရင်းတစ်ယောက်လို မှတ်ထင်ပြီး နွဲ့ဆိုးဆိုးသည့် ဟန်ပန်တွေကိုကြည့်ပြီး ကြီးဖွားလုံကတော့ ကြိတ်ပြီးရယ်သည်။ ဒါကို သူသာမြင်၏။

"ငါစဉ်းစားနေတယ် မင်းသူ"

လက်ထဲမှ ဖန်ခွက်ကို စားပွဲပေါ် အသာချရင်း လွင်မောင်က ပြောသည်။

"အတိတ်ကို မေ့တယ်ပဲထား... တစ်သက်လုံး သတိပြန်မရရင် ဘယ်လိုလုပ်မလဲ"

"ငါ့ညီမလေးပဲပေါ့"

"သူ့ မိဘကိစ္စတွေကို မင်းစဉ်းစားအုန်းလေ"

"မင်းပဲပြောတာပဲ။ သည်အရွယ်ကြီး အိမ်က





ပျောက်သွားရင် လင်နောက်လိုက်သွားတယ်လို့ပဲ မိဘတွေက ထင်မှာဆိုတဲ့ စကားကို မင်းပြောခဲ့တာ မေ့ပြီလား"

လွင်မောင်က လှိုက်လှိုက်လှဲလှဲ ရယ်ပါ၏။

"အမှန်ပဲ မင်းသူ။ သူ့မိဘတွေကတော့ သူတို့ သဘောမတူနိုင်တဲ့ လူနောက်လိုက်သွားလို့ ခြေရာပျောက် သွားတယ်လို့ပဲ ထင်မှာ"

သည်စကားကို သူလက်ခံရန်သာရှိတော့၏။

အိမ်ပြန်တော့ မြပဒုမ္မာကို လွင်မောင်လိုက်လာသည်။

ကားနှစ်စင်း ရှေ့ဆင့်နောက်ဆင့် ခြံဝင်းထဲဝင်သည်နှင့် ပန်ထွာအိမ်ထဲက အပြေးကလေးထွက်လာ၏။

ပေါ်တီကိုအောက်ရောက်တော့ ပန်ထွာက ကားတံခါးဆွဲဖွင့်ပြီး သူ့ကိုနမ်းသည်။

"ဟဲ့... ဟဲ့"

"ဘာ.. ဟဲ့ ဟဲ့ ဟဲ့၊ အစ်ကိုအရက်သောက်မသောက် နမ်းကြည့်တာ။ ကြည့်စမ်းအရက်စော်ကို ဟောင်နေတာပဲ"

ဝီစကီသည် သည်မျှလောက် ဆိုးဝါးသည့်အနံ့အသက်မထွက်။ သို့သော်လည်း သူ့ပုံစံကိုကြည့်ပြီး သူအရက်သောက်လာမှန်းကို ပန်ထွာသိနေ၏။

လွင်မောင်ပါ ကားပေါ်က ဆင်းလာသည်ကိုမြင်

တော့…

"ကိုလွှင်မောင်ကြီး"

"ဗျား…"

"ဘာလို့ အစ်ကို့ကို အရက်တွေတိုက်ရတာလဲ"

"ငါ တိုက်တာမဟုတ်ပါဘူး ပန်ထွာရာ။ နင့်အစ်ကိုက သူ့ဘာသူသောက်တာပါ။ နောက်ပြီး တို့အရက်သောက်တာ ခုမှ မဟုတ်ပါဘူးဟာ"

"အပိုတွေ မပြောနဲ့။ ဟိုတစ်နေ့ကတည်းက သိတယ်"

"ဘာကို သိတာလဲ"

"အစ်ကို အရက်သောက်ပြီးပြန်လာတော့ ပန်ထွာက ဆူတယ်လေ။ အဲဒါ အစ်ကိုက သူ့သဘောနဲ့သူ သောက်တာ မဟုတ်ပါဘူးတဲ့။ လွှင်မောင်တိုက်လို့ သောက်ရတာပါတဲ့"

"ဟာ… မင်းသူ။ မင်းပန်ထွာကို ဘာတွေ လျှောက် ပြောထားတာလဲကွ"

သူ ခေါင်းအတော်ချောင်ချင်လာ၏။

သည်စကားတွေကို သူပန်ထွာကို တစ်ခါမျှ မပြောခဲ့ပါ။ မပြောဘူးပါ။

သူမျက်စိတစ်ဖက်မှိတ်ပြတော့ လွှင်မောင်က





သဘောပေါက်ဟန်တူပါ၏။

"အေးပါဟာ… နောက်ဆို နင့်အစ်ကိုကို ငါအရက် မတိုက်တော့ပါဘူး"

"တကယ်နော်"

"အေးပါဟ"

"ကိုလွှင်မောင်ကြီး အိမ်ထဲဝင်အုန်းလေ"

"မဝင်တော့ပါဘူးဟာ။ ကဲ…ကဲ နင့်အစ်ကို အရမ်းမူးလာတယ်။ တွဲပြီး အိမ်ထဲခေါ်အုန်း"

သည်စကားကတော့ လွှင်မောင်ထောင်လိုက်သည့် စကား။ ယိုင်ထိုးလောက်အောင်မမူးပါပဲနှင့် ပန်ထွာ၏တွဲဖက်ခြင်းကို သူခံလိုက်ရပါ၏။

လွှင်မောင်ကြိတ်ရယ်ရယ်ပြီး ကားကို မောင်းထွက်သွားသည်။

"အစ်ကို လမ်းလျှောက်နိုင်ပါတယ် ပန်ထွာ။ ကားတောင် မောင်းလာနိုင်သေးတာ"

"မလုပ်ပါနဲ့ အစ်ကိုရယ်‥ ပန်ထွာတွဲပြီး အခန်းထဲထိ ပို့ပါ့မယ်။ အစ်ကိုလှေကားပေါ်က ပြုတ်ကျပြီး အသက်ပါသွားရင် ပန်ထွာဘယ်သူ့ကို သွားအားကိုးရမှာလဲ"

သည်လိုနှင့်….

အရမ်းကြီး မမူးပါဘဲ…

ယိုင်ထိုးလောက်အောင် အခြေအနေမဆိုးပါဘဲ…

ပန်ထွာကတော့ သူ့ကို စိုးရိမ်တကြီးနှင့် အိပ်ခန်းထဲ တွဲပို့ခဲ့သည်။

✿ ✿ ✿





(ကိုး)

“ခွေးသူတောင်းစားတွေ‥ ခြံရှေ့မှာလာပြီး အူတူတူ မလုပ်နဲ့။ ပါးထွက်ရိုက်လိုက်မယ်”

“သမီးရယ် စိတ်မကြီးပါနဲ့ ဖွားလုံပြောပါ့မယ်”

နံနက်ခင်းမှာ စီခနဲအသံများကြောင့် သူအိပ်ရာမှ ဆတ်ခနဲ ထလိုက်သည်။

အခြေအနေသည် အကောင်းဘက်မှာတော့ ဘယ်လိုမှမရှိနိုင်။ ပန်ထွာ၏ ဒေါကြီးမောကြီးအသံများက သူ့နားစည်ကို ပြင်းပြင်းထန်ထန် ရိုက်ခတ်နေ၏။

သူအောက်ထပ်သို့ အပြေးကလေးဆင်းခဲ့သည်။

ပြဿနာက ခြံဝင်းတံခါးနားမှာ ဖြစ်နေသည့် ပြဿနာ။

“ခြံထဲကနေ လေကျယ်မနေနဲ့။ သတ္တိရှိရင် ထွက်ခဲ့”

"အံမယ်… ထွက်ရဲလိုက်တာမှ ဟိုဘက်တောင်
လွန်နေသေးတယ် သီလား"

ကိုဘိုးမှီက ဝင်းတံခါးပိတ်ထားသဖြင့် ပန်ထွာက ဝင်းတံခါးကို ကျော်တက်ရန် ကြိုးစားသည်။ ကိုဘိုးမှီ၊ မခင်သီနှင့် ကြီးဖွားလုံတို့က ပန်ထွာကို ဝိုင်းဆွဲထားကြရ၏။

သူ့အနားသို့ ရောက်သောအခါ ရုတ်ရုတ်သဲသဲ အခြေအနေက အနည်းငယ်ငြိမ်သက်သွား၏။

"ဘယ်လိုဖြစ်ကြရတာလဲ… ကျော်မကောင်း
ကြားမကောင်းကွာ။ ခြံနီးချင်းတွေကိုလည်း
အရှမ်းအားနာဖို့ ကောင်းတယ်"

သူကပြောရင်း ဒေါသကြီးနေသည့် ပန်ထွာလက်မောင်းကို ဆုပ်ကိုင်ထားရ၏။

"လွှတ်စမ်းပါ အစ်ကိုရာ။ တစ်သက်စာမှတ်သွား
အောင် ပါးအချက်တစ်ရာလောက် ထွက်တီးလိုက်
ချင်လို့ပါ"

"ဒီမယ်… ခင်ဗျားအစ်ကိုရှေ့မှာ သိပ်ပြီးမိုက်
ဂုဏ်တွေဖော်ပြမနေနဲ့။ ခင်ဗျားတီးတိုင်းခံရအောင်
အရုပ်မဟုတ်ဘူး"

ခြံဝင်းအပြင်လမ်းပေါ်မှာ ပန်ထွာအရွယ် လူငယ်နှစ်ယောက်။ မျက်နှာပေါက်နှင့် ဝတ်စားဆင်ယင်မှုက အောက်



တန်းကျကျထဲက မဟုတ်သည်ကိုတော့ သူအကဲခတ်မိ၏။

"ဘယ်လိုဖြစ်တာလဲ ငါ့ညီတို့ရာ။ အစ်ကို့ကို
ပြောပြ ပါဦး"

"ကျွန်တော်တို့ လမ်းလျှောက်ထွက်ရင်း ခြံစည်း
ရိုးက ပုဏ္ဏရိပ်သီးမှည့်တွေတွေ့လို့ ခူးမိတာအစ်ကို။
အဲဒါကို အစ်ကို့ညီမက သူခိုးဆိုပြီး ကုန်းအော်
တယ်"

"မသာတွေ… နင်တို့ငါ့ကို တော့ကျိုးလို့ခေါ်တာ
ကို ထည့်ပြောအုန်း"

"ဒါကတော့ ခင်ဗျားက ထော့နဲ့ထော့နဲ့နဲ့ လမ်း
လျှောက်နေတာ တော့ကျိုးလို့ ခေါ်တာပေါ့"

"ကြည့်စမ်း… ကြည့်စမ်း… စော်ကားလိုက်
တာ"

သူပန်ထွာကို ခပ်တင်းတင်းလေးဖက်ရင်း ရင်ထဲမှ ထိထိခိုက်ခိုက် ခံစားလိုက်ရသည်။

တော့ကျိုးတဲ့လား…။

သူပင့်သက်ကို ဟူးခနဲ မှုတ်ထုတ်ပြီး…

"ငါ့ညီတို့ကို ကြည့်ရတာ ပညာတတ်ကလေး
တွေ နေမှာပါကွာ။ တစ်ဖက်လူရဲ့ အားနည်းချက်ကို
ထုတ်ဖော် မပြောရဘူးကွ။ ကဲ… ကဲ သွားကြ

တော့။ ငါ့ညီတို့က ဒီရပ်ကွက်ကပဲ ထင်ပါတယ်။ နောက်ကို အဲသလို မပြော ရဘူးနော်''

လူငယ်နှစ်ယောက်က ခေါင်းကလေးတဆတ်ဆတ်ညိတ်ပြီး ထွက်ခွာသွားကြသည်။

သူ ပန်ထွာကို တွဲဖက်ပြီး အိမ်ထဲခေါ်ခဲ့၏။

''ပုဏ္ဏရိပ်သီးတွေက ဘာတန်ဖိုးရှိမှာမို့လို့လဲ ပန်ထွာရယ်''

အစ်ကိုက ဘာသိလို့လဲ။ သူတို့က ပုဏ္ဏရိပ်ပင်ကို ဖြုပြီး အထဲကို ချောင်းကြည့်နေတာ သိလား''

''အထဲဝင်လို့ရတာမှ မဟုတ်ဘဲ''

''ရရမရရ ပန်ထွာကတော့ သူခိုးလို့ အော်ပြီး ဆဲပစ်လိုက်တာပဲ''

''နောက်ကို မအော်ပါနဲ့ကွယ်.. ပန်ထွာကို ရန်ပြုသွားမှာပေါ့''

''မကြောက်ပါဘူး။ ခုလည်း အစ်ကိုရောက်လာလို့ ပန်ထွာက ဖက်ပြီးတော့ကို နပန်းလုံးပစ်မှာ''

''ကိုယ်က မိန်းကလေးကွာ''

နံနက်စာ လက်ဖက်ရည်ဝိုင်းတွင် ပန်ထွာက သတ္တိတွေပြတုန်း။ နောက်ပြီး ကြီးဖွားလုံကိုလည်း အပြစ်တင်သေးသည်။

ဘားမားဆန်းသစ်စာပေ



''ဖွားလုံဆွဲတာနဲ့ အရေးရယ်အကြောင်းရယ်ဆို သူတို့ လက်ဦးလို့ သေပြီ။ ခုလည်း ထမီကြီးကွင်းလုံးကျွတ်ရော အစ်ကိုရာ။ ဖွားလုံက ထမီကိုမှ လာဆွဲတယ်''

''ဟာ... ငါ့ညီမကို ကောင်လေးတွေ မျက်လုံးကြီးပြူးပြီး ကြည့်ကြမှာပေါ့''

''ကြည့်တာပေါ့။ ကြည့်ရုံတင်မကဘူး။ ဗီဒီယိုကင် မရာပါမလာတာ နာလိုက်တာကွာလို့ ပြောသွားသေးတယ်လေ''

''ဟဲ့.. ပန်ထွာ။ ကိုယ့်အစ်ကိုရှေ့မှာ ဘာတွေလျှောက်ပြောနေတာလဲ''

ကြီးဖွားလုံက ဝင်ဟန့်သည်။

သူကတော့ ခေါင်းကိုငိုက်ချပြီး ကော်ဖီကိုသာ ငုံ့သောက်သည်။ ပန်ထွာကတော့ သူမစကားကို သူမသဘောကျစွာဖြင့် ရယ်နေ၏။

ညနေဘက် လွင်မောင်နှင့်တွေ့တော့ သူက ဒီအကြောင်းကို ပြောပြသည်။

''ပြဿနာကို ငါခေါင်းထဲမထည့်ပါဘူး လွင်မောင်ရာ။ လူငယ်တွေတစ်ယောက်တစ်ခွန်း စကားများကြတာပါ။ ဒါပေမယ့် ငါအရမ်းခံစား

ဘားမားဆန်းသစ်စာပေ

လိုက်ရတယ်''

''ဘာကိုလဲ''

''ကောင်လေးတွေက ပန်ထွာကို ထော့ကျိုးတဲ့ကွာ။ ငါ့ရင်ထဲမှာ တော်တော်ထိခိုက်သွားတယ်။ ဒီကလေးမလေးကို ဒုက္ခိတဘဝရောက်အောင် ငါတွန်းပို့လိုက်တာပဲဆိုတဲ့ အစွဲ အလမ်းက ငါ့ကို ပိုပြီး နှိပ်စက်တော့တာပဲ''

''မင်းမှာ အပြစ်မရှိပါဘူး''

''ကားနဲ့မတိုက်မိပေမယ့် ကားကိုခပ်ကြမ်းကြမ်းကလေး မောင်းလာတာကိုက ငါအပြစ်ပဲပေါ့ လွင်မောင်။ ငါ ကားဘရိတ်ကို သိပ်ကြမ်းကြမ်း မအုပ်ခဲ့ရင် ပန်ထွာလည်း အထိတ်တလန့်ဖြစ်သွားစရာအကြောင်း မရှိဘူး''

''အေး··· ကားဘရိတ်ကို ဒီလိုမှ မအုပ်ခဲ့ရင်လည်း ပန်ထွာ အထိတ်တလန့်တော့ မဖြစ်ဘူး။ ကားအောက်ရောက်ပြီး အသက်ပျောက်သွားမှာအမှန်ပဲ''

''နောက်ပြီး ငါ့ရှေ့မှာ ပန်ထွာခြေကလေး ဆာဆာနဲ့ လမ်းလျှောက်နေတာမြင်တိုင်း ရင်ထဲမှာ ဖြေလို့မရဘူး။ ပန်ထွာကတော့ သူ့ခြေနာကို မေ့မေ့



ကို ကံနာဝဋ်နာလို့ပဲ သဘောထားပေတော့''

ဘာမျှ မတတ်နိုင်။

ညနေ အိမ်ပြန်တော့ ပန်ထွာအတွက် ဂျေဒိုးနပ်က မုန့်ဝယ်ပေးပြီး ကြီးဖွားလုံကို တီးတိုးမေးရသည်။

''ကြီးဖွားလုံက ဘာလို့ဖုန်းနံပါတ်ပေးလိုက်ရတာလဲဗျာ''

''အတင်းအဓမ္မကို တောင်းတာ မောင်မင်းသူရယ်။ နောက်ပြီး ဖွားလုံက ကောင်မလေးကို ခင်မင်ပြီး သနားစိတ် ဝင်သွားတယ်''

''အနေအထိုင်အပြုအမူတွေကကော''

''သိမ်မွေ့တယ် မောင်မင်းသူ။ ဘဝမှာ အစ်ကို တော်နေရှာတဲ့ ကလေးမလေးလား မသိဘူး။ မောင်မင်းသူကို သူ့အစ်ကိုလို့ပဲ ထင်နေတာ''

''ဟုတ်မှ မဟုတ်တဲ့ဟာ''

''သူက စိတ်ရောဂါရရှာနေတာလေကွယ်။ နေ့ခင်းကလည်း မောင်မင်းသူရဲ့ အဝတ်ဟောင်းတွေကို လျှော်လိုက်ဖွတ်လိုက်တာ ဖြူးနေတာပဲ''

''ဟုတ်လား''

''ဟုတ်တယ်··· မင်းအခန်းကိုလည်း ရှင်းတယ်''

လိုက်ရတယ်"

"ဘာကိုလဲ"

"ကောင်လေးတွေက ပန်းထွာကို ထော့ကျိုးတဲ့ကွာ။ ငါ့ရင်ထဲမှာ တော်တော်ထိခိုက်သွားတယ်။ ဒီကလေးမလေးကို ဒုက္ခတဘာဝရောက်အောင် ငါတွန်းပို့လိုက်တာပဲဆိုတဲ့ အစွဲ အလမ်းက ငါ့ကို ပိုပြီး နှိပ်စက်တော့တာပဲ"

"မင်းမှာ အပြစ်မရှိပါဘူး"

"ကားနဲ့မတိုက်မိပေမယ့် ကားကိုခပ်ကြမ်းကြမ်းကလေး မောင်းလာတာကိုက ငါ့အပြစ်ပဲပေါ့ လွင်မောင်။ ငါ ကားဘရိတ်ကို သိပ်ကြမ်းကြမ်း မအုပ်ခဲ့ရင် ပန်းထွာလည်း အထိတ်တလန့်ဖြစ်သွားစရာအကြောင်း မရှိဘူး"

"အေး… ကားဘရိတ်ကို ဒီလိုမှ မအုပ်ခဲ့ရင်လည်း ပန်းထွာ အထိတ်တလန့်တော့ မဖြစ်ဘူး။ ကားအောက်ရောက်ပြီး အသက်ပျောက်သွားမှာ အမှန်ပဲ"

"နောက်ပြီး ငါ့ရှေ့မှာ ပန်းထွာခြေကလေး ဆာဆာနဲ့ လမ်းလျှောက်နေတာမြင်တိုင်း ရင်ထဲမှာ ဖြေလို့မရဘူး။ ပန်းထွာကတော့ သူ့ဝေဒနာကို မေ့မေ့





(ဆယ့်တစ်)

သံယောဇဉ်နှင့် ပတ်သက်သည့်အကြောင်း စကားကို
လွင်မောင်ပြောတော့ သူငြိမ်သက်စွာ နားထောင်နေမိသည်။

"ပန်းထွာနဲ့ပတ်သက်လို့ပေါ့။ မင်းကောင်မလေးကို
သံယောဇဉ်ဖြစ်နေပြီလို့ ငါက တရားဝင်ပြောရင် မဖြစ်ပါဘူး၊
တာဘူးဆိုတဲ့ စကားကို အခြေအမြစ်မရှိ မင်း ငါ့ကို ပြောမှာ
ပဲ။ အဲဒီခါကျ မင်းစကားကို ငါယုံမယ်လို့ ထင်သလား"

ယမ်းနှာ၏ အအေးတစ်ဘူးနှင့် မုန့်တစ်ချပ်၏ အရသာ
ကို ခံစားရင်း သူပြုံး၏။

"နောက်ပြီး အချစ်ပေါ့ကွာ"

သည်စကားကိုတော့ သူက ထိတ်ထိတ်ပျာပျာနှင့်
ခေါင်းခါသည်။

"ကိုယ့်ကိုယ်ကိုယ် ကာကွယ်ဖို့ မကြိုးစားပါနဲ့
မင်းသူရာ။ ငါက မင်းနှလုံးသားကို အမြဲမပြတ်

စောင့်ကြည့်နေတဲ့ကောင်ပါ။ မင်း အသည်းနှလုံးကို ငါထွင်းဖောက်ပြီး မြင်ပါတယ်"

"ဘာတွေလဲ"

"အချစ်လေ"

ရင်မှာ သိမ့်သိမ့်ကလေးဖြစ်သွားရသည်ကိုတော့ ကိုယ့်ကိုယ်ကိုယ် သိလိုက်၏။

ပန်ထွာအပေါ်ထားရှိသည့် သူ့သံယောဇဉ်တွေကို လွင်မောင်စောင့်ကြည့်နေမှန်း ခုမှသိရတော့သည်။

"ငါ့ကို အဖြေတစ်ခုတော့ မင်းပေးသင့်တယ်"

"ဘာအဖြေလဲ"

"ပန်ထွာနဲ့ပတ်သက်တဲ့ မင်းရဲ့အသည်းနှလုံးကိစ္စကိုပြောတာ။ မင်း ပန်ထွာကို ချစ်နေပြီဆိုတဲ့ စကားလုံးကို ငါမသုံးချင်ပါဘူး"

မိန်းမချောလေးတစ်သိုက် ဆိုင်ထဲ ဝင်လာသည်။

"ငါ မင်းကို ဘာစကားပြောသင့်သလဲဆိုတာကို စဉ်းစားနေတယ် လွင်မောင်"

"ရှက်ဖို့တော့ မလိုဘူးနော်။ မင်းနဲ့ငါ သူငယ်ချင်းဆိုတာတောင် ကြီးပေါင်းမဟုတ်ဘူး။ ငယ်ပေါင်းကျောင်းသား ဘဝတည်းက ကောင်းတိုင်ပင်၊ ဆိုးတိုင်ပင်နေလာခဲ့ကြတာ"





သူစီးကရက်ကို ရှိုက်ရင်းငြိမ်သက်စွာ နေလိုက်သေး၏။ သူခပ်မဆိတ်နေလိုက်ခြင်းကို လွင်မောင် သဘောပေါက်လိမ့်မည်။

အတန်ကြာမှသူက..

"ပန်ထွာဟာ ထိတ်လန့်တုန်လှုပ်မှုတွေနဲ့ စိတ်ရောဂါခံစားနေရတဲ့ သူလေးဆိုတာ မင်းသိတယ်နော်"

"သိတယ်လေ.. အဲဒါက မင်းရင်ထဲက အသည်းနှလုံးကိစ္စနဲ့ ဘာမှမဆိုင်ဘူး"

"လွင်မောင်ရယ်... မင်းသုံးသပ်ချက်တွေကို ငြင်းချက်မထုတ်တောင် ငါပန်ထွာနဲ့ပတ်သက်ပြီး စည်းတစ်ခုကို အသေဆုပ်ကိုင်ထားရမှာပါ။ နောက်ပြီး ပန်ထွာကလည်း ငါ့ကို အစ်ကိုရင်းတစ်ယောက်ဆိုတဲ့ စိတ်အစွဲရှိနေတယ်လေ"

သည်တစ်ခါတော့ လွင်မောင်ငြိမ်သွားသည်။

မိမိဘက်က အကြောင်းတရားများကိုလည်း လွင်မောင် စဉ်းစားမိလိမ့်မည်။ ထပ်ပြီး စဉ်းစားမိနိုင်အောင် သူက-

"ငါ့ရင်ထဲက စကားတွေကို ဘယ်လိုပြောထွက်မလဲ။ သူက ငါ့ကို အစ်ကိုအရင်းလို့ လုံးဝမှတ်ယူထားတယ်။ ဒါကို ငါက ပန်ထွာကို အစ်ကိုချစ်

တယ်၊ လက်ထပ်ချင်တယ်ဆိုတဲ့ စကားဟာ သူ့အတွက် ဆီလျော်နိုင်ပါ့မလား။ စိတ္တဇကနေ စိတ်နှစ်ခွဖြစ်လာမှ ငါတရားခံဖြစ်နေပါ့မယ် လွင်မောင်ရာ''

''ဒါဖြင့်''

''မင်းပြောသလို ငါ့စိတ်တွေဖြစ်ပေါ်နေတယ်ဆိုရင်လည်း ဒီအကြောင်းအရာတွေကို ငါ့ရင်ထဲမှာပဲ သိမ်းထားလိုက်ပါ့မယ်''

ပန်ထွာနှင့်ပတ်သက်သော အကြောင်းအရာသည် သည်မျှနှင့် ပြီးပြတ်သွား၏။

သူ့ရုံးခန်းထိ ပြန်လိုက်လာစကားပြောပြီး ပြန်ခါနီးမှ လွင်မောင်က…

''ငါ မင်းကို ပန်ထွာနဲ့ သဘောတူပါတယ်''

ဆိုသည့်စကားကို ပြောသွားပါသေး၏။

သူပြန်ရောက်ပြီး တစ်ခဏအကြာမှာ ပန်ထွာဆီက ဖုန်းရောက်လာသည်။

''အစ်ကို ဘယ်တွေလျှောက်သွားနေတာလဲ''

''မသွားပါဘူး''

''လိမ်စရာမရှိ ကြံဖန်လိမ်ပြန်ပြီ။ ဖုန်းလှမ်းဆက်တယ်။ ကောင်မတစ်ယောက်က အပြင်သွားတယ်





ဆိုပြီး ဖုန်းကို ဂွပ်ခနဲချသွားတယ်။ တော်တော်ကို မိုက်ရိုင်းတယ်''

ဖုန်းကိုင်ခွင့်က ရတနာပဲရှိသည်။ ပန်ထွာပြောသလို ရတနာသည် သည်လိုရိုင်းရိုင်းစိုင်းစိုင်းတော့ ပြုမူလိမ့်မည် မဟုတ်။ ပန်ထွာစိတ်ထင်ရာကိုသာ ပြောတာဖြစ်မည်။

''ဟမ်းဖုန်းကို ဆက်ပါလား''

''ဂဏန်းအများကြီးနှိပ်ရတာ စိတ်မရှည်လို့ မဆက်တာ''

''ဒါဖြင့်ပြော… ပန်ထွာမှာ အထူးကိစ္စရှိနေလို့လား''

''အထူးကိစ္စ ဟုတ်လား။ အင်း… ပန်ထွာရဲ့ အထူး ကိစ္စကတော့ သမ္မတမှာ ရုပ်ရှင်ကြည့်ချင်တယ် အစ်ကို''

''သည်နေ့ ဝန်ထမ်းတွေနဲ့ အစည်းအဝေးရှိတယ် ပန်ထွာ။ အစ်ကိုအပြန်နောက်ကျမယ်။ နက်ဖြန်မှ ကြည့်နော်''

''ဟေအေး… မလိုချင်ဘူးအစ်ကို။ အစ်ကိုညနေကျ စောစောပြန်လာခဲ့ရမှာပဲ။ ပြန်ရောက်မလာရင် ကိုယ့်ကိုယ်ကို အဆိပ်သောက်သတ်သေလိုက်မယ်''

"ဟဲ့... ဟဲ့..."

သူ့ဟဲ့ ဟဲ့ တစ်ဝက်တစ်ပျက်မှာပင် တစ်ဖက်က ဖုန်းချသွားသည်။ ဒါကို သူက လွင်မောင်ကို ဖုန်းဆက်ပြီး ပြောတော့..

"ကောင်မလေးက မင်းကို အရမ်းနဲ့ဆိုးဆိုးနေပြီ။ မသွားနဲ့ကွာ။ ကိုယ်လုပ်စရာရှိတာ ဆက်လုပ်"

"ဟာ... တော်ကြာ သူ့ကိုယ်သူ သတ်သေလိုက်ရင် ဘယ့်နှဲ့လုပ်မလဲ"

"မင်းကို အကြပ်ကိုင်တာ။ သူ့ကိုယ်သူ ဘယ်တော့မှ သတ်မသေဘူး"

"ပန်ထွာစိတ်က ပုံမှန်အခြေအနေမှာ မရှိဘူးလေကွာ။ တကယ်လုပ်မလုပ်ကို ဘယ်သူအာမခံနိုင်မှာလဲ"

"ဒါဆိုလည်း သူပြောတဲ့အတိုင်း လိုက်ပြလိုက်ပေါ့ကွ။ ဘာလို့ ငါ့ဆီဖုန်းဆက်ပြီး ပြောနေရသေးလဲ"

ရုံဖန်ရုံခန်မှာ လွင်မောင်က စိတ်မရှည်တတ်။ ခုလည်း ဖုန်းခွက်ကို ခပ်ကြမ်းကြမ်းချသွားသည်။

မတတ်နိုင်တော့။

လုပ်ငန်းပိုင်းဆိုင်ရာ ပုံမှန်အစည်းအဝေးကို ရက်ရွှေ့





လိုက်ရသည်။ အိမ်ကိုစောပြီးပြန်တော့ သူ့ကိုမြင်သည်နှင့် ပန်ထွာမျက်နှာ ဝင်းပနေ၏။

"အစ်ကိုက အရမ်းလိမ္မာတာပဲ"

သူဘာမှ မပြောဘဲနေတော့ ထုံးစံအတိုင်း လက်မောင်းကြီးကို မှီခိုဆွဲသည်။ သည်နေ့ သမ္မတမှာ ဘာကားပြသည်ကိုလည်း သူမသိ။ ရုံရောက်တော့မှ အင်္ဂလိပ်ကားမှန်းသိသည်။ ဇာတ်လမ်းကလည်း စိတ္တဇဆန်ဆန်။

ဒါတွေထားတော့။

ရုပ်ရှင်ထဲမှာ မင်းသားနှင့်မင်းသမီး ခပ်ကြမ်းကြမ်းနမ်းသည်ကိုကြည့်ကို သူဘယ်လို နေရထိုင်ရမည်မှန်းပင် မသိ။

ပန်ထွာကို မသိမသာစောင်းငဲ့ကြည့်တော့...

သူမကတော့ ခပ်တည်တည်ပါပဲလေ။

✿ ✿ ✿

(တစ်ဆယ့်နှစ်)

ပဲခူးကို ဘုရားဖူးသွားချင်တယ် အစ်ကိုဆိုသည့် စကားကို ရက်သတ္တနှစ်ပတ်လောက်ကတည်းက ပန်ထွာပြော ခဲ့သည်။

မနေ့ကတော့ ရက်အတိအကျပြောလာသဖြင့် လွင်မောင်ကို အဖော်ညှိရသည်။

"တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ပြီး ပျော် ရမယ့်ခရီးတိုလေးကွာ။ နှစ်ယောက်တည်း လွတ်လွတ်လပ်လပ် သွားစမ်းပါ"

"မဟုတ်ဘူး‥ မင်းကိုခေါ်ဖို့ ပန်ထွာ့သဘောထား လည်းပါတယ်"

လွင်မောင်က မျက်မှောင်ကြုတ်ပြီး‥

"ပန်ထွာက ဘာစိတ်ကူးပေါက်ပြီး ငါ့ကိုခေါ်ချင်ရ တာလဲ"





"မင်းကို ဓာတ်ပုံရိုက်နိုင်းဖို့ ခေါ်တာမောင်"

"အရှုးမကလေးသည်း ဓာတ်ပုံရိုက်ဖို့တော့ ဝါသနာပါ သားပဲ"

"အရှူးမလို့ မခေါ်စမ်းပါနဲ့ကွာ"

"ကျီစယ်တာပါဟာ။ မင်းနဲ့ပတ်သက်ပြီး ငါ ပန်ထွာကို ငါဘယ်လောက်ခင်မင်တယ်ဆိုတာ မင်းသိရက်သားနဲ့"

"သနားလို့ပါ လွင်မောင်ရာ။ ငါပန်ထွာ စိတ်ချမ်း ချမ်းသာသာရှိနေတာကို မြင်ချင်တယ်။ ပန်ထွာ့ ဆန္ဒတွေ အားလုံးကို ငါကဖြည့်ဆည်းပေးချင် တယ်။ သူ့မျက်နှာ ညှိုးညှိုး ကလေးဖြစ်နေရင် ငါနေလို့ မတတ်တော့ဘူး"

"သူကဘာလို့ မျက်နှာညှိုးညှိုးဖြစ်ရတာလဲ"

"တစ်ခါတလေပါ။ အကြောင်းအရာတစ်ခုခုကို သူစဉ်းစားနေပုံပဲ"

"သူ့အတိတ်ကိုများ သတိရချင်နေလို့လား"

"မသိဘူး။ အဲဒီလိုခါမျိုးကျရင် ငါသူ့ကို ကား ပေါ်တင်ပြီး မြို့ထဲဝန်းကျင်လျှောက်ခေါ်သွားပစ် လိုက်တာပဲ။ အဲဒီ ခါကျတော့လည်း သူပျော်နေ တာပဲ လွင်မောင်"

"သူသတိပြန်ရမှာကို မင်းစိုးရိမ်နေတယ် မဟုတ်လား"

သူရယ်နေလိုက်၏။

သည်ညနေအေးမှာတော့ နှစ်ယောက်သား ဘီယာလောက်သာသောက်ဖြစ်သည်။ နက်ဖြန်သွားမည့် ပဲခူးခရီးမှာ ပန်ထွာကို ပျော်ရွှင်စေချင်ပါသည်။

အပြန်မှာ လွင်မောင်က ဖလင်လိပ်ဆယ်လိပ်လောက် ထည့်ယူလာမယ်ဆိုသည့် စကားကို ရယ်ရယ်မောမောနှင့် ပြောပါ၏။

✿ ✿ ✿



(တစ်ဆယ့်သုံး)

ပန်ထွာ၏ အလှဆုံးခြယ်သခြင်းကို သည်တစ်ခါသာ သူမြင်ဖူး၏။ ဖီးလိမ်းပြင်ဆင်ပြီး လှရဲ့လားအစ်ကိုဆိုသည့် အမေးစကားကိုလည်း ပြောသည်။

"ပြောလေ"

"ဘာကိုပြောရမှာလဲ ပန်ထွာ"

"လှရဲ့လားလို့"

"ပန်ထွာက အမြဲလှနေတော့ ပြောဖို့ မလိုဘူးထင်တယ်"

"မပင့်နဲ့နော်။ အဲဒီစကားက အမှန်လား"

"အမှန်ပါ"

"ပျော်သွားပြန်ပြီ အစ်ကို"

ကလေးတစ်ယောက်၏ ဝမ်းမြောက်ခြင်းမျိုးကို ပန်ထွာပြသည်။ သူနှင့်ပန်ထွာ နှုတ်ကာသီကာ စကားပြောနေလျှင် ကြီးဖွားလုံက ဘေးမှာရပ်ပြီး တပြုံးပြုံး။

ပန်ထွာကို ဘေးမှာထားပြီး ကားမောင်းထွက်ခဲ့တော့ ဥရောပရေမွှေးနံ့သင်းသင်းတာ နှာဝကိုစွဲသည်။ ကားမောင်းရင်း မှတ်မှတ်ရရသတိရဖြစ်သည်က သည်နေ့သည် မြပဒုမ္မာခြံကြီးသို့ ပန်ထွာရောက်လာတာ သုံးလတင်းတင်းပြည့်သည့်နေ့ပါပဲ။

လွင်မောင်ကို ဝင်ခေါ်ပြီး ပဲခူးခရီးဆက်သည်။

လွင်မောင်က ကားနောက်ခန်းမှာ အေးအေးလူလူ **ထိုင်ပြီး** ပါလာ၏။ ပန်ထွာကတော့ စကားတွေ အတောမ**သတ်။** '**ကိုလွင်မောင်ကြီး** ဓာတ်ပုံကော ကောင်းကောင်း**ရိုက်တတ်ရဲ့လား**' ဆိုသည့် အမေးစကားကိုလည်း မေးသည်။

ဒါကို လွင်မောင်က…

"ဓာတ်ပုံလည်း ကောင်းကောင်းရိုက်တတ်တယ်။ **စိတ်**မထင်ရင် လူကိုလည်း နှစ်တစ်လက်မတုတ်နဲ့ ခေါင်းကို ရိုက်ခွဲတတ်တယ်"

"ရန့်စတာလား"

ပန်ထွာ၏ ခပ်ဆတ်ဆတ်စကားကြောင့် သူက နောက်ကြည့်မှန်မှနေ၍ လွင်မောင်ကို မျက်စိမှိတ်ပြရသည်။ လွင်မောင်ကလည်း အကင်းပါသည်။

"ပန်ထွာလို ချောချောလှလှကောင်မလေးကို ကိုယ်က ဘယ်ရိုက်ရက်ပါ့မလဲ။ ကားမောင်းနေတဲ့



ပန်ထွာဘေးက ရုပ်ဆိုးဆိုး ငနဲကို ရိုက်ချင်တာပါ"

"အစ်ကို့ကိုတော့ မရိုက်ပါနဲ့ ကိုလွင်မောင်**ရယ်။** အစ်ကို သနားပါတယ်"

"ကောင်းပြီလေ ပန်ထွာတောင်းပန်လို့ **မရိုက်** တော့ပါဘူး"

သူပြုံးနေဖြစ်သည်။

လွင်မောင်ကလည်း ပန်ထွာနှင့်အပြိုင် **သည်လိုစပ်** ကြောင်ကြောင်လည်း ပြောဆိုနေထိုင်တတ်၏။

ပဲခူးဘက်ဦးတည်ရင်း လှည်းကူးအလွန် လယ်ကွင်းနံဘေးတွင် ဓာတ်ပုံရိုက်ချင်သည်ဟု ပန်ထွာကပူဆာသည်။

"ပဲခူးကျမှ ဘုရားတွေဖူးရင်း ရိုက်ပါလား ပန်ထွာ"

"အစ်ကိုကလည်း လယ်ကွင်းကြီးကို နောက်ခံထားပြီး ရိုက်ရင် တောသဘာဝလေးပေါ့ အစ်ကိုရာ။ ဟုတ်တယ်မို့လား ကိုလွင်မောင်"

လွင်မောင်ကို အဖော်လုပ်မ်းညှိသေး၏။

"သိပ်ဟုတ်တာပေါ့ ပန်ထွာရာ"

သူ ဘာမှ ပြောနေစရာမလိုတော့။ ရှုခင်းကောင်းမည့် လယ်ကွင်းနံဘေးမှာ ကားကိုရပ်လိုက်သည်။

ကားပေါ်က အဆင်းမှာ လွင်မောင်က ကင်မရာကို

အဆင်သင့်ပြင်ထား၏။ ပန်ထွာက ချောင်းစပ်ကလေးမှာ ရပ်ရင်း…

"အစ်ကိုလာလေ"

"ပန်ထွာပဲ ရိုက်ပါ"

"နှစ်ယောက်အတူရိုက်မှာပေါ့ အစ်ကိုရ။ ပန်ထွာ တစ်ယောက်တည်း မရိုက်ချင်ပါဘူး"

လွင်မောင်ကလည်း မီးလောင်ရာ လေဝင်ပင့်၏။

"ဟုတ်တယ်လေကွာ… ပန်ထွာ့ဘေးကို မင်းဝင်လိုက်"

အကြောင်းတရား၊ အကျိုးတရား ဆင်ခြင်ရန် အချိန်မရတော့။ ပန်ထွာစိတ်ဆိုးစိတ်ကောက်မှာကိုလည်း သူစိုးရိမ်သည်။ ပန်ထွာ့ဘေးမှာ ဝင်ရပ်တော့ ဘာရယ်မသိသည့် ရင်ခုန်မှုတစ်ခုကို သူခံစားရ၏။

"အာ… နှစ်ယောက်သား ဒီလိုကြီးမတ်တတ်ရပ်ရိုက်လို့ကတော့ ဘယ်လိုအသက်ပါမလဲကွာ။ မင်းသူ… မင်းက ပန်ထွာ့ပခုံးစွန်းကို ဖက်ထားလိုက်လေ"

"အင်းလေ အစ်ကိုကလည်း ကျောက်ရုပ်ကြီးလိုပဲ။ ဖက်လေ… ကိုယ့်ညီမ ကိုယ်ဖက်တာပဲဟာ"

အိပ်မက် မဟုတ်သော ရင်ခုန်မှုတွေ…





ရင်မှာ့လှုပ်ခတ်စွာနှင့် ပန်ထွာ့ကို အဖက်မှာ လွင်မောင့်ရိုက်ချက်တွေက တဖျပ်ဖျပ်။

ပဲခူးမရောက်ခင် လမ်းခုလတ်မှာပင် သူနှင့်ပန်ထွာကို လွင်မောင်က ဆယ်ပုံနီးပါးရိုက်ခဲ့သည်။

ပဲခူးဘုရားဖူးခရီးစဉ် တစ်လျှောက် ရိုက်ဖြစ်သည့် ဓာတ်ပုံများတွင် ပန်ထွာတစ်ယောက်တည်း ရိုက်သည့် ဓာတ်ပုံထက် သူနှင့်တွဲဖက်ရိုက်သည့် ဓာတ်ပုံများက များနေသည်။ စိန်သာလျောင်းဘုရားကြီး၏ ရေကန်နံဘေးမှာ ဓာတ်ပုံရိုက်တော့ လွင်မောင် ကျိစယ်တာနည်းနည်းလွန်သည်ဟု သူထင်သည်။

"ရိုက်ချက်တွေထဲမှာ မင်းသူက ပန်ထွာကို ဖက်တာတွေက များနေတယ်။ သည်တစ်ခါတော့ ပန်ထွာက ကိုယ့် အစ်ကိုကို ခပ်တင်းတင်းလေး ဖက်ထားရမယ်"

"ဟုတ်လား… ပန်ထွာက အစ်ကို့ရင်ခွင်ထဲ သည် လိုဝင်ပြီး အရိုက်ခံလိုက်ရင် ပိုမကောင်းဘူးလား ကိုလွင်မောင်"

ပန်ထွာက ရှယ်ရယ်နောက်နောက်နှင့် ဟန်အမူရာ လုပ်ပြသည်ကို လွင်မောင်က ရိုက်ချက်မိအောင် ရိုက်လိုက်၏။

ဘာပဲဖြစ်ဖြစ်…

သည်နေ့ကတော့ သူနှင့်ပန်ထွာအတွက် ပျော်ရွှင်ဖွယ်ကောင်းတဲ့ အပျော်ခရီးပါပဲ။

လွင်မောင်ကလည်း ခပ်တည်တည်နဲ့ အစသန်သန်။

နင်တို့က ဘင်္ဂလားမောင်နှမဟု လွင်မောင်ပြောတော့ ပန်ထွာက အနက်အဓိပ္ပာယ်ကို မရမကလိုက်မေးသဖြင့် သူမျက်လုံးမျက်ဆန်ပြူးရသေး၏။

သို့သော်လည်း လွင်မောင်က အဖြေကို ပါးနပ်စွာပေးသည်။

"ဘင်္ဂလားသရက်သီးက ချိုတယ်လေဟာ။ နင်တို့ မောင်နှမက အရမ်းချစ်ကြတော့ ငါက သရက်သီး ချိုမြမြလေးနဲ့ တင်စားပြီး ဘင်္ဂလား မောင်နှမလို့ ပြောတာပါဟ"

ယင်းအဖြေကိုတော့ ပန်ထွာက လက်ခုပ်လက်ဝါးကလေးတီးပြီး သဘောကျရသည့် အခြေထိ ဆိုက်ရောက်ပါသည်။

ပဲခူးကပြန်အထွက် မြို့အစွန်မှာ သူနှင့် လွင်မောင် ကားပေါ်ကဆင်းပြီး စတိုးဆိုင်တစ်ခုမှာ စီးကရက်ဝင်ဝယ်တော့သူက‥

"ရိုက်ချက်တွေ အရမ်းများနေပြီ လွင်မောင်"

ဘုန်းမောင်သစ်စာပေ



"ဒါတောင် အပြန်မင်္ဂလာဒုံဥယျာဉ်မှာ ရိုက်ဖို့ တစ်လိပ်ကျန်သေးတယ်။ မင်းအယ်လဘန်ကိုတော့ နှစ်အုပ် လောက်ကို ဝယ်ရလိမ့်မယ်"

"ကြည့်လုပ်ပါကွာ။ ငါနဲ့ပန်ထွာ သမီးရည်းစားမှ မဟုတ်တာ"

"ဒါပေမယ့် မင်းရဲ့ချစ်သူလေ"

"ဒါက ငါတစ်ဖက်သတ်ဖြစ်နေတဲ့ နှလုံးသားကိစ္စပဲဟာ။ နောက်ပြီး သူက ငါ့ကို အစ်ကိုအရင်းလို့ ထင်နေတာ"

"ဘာပဲဖြစ်ဖြစ်လေ။ ငါက မင်းတို့နှစ်ယောက် မောင်နှမမဟုတ်ဘူးဆိုတာ သိနေတော့ ခံစားမှု အပြည့်နဲ့ကို ရိုက်ပေးတာ"

"ဘဝအကြောင်းတရားတွေက ဘယ်လိုဖန်လာဦးမလဲ မသိဘူး"

"တစ်သက်တာအတွက် အမှတ်တရတွေကတော့ မှတ်တမ်းတင်ပြီးသွားပြီလေ"

ကားဆီပြန်လျှောက်ခဲ့သည်။

ကားပေါ်တက်တော့ ပန်ထွာက‥

"အစ်ကိုနဲ့ ကိုလွင်မောင် ဘာတွေပြောနေကြတာလဲ"

ဘုန်းမောင်သစ်စာပေ

"မပြောပါဘူး"

"လိမ်ပြန်ပြီ။ ဆိုင်ထဲမှာ ပါးစပ်လှုပ်စိလှုပ်စိနဲ့ ပြောနေကြတာကို ကားထဲက မြင်တယ်"

လွင်မောင်ကတော့ ရယ်နေသည်။

သူက ကားစက်ကို နှိုးသည်။

"ပြောလေ။ ဘာတွေပြောနေကြတာလဲ"

"မင်္ဂလာဒုံဥယျာဉ်ရောက်ရင် ပန်ထွာကို ဘယ်လိုပို့စ်နဲ့ ဓာတ်ပုံရိုက်မယ်ဆိုတာကို လွင်မောင်က ပြောနေတာ"

"အဲဒါကို ဘာမှမပြောပါဘူးဆိုတဲ့စကားကို ပြောဖြစ်အောင် ပြောသေးတယ်"

ပန်ထွာသည် အစဉ်ထာဝရ ကလေးဆန်တတ်ပြီး ရှုံ့ဖန်ရှုံ့ခါတွင် သည်လိုလူကြီးပုံစံမျိုးနှင့်လည်း စကားကိုပြောတတ်၏။

လှည်းကူးမှာ နွားနို့ဝင်သောက်ပြီး မင်္ဂလာဒုံဥယျာဉ်ရောက်တော့ မွန်းလွဲပိုင်းကျော်နေပြီ။

ပတ်ဝန်းကျင်၏ သဘာဝအလှနှင့်အတူ သိမ်မွေ့နူးညံ့သည့် လေပြေ၏အထိတွေ့ကို ခံစားရင်း ပန်ထွာက သူ့လက်မောင်းကြီးကို ဆုပ်ဖက်၏။ ပြီးတော့ လမ်းလျှောက်ရတာ ပျော်တယ်အစ်ကိုဟုလည်း ပြောသည်။





လွင်မောင်ကတော့ ဓာတ်ပုံကို ပုံစံအမျိုးမျိုးနှင့် ရိုက်သည်။ ပန်ထွာ ကန်ရေစပ်နားသို့ ပြေးဆင်းအသွားမှာ လွင်မောင်က သူ့နားသို့ တိုးတပ်ပြီး...

"ကောင်မလေး သတိပြန်ဝင်နေပြီလို့ ငါထင်နေတယ် မင်းသူ။ မင်းကို သံယောဇဉ်ကြီးပြီး သတိမေ့ချင်ယောင်များ ဆောင်နေသလားမသိဘူး"

"မဟုတ်ပါဘူး။ ငါက သူနဲ့တစ်အိမ်တည်း တစ်ခြံတည်း နေ့တိုင်းနီးနီးကပ်ကပ်ရှိနေတဲ့ဟာ ငါမလေ့လာ တတ်ဘဲ နေမလား"

"မိန်းမတွေဟာ တို့ယောကျ်ားတွေထက် ဟန်ဆောင်ကောင်းတယ်ဆိုတာကိုတော့ မင်းမေ့ထားလို့ မဖြစ်ဘူး"

အကြောင်းအရာမဟုတ်သည့် စကားအပေါ်မှာ သူစိတ်ဝင်စားခြင်းမရှိ။

သူနှင့်လွင်မောင် ပန်ထွာကိုကြည့်နေဆဲမှာ ပန်ထွာ မိမိတို့ထံပါးသို့ အယားဖားယားနှင့် ပြေးလာ၏။

"အစ်ကိုရေ... မြွေကြီးတော့"

"ဘယ်မှာလဲ... ဘယ်မှာလဲ"

ပန်ထွာကိုဖက်ထားရင်း လက်ညှိုးညွှန်ရာသို့ လှမ်းကြည့်သည်။ အမျိုးမည်မသိ လုံးပတ်တစ် လက်မခန့်

ရှိ ရှည်ရှည်လျားလျား မြွေက ရေထဲငုပ်ဆင်းသွား၏။

"အဲဒီသဘာဝကတော့ ခါတ်ပုံပြိုင်ပွဲဝင်ရင် တောင် ရလောက်တယ်ကွာ"

"မင်းကလည်း အရေးထဲ"

"ပန်ထွာရဲ့ အထိတ်တလန့်ပြေးလာတဲ့ဟန်ကွာ။ နောက်ပြီး ကြောက်လန့်တကြားနဲ့ မင်းကို ပြေးဖက် လိုက်တာ။ ဒါ သဘာဝအကျ်ရှင်ပဲကွ။ ငါ အမိအရ ကို ရိုက်ထားလိုက်ရ တာ"

ပန်ထွာခမျာ မရယ်နိုင်မပြုံးနိုင်။

ကြောက်လန့်စိတ်က အိမ်အဝ ၏။

ညဘက်ကြောက်ဖျားတ ိုယ်ကလေးနွေး လာသဖြင့် သူပန်ထွာအတွက် ဆရ ဝန် ုပ်ရပါသေးသည်။

✿ ✿ ✿





(တစ်ဆယ့်လေး)

ရှေ့မှာရပ်လာသည့် အရိပ်တစ်ခုကြောင့် စာရင်းများ စစ်ဆေးနေရာမှ ရတနာက ခေါင်းမော့လိုက်သည်။

အမျိုးသမီးလှလှတစ်ယောက်ပါပဲ။

မိမိနှင့် အသက်ရွယ်တူလောက်ရှိလိမ့်မည်။

"ထိုင်ပါရှင်… အထူးကိစ္စများရှိတယ် ထင်ပါ ရဲ့"

ရတနာ ရင်မှာတော့ ခပ်ထိတ်ထိတ်ကလေးဖြစ်ရ သည်။ မန်နေဂျာစားပွဲရှေ့လာရပ်ခြင်းသည် အရောင်းဝန်ထမ်း တွေနှင့်များ စကားအဆင်မပြေဖြစ်လာတာလား။ သည်လို အတွေ့အကြုံမျိုးတော့ ရတနာမှာ အပြည့်အဝရှိခဲ့သည်။

"ထိုင်ပါရှင့်"

ဒုတိယအကြိမ် ဧည့်ဝတ်ပြုသော်လည်း အမျိုးသမီး ၏ မျက်နှာဟန်အနေထားက တစ်မျိုး။

"ထိုင်ဖို့လာတာ မဟုတ်ဘူး"

"ဒါဆိုရင် အမိန့်ရှိပါရှင့်။ အရောင်းဝန်ထမ်း ကလေးမလေးတွေက ညီမကို စိတ်အနှောင့်အယှက် ဖြစ်အောင် ပြုမူလိုက်ကြပြီထင်တယ်"

"ဘာတွေ လာပြောနေတာလဲ။ ဦးမင်းသူထိုင်တဲ့ အခန်းကို သိချင်တယ်"

ပြဿနာက ကြီးထွားလာလေသလား။

ရတနာခြေဖျားလက်ဖျားပင် အေးစက်ချင်လာ၏။

"ဦးမင်းသူအခန်းက ဒီအခန်းပါ။ ဒါပေမယ့် ဆရာ ဦးမင်းသူ မရှိပါဘူး။ အပြင်သွားပါတယ်"

ပြောပြီး ကြည့်နေဆဲမှာ သူမက မှန်လည်တံခါးကို တွန်းဖွင့်ပြီး အထဲဝင်သွား၏။

ရတနာ ငြိမ်သက်နေ၍မဖြစ်တော့။

ထိုင်ရာမှ ကပျာကယာထပြီး အထဲသို့ အပြေး ကလေးလိုက်ရသည်။

"မဟုတ်ဘူးလေ။ ဘာဖြစ်ချင်တာလဲ၊ ဘာပြော ချင်တာလဲ၊ ဆရာဦးမင်းသူမရှိရင် ဒီဖက်ရှင်ရှော့ခ်မှာ တို့ဆုံးဖြတ်နိုင်ခွင့်ရှိတယ်"

"မသိဘူး"

"မသိဘူးပြောလို့ မရဘူးလေ။ မင်းဘယ်သူလဲ။





စင်တာရဲ့ လုံခြုံရေးတွေကို ခေါ်ပြီး မင်းကို အပြင်ဆွဲထုတ် ခိုင်းရမလား"

ပြောပြီး မျက်နှာကို စေ့စေ့ကြည့်နေမိ၏။

အံ့ဩဖွယ်ကောင်းသည်က သူမသည် ကြောက်လန့် ဟန်တစ်စက်လေးမှ မပြသည့်အပြင် ဆရာဦးမင်းသူ ထိုင် သည့် ဆုံလည်ကုလားထိုင်မှာ ဝင်ထိုက်လိုက်သေးသည်။

"ရှင်က ကျွန်မ ဘယ်သူဆိုတာ သိချင်တယ် လား"

"ဟုတ်တယ်"

သည်တစ်ခါတော့ ရတနာ့အသံက မာဆတ်သွား၏။

"ပြောပြမယ်… သေချာနားထောင်၊ နာမည်က ပန်ထွာတဲ့။ ရှင်တို့ဆရာသူဌေး ဦးမင်းသူရဲ့ တစ်ဦး တည်းသော ညီမ"

"ဟင်"

ရတနာ အံ့ဩခြင်း အံ့ဩနေရ၏။

မိမိရှေ့က အမျိုးသမီးက ဆရာဦးမင်းသူရဲ့ ညီမတဲ့။

ဖြစ်နိုင်ပါ့မလား။

မိမိ ဦးမင်းသူနှင့် တွဲဖက်လုပ်ကိုင်လာသည်မှာ လေးငါးနှစ်တာမျှကြာပါပြီ။ ဦးမင်းသူက သူ့မှာ ညီမရှိသည် ဟု တစ်ခါမျှ မပြောခဲ့။

"အတူနေကြတာလား။ အဲ… ဆောရီးနော်။ မေး ချင်တာက နယ်ကရောက်လာတဲ့ ညီမလေးများ လားလို့"

"ရှင့်အမေးက တော်တော့်ကို အူကြောင်ကြောင် နိုင်ပါလား။ အတူမနေလို့ ကမ္ဘာခြားနေရမှာလား"

ရတနာခေါင်းနောက်ကျိလာပါ၏။

ဆရာဦးမင်းသူနေသည့် မြပဒုမ္မာခြံကြီးကို သူမ မရောက်ဘူးသည်လည်းမဟုတ်။ လွန်ခဲ့သည့် လေးငါးလက ပင် ဝန်ထမ်းများအား သီးသန့်ဧည့်ခံမှုအတွက် မြပဒုမ္မာကို ရောက်ခဲ့သေးသည်။ သို့သော်လည်း သည်အမျိုးသမီးကို မမြင်ဘူးခဲ့။

နောက်ပြီး…

မြပဒုမ္မာမှာ နေထိုင်သည့် လူသားအားလုံးနှင့်လည်း ရတနာသိကျွမ်းရင်းနှီးပါသည်။

ဒါဆို…

ဒီအမျိုးသမီးသည် ဘာလဲ။

သူဌေးထိုင်သည့် ကုလားထိုင်မှာ ဝင်ထိုင်ဝံ့ခြင်းသည် ကလည်း ရတနာအတွက် စဉ်းစားစရာဖြစ်နေ၏။

"အစ်ကိုက သည်လိုပဲ အပြင်ကို လျှောက်ထွက် နေတတ်သလား"





"လုပ်ငန်းကိစ္စသွားတာပါ။ ဒါနဲ့ မေးပါရစေ နော်"

"ဘာမေးမှာလဲ"

"ပန်ထွာ ဒီကိုဘာနဲ့ လာတာလဲဟင်"

"ကားနဲ့လာတာပေါ့ရှင့်။ အိမ်မှာ ကားနှစ်စီး တောင် ရှိတဲ့ဟာ။ ဘာလဲ ကားမောင်းပို့တဲ့ ကိုဘိုးမှိ နဲ့ရှင့်ကို မိတ်ဆက် ပေးရအုန်းမှာလား"

ရတနာ မျက်လုံးအဝိုင်းသား ဖြစ်နေ၏။

"ဘယ်လိုဟာတွေမှန်း မသိဘူး။ ဒါကြောင့် ကြီးဖွားလုံ့ကပြောတာ။ ဆိုင်ကိုမသွားပါနဲ့ သမီး ရယ်တဲ့။ ဆိုင်က ကောင်မလေးတွေက စကတ် တိုတိုလေးတွေဝတ်ပြီး ပေါင်ပေါ်ဒူးပေါ်နဲ့ အရှိုးမပြေ ကြတာ မဟုတ်ဘူးတဲ့။ ခုတော့ တကယ့်ကို မှန်နေ ပြီ"

ရတနာ ပင့်သက်ချသည်။

မြပဒုမ္မာ၏ နာမည်အားလုံးကလည်း မှန်နေ၏။

တစ်ခုစဉ်းစားရခက်နေသည်က ဆရာသည် ပန်ထွာနှင့် ပတ်သက်ပြီး သိသင့်သည့်အကြောင်းစကားကို ဘာလို့ မပြောထားရတာလဲ။

စဉ်းစားလို့တော့ ရပါသည်။

ပန်ထွာကို အကဲခတ်လေ့လာတော့ စိတ်အခြေနေ ချို့ယွင်းမှုရှိနေမှန်း စကားပြောရုံနှင့် သိသာခဲ့ပါ၏။

"အစ်ကိုက တို့ကိုတစ်ခါမှ ဒီကိုခေါ်မလာဘူး။ ဆိုင်ထဲ လျှောက်ကြည့်အုန်းမယ်"

ပြောပြောဆိုဆို ထိုင်ရာမှထပြီး ထွက်သွားတော့ ရတနာ သူမနောက်ပါးက အပြေးကလေး လိုက်ရသည်။

ပန်ထွာကတော့ ကောင်တာတစ်ခုပြီးတစ်ခု ဝင်သည်။ အမျိုးသားဝတ်စုံကောင်တာမှာ ဘာပြဿနာမှ မတက် သော်လည်း အမျိုးသမီးဝတ်စုံကောင်တာတွင်မူ…

"အဟား… ခုမှ အကြိုက်တွေ့တော့တယ်"

ရယ်ဒီမိတ်ဝတ်စုံများကို တစ်ခုပြီးတစ်ခု ထုတ်သည်။ ပြီး ကိုယ်မှာကပ်ကြည့်၏။ နှစ်သက်သော ဝတ်စုံနှင့် အရောင် ကို ပွေ့ပိုက်ပြီး နိုင်ငံခြားဖိနပ်ကောင်တာဘက် ကူးမည်အပြု…

"ညီမလေး… အဲသလို ယူလို့မရဘူး"

"အမ်… ဘာဖြစ်လို့လဲ"

"ကောင်တာမှာ ငွေသွင်းရတယ်"

"ဘုရားရေ… ကိုယ့်အစ်ကိုရဲ့ရှော့ပ်မှာ ငွေပေးရ မယ်တဲ့။ ဒီမယ်… အိမ်ကထွက်လာတာ ဘာ ပိုက်ဆံမှ မပါဘူး။ ပါလည်း ပေးဖို့မလိုဘူး။ ရှင်တို့ သူဌေးလာရင်ပြောလိုက်။ ပန်ထွာက သူကြိုက်တာ



တွေ အကုန်ယူသွားတယ်လို့"

အနည်းငယ်တော့ ရုတ်ရုတ်သဲသဲ နိုင်သွားပါသည်။

ရတနာက ကောင်တာမှ အရောင်းဝန်ထမ်း ကလေး လေးများကို မျက်စိမှိတ်ပြပြီး အခြေနေကို ထိန်းသိမ်းရ သည်။

ပန်ထွာယူသွားသမျှကိုတော့ စာရင်းအမြန်ဖွင့်ရသည်။ ပန်ထွာဆိုင်ထဲက ထွက်သွားမှာ အားလုံးသက်ပြင်းချကြရပါ ၏။

"မမရတနာရယ်… သူဌေးမှာ ဒီလိုခပ်ပေါက်ပေါက် ညီမတစ်ယောက်ရှိတယ်ဆိုတာ လုံးဝမသိခဲ့ပါဘူး"

"ခုသိကြပြီမို့လား။ သိကြရင်လည်း ကိုယ့်ပါးစပ် လေးတွေကို ကိုယ့်ဘာသာကိုယ်ပိတ်ထားကြတော့။ သည်နေ့ကတော့ ငါ့အတွက် စိတ်အမောဆုံးနေ့ပဲ"

စိတ်မောလူမောနှင့် ရတနာ မန်နေဂျာခန်းပြန်လာပြီး စားပွဲမှာ အထိုင် ဆရာမင်းသူအပြင်မှ ပြန်ရောက်လာပါ၏။

"အမယ်လေး ဆရာရယ်… အခုမှ ရောက်လာ တော့တယ်"

"ဘာဖြစ်လို့လဲ ရတနာ"

"ဆရာ့ညီမ ပန်ထွာလေ…"

စကားတန့်ပြီး ရတနာက မင်းသူမျက်နှာကို အကဲခတ်ကြည့်ကြည့်သည်။

ကွက်ခနဲ ပျက်သွားသောမျက်နှာမှာ အကြောင်းရာတစ်ခု ရှိသည်ကိုလည်း ရတနာသိလိုက်၏။

× × ×

ရတနာ၏ အကျိုးကြောင်းစကားများအပေါ်မှာ မင်းသူ မျက်စိမျက်နှာပျက်နေ၏။ ရတနာ့မျက်နှာကို ကြည့်ရမှာကိုလည်း သူရှက်ရွံ့နေသည်။

"ရန်ကုန်မြို့ကြီးက အရှုပ်သားမို့လား ဆရာ။ ပထမ ခပ်တည်တည်နဲ့ နာမည်တွေပြောပြီး မလိမ့်တပတ် လာလုပ်တယ်ထင်တာ။ ရှော့ပ်ကနေအပြင်ကို လှမ်းကြည့်တော့ ကိုဘိုးမှိုကလည်း ကားနားမှာ ခေါင်းလေးငိုက်စိုက်နဲ့။ ဆရာ့ ညီမရမ်းကားသွားတာကတော့ ကမ်းကုန်အောင်ပါပဲ ဆရာ"

ပြောရင်းနှင့် ရတနာကပြုံးသည်။

သည်အပြုံးကြောင့် မှန်တွေရိုက်ခွဲမသွားတာကတော့ သေချာသည်။

"မနေ့ကမှ ရောက်လာတဲ့ ခွာမြင့်ဖိနပ်တွေ ဆရာရယ်၊ နှစ်ရန်သုံးရန်ကို ယူသွားတာ။ မေစပယ်က တစ်ရန်နှစ်ရန်ဆို လုံလောက်ပါတယ် မမ့ရယ်ဆို





တာကို ငါ့ဖိနပ်နဲ့ ပိတ်ဆော်လိုက်ရမလားဆိုပြီး ကြိမ်းမောင်းသွားတယ်"

"အင်း... တယ်ခက်ပါလား"

"ဆရာကလည်း ကိုယ့်ညီမအကြောင်းကို ရတနာတို့ကို ကြိုပြောထားဖို့ ကောင်းတယ်"

"စိတ်ဝေဒနာသည်လေးပါ ရတနာ"

"စကားတွေ အများကြီးပြောလာတော့ ရတနာတို့ သဘောပေါက်လိုက်ပါတယ်။ ချောတာကတော့ အရမ်းချောတာပဲနော်"

ရတနာရုံးခန်းထဲက ပြန်ထွက်သွားသည်။

သူ့ရင်ထဲမှာတော့ ဒေါသနှင့် ဆက်နွယ်သည့် လှိုင်းတွေပုတ်ခတ်စပြုနေပြီ။

နောက်ပြီး ကိုဘိုးမှို....

သည်နေရာကို ကိုဘိုးမှိုလိုက်မပို့ဘဲနှင့်တော့ ယန်ထွာဘယ်လိုမှ ရောက်လာစရာ အကြောင်းမရှိ။

✿ ✿ ✿

## (တစ်ဆယ့်ငါး)

ကားပေါ်မှာကတည်းက အလိုမကျမှုက ကိုဘိုးမှီ အပေါ် ဦးတည်လာ၏။

သည်နေ့ည သူအပြန်နောက်ကျသည်။

ခြံထဲ ကားဝင်ကတည်းက ပန်ထွာ၏အရိပ်ရောင်ကို မတွေ့။ နေ့ခင်းက ရှော့ပ်မှာထင်တိုင်းကြဲသွားပြီး မောမောနှင့် အိပ်ပျော်နေလောက်ပြီထင်၏။

ကားကို ဂိုဒေါင်ထဲတန်းသွင်းပြီး တန်းလျားဘက်သို့ သူလျှောက်ခဲ့သည်။ အပြစ်ကို သိဟန်ဖြင့် တန်းလျားရှေ့မှာ ကိုဘိုးမှီ လက်ကလေးပိုက်ရပ်နေ၏။

"ကိုဘိုးမှီကို ကျွန်တော်အပြစ်စကားပြောတာ မဟုတ်ဘူး။ တကယ်ဆိုရင် ပန်ထွာကို ကုမ္ပဏီကို ခေါ်မလာသင့်ဘူး"

"ကျွန်တော်ခေါ်လာတာ မဟုတ်ပါဘူးဆရာ





ရယ်။ ပန်ထွာက အတင်းအကျပ်နဲ့ နိုင်လိုမင်းထက် လုပ်လာတာပါ။ ကျွန်တော်က ခြံစောင့်ပါ။ ကားလည်းမမောင်းတတ်ပါဘူးလို့ တောင်းပန်တာ ကို အပိုတွေပြောမနေနဲ့။ ကြီးဖွားလုံကို ဈေးကို ကားနဲ့လိုက်ပို့တာ ကိုဘိုးမှီမဟုတ်လို့ ဘယ်ကခွေးဝဲ စားကြီးလဲလို့ ပြောသေးတယ်"

"ပန်ထွာဆိုင်ကို မသိပါဘူး"

"အဲဒါကတော့ မောင်မင်းသူရေ... ဖွားလုံကို လည်းမျှညှစ်သတ်မတတ်မေးပြီး ဘိုးမှီကို လိုက်ပို့ခိုင်းတော့တာ"

ယင်းစကားကို နောက်ပါးမှရောက်လာသည့် ကြီးဖွားလုံက ပြောခြင်းဖြစ်သည်။

အဖြစ်တွေက ပြဿနာကို မြပဒုမ္မာတိုက်ကြီးထဲမှာ မပြောရဲ။ ပန်ထွာနီးလာလို့လည်း မဖြစ်။ တန်းလျားရှေ့မှာ ခေါင်းသုံးခေါင်း ဆိုင်နေရသည်။

"ဖွားလုံက လိုက်မသွားပါနဲ့ သမီးရယ်... သမီး အစ်ကိုက အလုပ်များပါတယ်ဆိုတာကိုလည်း ပြောလို့ မရဘူး"

"ကျွန်တော့်ကိုလည်း လိုက်မပို့ရင် တက္ကစီငှားသွား မယ်လုပ်နေလို့ လိုက်ပို့ရတာပါဆရာ။ တက္ကစီ

နဲ့သွားလို့ တောင်ရောက်မြောက်ရောက်ဖြစ်ရင် ကျွန်တော်အပြစ်ဖြစ်ရအုန်းမှာ''

သူပင့်သက်ချယုံမှလွဲပြီး ပြောရန်စကားမရှိတော့။ ခေါင်းကိုသာ အသာယမ်းခါပြီး အိမ်ဘက်ပြန်လျှောက်ခဲ့သည်။ ညှော်ခန်းဆက်တီမှာ သူအချိန်တော်တော်ကြာ ထိုင်ဖြစ်ပါသေး၏။

သည်ကိစ္စက ငြိမ်သက်နေလို့တော့ မဖြစ်။

မနက် ပန်ထွာအိပ်ရာက နိုးပြီး နံနက်စာစားပြီး သည်နှင့် ပန်ထွာကို နားချဆုံးမစကားပြောမှ ဖြစ်တော့မည်။

သူတစ်ညလုံး အိပ်စက်၍မရခဲ့ချေ။

× × ×

နံနက်ရောက်တော့ ပန်ထွာက မနေ့က ဘာမှမဖြစ်ခဲ့သလို၊ သူဘာမှမလုပ်ခဲ့သလို နေသည်။

သို့သော်လည်း ခွာမြင့်ဖိနပ်လေးကို စီးပြပြီး ဆာတာတာ ''ခြေထောက်ကလေးတောင် ကောင်းသလိုဖြစ်သွားတယ်နော်အစ်ကို'' ဟုဆိုပြီး လမ်းလျှောက်အပြ…

သူမကိုယ်သူမ ဘယ်လိုမှ ထိန်းသိမ်းနိုင်ခြင်းမရှိ။

သူမ၏ ပုံမှန်ခြေလှမ်းမဟုတ်သည့်အတွက် ကြမ်းခင်းပေါ်သို့ ယိုင်ကျမည်အပြုမှာ သူက ပန်ထွာကို ဖမ်းကိုင်ထားလိုက်ရသည်။





''သွားပါပြီအစ်ကို''

''ဘာဖြစ်လို့လဲ ပန်ထွာ''

''ခြေထောက်က ခွာမြင့်ဖိနပ်စီးလို့ မရတော့ဘူး အစ်ကိုရဲ့''

သူမမျက်လုံးအိမ်မှာ မျက်ရည်တွေက ရုတ်ချည်း ဝဲတက်လာ၏။

''မစီးချင်တော့ပါဘူး။ အစ်ကို့ခွာမြင့်ဖိနပ်တွေကို ဆိုင်ကိုပြန်ယူသွားတော့''

''ကဲ… အဲဒါကတော့ တစ်ပိုင်းပေါ့ပန်ထွာ။ လောလောဆယ်တော့ အစ်ကိုနဲ့ မျက်နှာချင်းဆိုင်ထိုင်အုန်း''

''ဘာလုပ်မလို့လဲ''

''အစ်ကို့ ပန်ထွာ့ကို စကားပြောမယ်လေ''

ပန်ထွာမျက်မှောင်ကို ကြုတ်သွား၏။

မျက်နှာချင်းဆိုင်မှာဝင်ထိုင်ဖြစ်သည်ထိ ပန်ထွာ့ မျက်နှာကြည်ကြည်လင်လင်မရှိ။

''မနေ့က အပြုအမူပေါ့လေ။ တကယ်ဆို ပန်ထွာ အဲသလို မလုပ်သင့်ဘူး''

''မနေ့က အပြုအမူဟုတ်လား။ နေပါဦး… အစ်ကို ဘာကိုပြောနေတာလဲ''

"ဆိုင်ကိုလာပြီး ပန်ထွာထင်တိုင်းကြဲသွားတဲ့ ကိစ္စကို ပြောနေတာ"

"အပြစ်ရှိလို့လား"

"ရှိတယ် ပန်ထွာ"

သူ့အသံ အနည်းငယ်ဆတ်သွား၏။

မျက်နှာထားကိုလည်း ခပ်တင်းတင်းလုပ်ထားဖြစ်သည်။ အခြေနေက ပျော့ပျော့ပျောင်းပျောင်း မျက်နှာထားနှင့် လုပ်နေလို့မရ။

"ပန်ထွာ့ကို မျက်နှာထား မှုံမှုံကြီးနဲ့လာကြည့်မနေနဲ့အစ်ကို။ ကိုယ့်အစ်ကိုဆိုင်ကို ညီမလုပ်သူလာတယ်။ လိုချင်တာယူသွားတယ်။ အဲဒါ ဆန်းသလား"

"အဲဒါ ဈေးရောင်းနေတာ"

"သိတယ်လေ ဘာဖြစ်လဲ"

"စည်းမဲ့ကမ်းမဲ့ လုပ်ရမယ့် နေရာမဟုတ်ဘူး။ ပန်ထွာလိုချင်တာရှိရင် အစ်ကို့ကို ပြောရမယ်"

"ဘာလဲ··· အစ်ကို့ကောင်မတွေက တိုင်လိုက်လို့ ပန်ထွာ့ကို လာဆူတာလား။ ပန်ထွာယူလာတဲ့ ပစ္စည်းတွေအတွက် အစ်ကို ဒေါသတကြီးဖြစ်နေတာလား"





ပန်ထွာထိုင်ရာမှ ခပ်ဆတ်ဆတ်ထပြီး သူမအခန်းထဲဝင်သွားသည်။ ပြန်ထွက်လာတော့ ဆိုင်မှ ယူသွားသည့် အဝတ်ထည်များ တစ်ပွေ့တစ်ပိုက်ကြီးပါလာ၏။

"ဒါဘာလုပ်တာလဲ"

"ပြန်ပေးတာလေ။ ဥစ္စာခြောက်မနေနဲ့ သိလား။ အစ်ကို့ကို ပန်ထွာ အရမ်းမုန်းတယ်"

"ဟဲ့···"

"ဟဲ့ ဆိုပြီး လာချော့ဖို့ မကြိုးစားနဲ့။ အစ်ကို့ကို လုံးဝစကားမပြောတော့ဘူး"

ပန်ထွာအိပ်ခန်းထဲ ပြန်ဝင်သည်။ တံခါးကိုလည်း ခပ်ကြမ်းကြမ်း ပိတ်ပစ်၏။

သူထိုင်ရာကထပြီး အခန်းဝသို့ လျှောက်ခဲ့သည်။

"တံခါးဖွင့်စမ်း"

"မဖွင့်ဘူး"

"ပြောလိုက်ရင် အဲသလိုကြီးပဲ၊ နောက်ပြီး လုပ်တာကိုင်တာလည်း တစ်ခုမှမဟုတ်ဘူး"

"မသိဘူး··· မသိဘူး·· လာမပြောနဲ့"

တံခါးကိုတွန်းကြည့်သည်။ အတွင်းမှ လော့ခ်ချထားမှန်းသိလိုက်၏။

သူဘာမှ မပြောတော့ဘဲ အပေါ်ထပ်တက်ခဲ့သည်။

ရေမိုးချိုးအဝတ်စားလဲပြီး ကုမ္ပဏီသို့ ထွက်လာချိန်ထိ ပန်ထွာ အပြင်သို့ မထွက်။

ရုံးခန်းမှာ ခပ်ငူငူထိုင်နေမိသည့်အဖြစ်ကို ဆရာ နေမကောင်းဘူးလားဟု ရတနာက မေးသည်။

"ညက အိပ်ချိန်နည်းသွားတယ် ရတနာ။ ခေါင်းက နည်းနည်းကိုက်ချင်လာတယ်"

"ဆေးရှိတယ်။ ရေကလေးနဲ့ သောက်ပြီး မှိန်းနေလိုက်လေ။ သက်သာသွားမှာပါ"

သူခေါင်းကို အသာညိတ်သည်။

ရုံဖန်ရုံခါဖြစ်တတ်သည့် ကိုယ်လက်မအီမသာကိစ္စရပ်များတွင် ရတနာသည် သူနှင့်သင့်လျော်မည့် ဆေးဝါးကို တိုက်ကျွေးနေကျ ဖြစ်သည်။

တစ်နေ့ခင်းလုံး ရတနာ သူ့အနားမှာ ရှိနေ၏။ သူ၏ ခပ်တွေတွေအမူရာကိုကြည့်ပြီး ရတနာက-

"ဆရာ့ ညီမလုပ်သူကို သွားသူတယ်ထင်တယ်"

"ရတနာက ဘယ်လိုလုပ်သိနေတာလဲ"

"ဆရာ့ အမူရာကိုကြည့်ပြီး သိတာပေါ့။ နောက်ပြီး ပန်ထွာက ဆရာဒေါသဖြစ်အောင် ပြန်ပြောလိမ့်မယ်လို့လည်း ထင်တယ်"

"အမှန်ပဲ ရတနာ။ ကိုယ်တော်တော် စိတ်ဆိုးသွားတယ်။ ဒါပေမယ့် အော်ငေါက်ပြီး မပြောပါဘူး။ သူခံစား နေရတဲ့ ဝေဒနာကို ငဲ့ပြီး တော်တော်လေးကို အလိုလိုက် အကြိုက်ဆောင်ခဲ့တာပါ"

"ပန်ထွာက တိတိရိရိကို လှတာနော်"

သူငြိမ်သက်နေလိုက်သည်။

"သူ့ခြေထောက်လေး မသန်တာကို ရတနာ့ဘာမှ မသိဘူး။ ကောင်တာတွေ လျှောက်သွားမှ သိတာ။ အဲဒီ့အတွက် ရတနာအရမ်းကိုယ်ချင်းစာလိုက်မိပါတယ်။ ခြေထောက်က မွေးရာပါ ဖြစ်လာတာလား ဆရာ"

သူပြီးစလွယ် ခေါင်းညိတ်ပြသည်။

ဒီအကြောင်းတရားသည် သူနေ့စဉ်ခံစားနေရသည့် ဝေဒနာ။ သူ့ကြောင့် ပန်ထွာ သည်လိုဘဝမျိုး၊ အဖြစ်မျိုး ရောက်သွားရတာကိုတော့ သူကိုယ့်ကိုယ်ကို ငြင်းချက်ထုတ်နေစရာမလို။

ရတနာ သူမ၏ စားပွဲပြန်သွားပြီး တခဏအကြာတွင် လွင်မောင့်ဆီက ဖုန်းရောက်လာသည်။

"မင်းသူ ငါ့ဆီမှာ ဧည့်သည်ရောက်နေတယ်"

"ဘယ်က ဧည့်သည်လဲ"

"မင်းစကား ပြောကြည့်လေ"




ဘုန်းမာန်သစ်စာပေ

"ဟော့ကောင်… လွင်မောင် မင်းပေါက်ကရတွေ လုပ်လာပြန်ပြီလား။ ဒါဆို ငါဖုန်းချလိုက်မယ်"

"ပြဿနာပါပဲ။ ဧည့်သည်ဆိုတာနဲ့ ဖင်တုန်အောင် ကြောက်နေရပြန်ပြီ။ စိတ်ချသူငယ်ချင်း လက်ရှိအခြေနေမှာ မင်းအတွက် ငါဘယ်ဧည့်သည်ကိုမှ မရှာဘူး။ ဘယ်သူနဲ့မှ လည်း မိတ်ဆက်မပေးဘူး"

"ဒါဖြင့် ခုဧည့်သည်ဆိုတာက…"

"စကားပြောကြည့်လေကွာ"

လွင်မောင်တစ်ဖက်သို့ ဖုန်းခွက်လှမ်းပေး နေမှန်း စိတ်ကသိနေ၏။

ရင်တထိတ်ထိတ်နှင့် နားထောင်နေဆဲမှာ…

"ဟော့ကောင်… ငါပါကွ"

"ငါပါ… နေပါအုန်း… ငါပါဆိုတာ ဘယ်သူလဲ။ နာမည်ပြောမှ သိမှာပေါ့"

"ဩော်…. မင်းက ငါ့အသံတောင် မမှတ်မိတော့ဘူးကိုး။ စဉ်းစားစမ်း။ ဒီအသံရှင်ဘယ်သူလဲဆိုတာ မင်း သေသေချာချာ စဉ်းစားစမ်း"

တစ်ဖက်က ပဟေဠိလုပ်လာ၏။

သူမျက်မှောင်ကုတ်ပြီး စဉ်းစားရတော့သည်။ မင်းနှင့်

ဘုန်းမာန်သစ်စာပေ



သုံးလာသည်ကိုတော့ ငယ်ပေါင်းသူငယ်ချင်းဖြစ်တာကတော့ အသေအချာ။ နောက်ပြီး အသံကကျယ်ကျယ်လောင်လောင်နှင့်အနည်းငယ် ဩသေး၏။

"ဟာ… အေပေး… မျိုးလတ်"

"ဟား… ဟား… ငါ့သူငယ်ချင်းက စီးပွားရေးလုပ်ငန်းရှင်ပီပီ တယ်ပြီးမှတ်ဉာဏ်ကောင်းပါလားကွ"

"ဒါတွေအသာထား။ မင်းဘယ်တုန်းက မြန်မာပြည်ကို ပြန်ရောက်တာလဲ"

"မနေ့က"

"ဝမ်းသာတယ…ဗျာ။ မင်းနိုင်ငံခြားမှာ ကျွန်သွားခံတာ အဆင်ကောပြေရဲ့လား"

"ဟော့ကောင်… အလုပ်သွားလုပ်တာ အဆင်ကောပြေရဲ့လားလို့ မေးစမ်းပါကွ"

သူရယ်သည်ကို ဖုန်းထဲကနေ၍ မျိုးလတ်ကြားလိမ့်မည်။

"ကိုယ့်နိုင်ငံမှာ လုပ်စရာတွေ အများကြီးရှိတာ သူများနိုင်ငံမှာ အလုပ်သွားလုပ်တဲ့ သူမှန်သမျှငါက ကျွန် သွားခံတယ်လို့ပဲ သတ်မှတ်ထားတာ"

"မင်းသူ… ငါ ငယ်ငယ်တုန်းကလို မင်းနဲ့ရန်

ဘုန်းမာန်သစ်စာပေ

မဖြစ်ချင်ဘူး။ ဒီမယ်... မင်းသေသေချာချာ နားထောင်။ ငါရန်ကုန်မှာ နေရက်သိပ်မရဘူး။ ပြန်ရမှာ။ အဲဒါရောက်တုန်းရောက်ခိုက် တို့ သူငယ်ချင်းသုံးယောက် ဒင်နာစားရင်းဆုံမယ်။ မင်း လွင်မောင်ဆီထွက်လာခဲ့။ ငါ သူ့ကုမ္ပဏီရုံးခန်းကပဲ စောင့်မယ်။ ညနေ ခြောက်နာရီနော်''

ပြောပြီး မျိုးလတ်က ဖုန်းချသွားသည်။

နိုင်ငံရပ်ခြားမှာ သွားအလုပ်လုပ်သည့် သူငယ်ချင်းကို ဆုံရမည်ကိုတော့ သူပျော်မိသည်ကတော့အမှန်။ မိမိ၊ လွင်မောင်နှင့် မျိုးလတ်က ကောင်းတိုင်ပင် ဆိုးဆိုင်ပင် သူငယ်ချင်းတွေ။ မိမိတို့လို ငွေကြေးတောင့်တင်းသည့် မိဘမျိုးရိုးက ဆင်းသက်လာသော်လည်း ကိုယ့်နိုင်ငံမှာ လုပ်ငန်းထူထောင်လိုစိတ်မရှိ။ ဒီကောင်က ငယ်ငယ်ကတည်းက နိုင်ငံခြားရူးရူးသည့်ကောင်။

ညနေစောင်းစောင်းမှာ သူမြပဒုမ္မာကို ဖုန်းလှမ်းဆက်သည်။ ခါတိုင်း ပန်ထွာဖုန်းကိုင်သော်လည်း ယခုကြီးဖွားလုံ ကိုယ်တိုင် ဖုန်းလာကိုင်၏။

''ကျွန်တော်ပါ ဖွားလုံ''

''ပြော မောင်မင်းသူ''

''ပန်ထွာ ဘာလုပ်နေလဲ''





''အခန်းထဲ အောင်းနေတယ်။ အပြင်လည်း မထွက်ဘူး။ မင်းကို စိတ်ကောက်ပြနေတာ ထင်ပါရဲ့''

''ကျွန်တော်ရောက်လာရင် စိတ်ပြေသွားမှာပါ။ ဒါနဲ့ ဖွားလုံ.. သည်နေ့ ကျွန်တော် အပြန်မိုးချုပ်မယ်''

''အစည်းအဝေးရှိလို့လား''

''မရှိပါဘူး။ သူငယ်ချင်းတစ်ယောက် နိုင်ငံခြားက ခဏပြန်လာတာ။ ညစာအတူစားကြသောက်ကြမှာဆိုတော့ မိုးချုပ်မယ်ဆိုတာကို လှမ်းပြောတာပါ''

''အေး.. အေး။ ဖွားလုံ ပန်ထွာကိုလည်း ပြောပြလိုက်မယ်။ ဒါနဲ့ မောင်မင်းသူ''

''ပြော ဖွားလုံ''

''သည်နေ့ ဖွားလုံရဲ့မွေးနေ့လေ။ ညခုနစ်နာရီလောက် ကိုးထပ်ကြီးဘုရားမှာ ပုတီးသွားစိပ်ချင်တယ်။ ကိုဘိုးမှီကားမောင်းပို့ခိုင်းမလို့လည်း စဉ်းစားထားတယ်''

''သွားလေ... ပန်ထွာလိုက်မယ်ဆိုရင် ခေါ်သွားပေါ့''

"အေး… အေး"

သူဖုန်းခွက်ကို ပြန်ချလိုက်သည်။

သည်နေ့ အလုပ်မှာလည်း သူစိတ်ဝင်စားခြင်းမရှိ။ ဝီစကီသောက်ရင်း ပန်ထွာ၏ဆိုးနွဲ့မှုများကို သူငယ်ချင်းတွေကို ပြောချင်နေသည်။

မျိုးလတ်က ပန်ထွာကို မမြင်ဘူးသော်လည်း လွင်မောင်ပြောပြ၍ ပန်ထွာအကြောင်းကို သိနှင့်နေလိမ့်မည်။

ညနေ ခြောက်နာရီ စွန်းစွန်းလောက်မှာ သူရုံးခန်းက ထွက်လာခဲ့သည်။

သည်ည…

သူအရက်ကို မူးအောင်သောက်ချင်နေ၏။

✿ ✿ ✿





(တစ်ဆယ့်ခြောက်)

နံနက်ကတည်းက ဖြစ်တည်နေသည့် ဒေါသကို ဘယ်လိုမှ ထိန်းချုပ်မရ။

ကြီးဖွားလုံ၏ "သမီးအစ်ကို သည်ည မိုးချုပ်မယ်။ ဖုန်းဆက်တယ် ပန်ထွာရေ" ဆိုသည့် အပြင်ဘက်မှ အော်ပြောမှုအသံသည် ပန်ထွာ့ရင်ကို ပွင့်ထွက်စေပါ၏။

"မချစ်ဘူး။ အစ်ကို ငါ့ကို မချစ်ဘူး"

ဖက်ခေါင်းအုံးကို ခြေနှင့်ကန်ကျောက်ပစ်သည်။ ပြီးတော့ ရေမြုပ်မွေ့ရာ၏ အခင်းကို ရှိသမျှအင်အားနှင့် ဆွဲဆုတ်ပစ်၏။

သည်နံနက်မှာ အစ်ကို၏ အပြစ်ဖွဲ့စကားများသည် ပန်ထွာအတွက် ကမ္ဘာပျက်မတတ်ပါပဲ။

"ဟင်း… သူကောင်မတွေ ပြောသမျှကို ယုံတယ်"

ခုတင်စောင်းမှာထိုင်ရင်း လက်သီးကိုကျစ်ကျစ် ပါအောင်ဆုပ်သည်။ ခုနေအနားမှာ အစ်ကိုသာရှိလျှင် ကုတ်ခြစ်ပစ်မိမည်မှာ အသေအချာပါပဲ။

အစ်ကိုနှင့် ပတ်သက်သည့်ဒေါသတွေကြီးမားနေဆဲမှာ ကြီးဖွားလုံ၏အသံက နားစည်ကို လာရောက်ထိပါးသည်။

"ပန်ထွာ"

ခေါ်သည်ကိုမထူး။

"ဖွားလုံ ကိုးထပ်ကြီးဘုရားမှာ ပုတီးသွားစိပ်မလို့။ ပန်ထွာလိုက်ခဲ့ပါလား"

"မလိုက်ဘူး"

"စိတ်ပြေပါတော့ သမီးရယ်။ သမီးအစ်ကိုက သမီးကို ဆူပူတာမဟုတ်ပါဘူး။ လိမ္မာရေးခြားရှိတာထက်ပိုရှိအောင် သွန်သင်တာပါ"

"အပိုတွေ ပြောမနေနဲ့"

"ဘုရားမလိုက်ဘူးပေါ့"

"မလိုက်ဘူး"

"ဒါဖြင့် ဖွားလုံသွားတော့မယ်နော်။ သမီးဆာရင် အသင့်စားနိုင်အောင် ထမင်းဟင်းတွေ ခူးခပ်ထားခဲ့တယ်"

မကြာမီမှာ ခြံထဲမှကားမောင်းထွက်သွားသည့်အသံ





ကို ပန်ထွာကြားသည်။

တိုက်ကြီးတစ်တိုက်လုံးမှာ မိမိတစ်ယောက်တည်းပါလားဆိုသည့် အတွေးတွေ ရင်မှာ လှိုင်းထလာရင်း..

"ငါ့ကို တစ်ယောက်တည်း ထားခဲ့ကြတယ်။ အားလုံးငါ့ကို ပစ်ပယ်သွားကြပြီပဲ။ သူတို့ ငါ့ကို မချစ်ကြတော့ဘူး"

အတွေးများမှာ ချောင်ပိတ်မိရင်း ပန့်ထွာ့မျက်နှာမှာ ချွေးစီးတွေ ပြန်တက်လာ၏။

"အစ်ကို ညစာ စားပွဲသွားတယ်ဆိုတာ လိမ်တာအမှန်ပါပဲ။ အစ်ကို ငါ့ကို မကြည့်ချင်လောက်အောင်ကို မုန်းသွားပြီ။ ဒါကြောင့် အစ်ကိုပြန်မလာတာ။ အို... ငါ့ကို အားလုံးက မုန်းနေမှတော့ လူ့ဘဝကြီးမှာ ငါဘာလို့ နေဖို့လို သေးလဲ။ ငါသေလိုက်တာဟာ အကောင်းဆုံးပဲ"

ပန်ထွာထိုင်ရာမှ ဆတ်ခနဲထသည်။

မီးအလင်းရောင်အောက်မှာ အုတ်နံရံက ဖွေးဖွေး။ မျက်စိကို စုံမှိတ်ပစ်လိုက်သည်။

ခေါင်းကို အနည်းငယ်ညွတ်ငိုက်ပြီး အုတ်နံရံကို ခေါင်းနှင့် ပြေးတိုက်လိုက်ပါ၏။

"ဒုံး..."

"အား…"

ပန်ထွာ့အော်သံကို မည်သူမှကြားနိုင်ခြင်းမရှိ
ကြမ်းခင်းသို့ ညွတ်ခွေလဲကျပြီး နဖူးစပ်မှသွေးများ ယိုစီး
ကျလာသည်။

အံကိုတင်းတင်းကြိတ်သော်လည်း အမြင်အာရုံမှ
ဘာမှမရှိ။

မှောင်အတိကျရောက်မှုနှင့်အတူ…

× × ×

ဘာတွေဖြစ်နေတာလဲ။

ဝေဦးတုန်လှုပ်ခြောက်ခြားစွာ မတ်တတ်ရပ်လိုက
သည်။ နဖူးမှ စီးကြောင်းတစ်ခုကြောင့် လက်နှင့်စမ်း အကြ
မှာ…

"ဟင်… သွေးတွေပါလား"

အိပ်ခန်းမီးအလင်းရောင်အောက်မှာ ပတ်ဝန်းကျင်
မျက်လုံးတစ္ဝေ့ကြည့်လိုက်သည်။

"ဘုရား… ဘုရား… ငါဘယ်ရောက်နေပါ
လိမ့်"

အိပ်မက်မဟုတ်သည်ကတော့ အသေအချာ။

မိမိအိပ်စက်ဖူးသည့် အခန်းမဟုတ်သည့် အိပ်
၏ နံရံမှ နာရီကိုလှမ်းကြည့်လိုက်တော့ ညရှစ်နာရီ ခွန်းခွ





စဉ်းစားတွေးတောခြင်းသည် လတ်တလော အခြေ
အနေမှာ မိမိအတွက် အရေးပါခြင်းမရှိသည်ကို ဝေဦးချက်
ချင်းသိသည်။

အိပ်ခန်းတံခါးကို အသာလှည့်ဖွင့်လိုက်၏။

လူရိပ်လူရောင်ကို မမြင်ရ။

ခန့်ညားထယ်ဝါသော ဧည့်ခန်းကြီးသည် မိမိနှင့်
ကျွမ်းဝင်ခဲ့ဘူးခြင်းမရှိသည်ကိုတော့ ဝေဦးစဉ်းစားသည်။

"အရာအားလုံးဟာ ငါ့အတွက် အစိမ်းသက်
သက်ကြီးပဲ။ ငါဒီနေရာကို ဘယ်လိုရောက်လာ
ရတာလဲဆိုတာ စဉ်းစားဖို့ထက် ဒီနေရာက ထွက်ခွာ
ဖို့က ငါ့အတွက် အရမ်းအရေးကြီးနေပြီ"

ဝေဦးအရိပ်အခြေကို ကြည့်သည်။

ဧည့်ခန်းသံဆွဲတံခါးကြီးက သော့ချိတ်ထားရုံသာ။
အပြင်လောကမှာ မှောင်ပိန်းနေသော်လည်း ဆင်ဝင်အောက်မှာ
မီးတစ်ပွင့်ထွန်းထား၏။ မိမိရောက်ရှိနေသည့် နေရာသည်
ကျယ်ဝန်းသော ခြံကြီးတစ်ခု၏ နှစ်ထပ်တိုက်ကြီးတစ်လုံး
ဖြစ်သည်ကို သဘောပေါက်လိုက်သည်။

ဝေဦး အချိန်ဆွဲနေလို့မဖြစ်။

သံဆွဲတံခါးကို ဆွဲဖွင့်ပြီး ခြံထဲ ဆင်းလိုက်သည်။
ခြံဝင်းတံခါးဆီသို့ အပြေးကလေးသွား ဝင်းတံခါးကို

သော့အကြီးကြီးတစ်လုံး ခတ်ထား၏။

"ဒုက္ခပါပဲ"

ချွေးကပြန်လာသည်။

ဘေးဝန်းကျင်ကို အကဲခတ်ကြည့်ခိုက်··

"ပန်ထွာ"

"အမလေး"

ခေါ်သံကြောင့် ဝေဦးတွန့်ခနဲဖြစ်သွားသည်။

ပန်ထွာတဲ့

သည်နာမည်က မိမိပိုင်ဆိုင်ထားတဲ့ နာမည်မှ မဟုတ်ဘဲ။

"ပန်ထွာ အညောင်းပြေခြံထဲဆင်းလျှောက်တယ် ထင်တယ်"

အမျိုးသမီးဟန်က မိမိကို လေးလေးစားစားဖြစ်နေ၏။ သို့သော်လည်း ဒီအမျိုးသမီးကို ဝေဦးမသိ။

"ရှင်ဘယ်သူလဲ"

"ပန်ထွာကလည်း အတည်ပေါက်နဲ့ နောက်နေပြန်ပြီ။ ကိုဘိုးမှီမိန်းမ မခင်သီလေ။ ပန်ထွာခြံထဲဆင်းပြီး ဆရာ့ကို စောင့်နေတာလား"

ဘာတွေလဲ။

ဆရာဆိုသည့် စကားလုံးသည် ဝေဦးနားမှာ စိမ်းလွန်းလှ၏။





"ဆရာက မိုးချုပ်မှာ ပန်ထွာရဲ့။ ကိုဘိုးမှီနဲ့ ကြီးဖွားလုံကတော့ ပြန်လာတော့မှာပါ"

ဝေဦးဘာမှမသိ။

သို့သော်လည်း သည်ခြံသည်ဝန်းကြီးမှ အမြန်လွတ်မြောက်ဖို့က ဝေဦးအတွက် အရေးကြီးသည်။ သည့်အတွက် ဝေဦးသည် စိတ်ကိုအတည်ငြိမ်ဆုံးထားပြီး ဟန်ဆောင်မှုတစ်ခုကို လုပ်ရပါတော့မည်။

"ဝင်းတံခါးဖွင့်စမ်းပါ မခင်သီ"

"ဟင်··· ပန်ထွာ ဘယ်သွားမလို့လဲ"

"လမ်းထိပ်မှာ အချဉ်ထုပ်ဝယ်မလို့"

ဝေဦးက ခပ်တည်တည်။

ပန်ထွာဆိုသည့် အမျိုးသမီးကို မခင်သီဆိုသည့် အမျိုးသမီးကြီး လွန်ဆန်ဝံ့ပုံမရသည်ကိုတော့ ဝေဦးချက်ချင်း သိလိုက်၏။ နောက်ပြီး မိမိသည် ပန်ထွာမဟုတ်သည်ကို သာသိသည်။

မခင်သီက ဝင်းတံခါးသော့ကို ဖွင့်ပေးရင်း···

"ကျွန်မ အဖော်လိုက်ပေးမယ်နော်"

"မလိုပါဘူး။ ဒီနားတင်ပဲဟာ"

မခင်သီဆိုသည့် အမျိုးသမီး ဘာမှမပြောတော့။ ပန်ထွာဆိုသည့် အမျိုးသမီးကိုလည်း ကြောက်ပုံရသည်။

ဝင်းအပြင်ဘက်ရောက်သည်နှင့် ဝေဦးဟန်မပျက် လမ်းထိပ်ဖက်ထွက်သည်။ ခြံကြီးနှင့် ခပ်လှမ်းလှမ်းအရောက် တွင် ဝေဦးခြေဦးတည့်ရာသို့ အားသွန်ပြေးပါ၏။

သည်လမ်း သည်အရပ်။

ဝေဦးလုံးဝမသိ။

အဆင်ပြေချင်တော့ လမ်းထိပ်အရောက်မှာ အငှား ကားတစ်စီးကို ရပ်လျက်တွေ့သည်။

ဝေဦးသတိကိုထိန်းရင်း ကားဆီသို့ ပုံမှန်ခြေလှမ်း ဖြင့် လျှောက်သွားသည်။ ကားမောင်းသူကို သွားမည့်နေရာ ကို ပြောသည်။

ကားခသုံးထောင်က ဝေဦးအတွက် ပြဿနာမဟုတ်။ အဓိကအရေးကြီးနေသည်က 'နွဲ့မွန်'ဆီရောက်ဖို့ပင်။

နောက်ပြီး...

မိမိကိုတွေ့လျှင် နွဲ့မွန်တို့ မိသားစုအားလုံး အံ့အား တသင့်ဖြစ်နေမည်မှာလည်း၊ အမှန်ဖြစ်ပါသည်။

✿ ✿ ✿





(တစ်ဆယ့်ခုနစ်)

ကားခကို နွဲ့မွန်က ကပျာကယာရှင်းပေးပြီး ဝေဦး လက်မောင်းကို ဆုပ်ကိုင်၍ အိမ်ပေါ်သို့ ဖေးမခေါ်လာ၏။

အဖေတိမ်းပါးပြီး အမေ၊ အဒေါ်အပျိုကြီးနှင့် နွဲ့မွန် သာရှိသော လုံးချင်းတစ်ထပ်တိုက်ကလေးသည် ဝေဦး ရန်ကုန်ရောက်တိုင်း ခိုနားရာနေရာ။

ပြီးတော့....

ဝေဦးနှင့် နွဲ့မွန်က တက္ကသိုလ်မှာ အဆောင်အတူနေ ပညာသင်လာကြသည့် သူငယ်ချင်းတွေ။ ကောင်းတိုင်ပင် ဆိုးတိုင်ပင်နှင့် ညီအစ်မအရင်းဟုလည်း သတ်မှတ်လို့ ရခဲ့ပါ ၏။

အိမ်ပေါ်ရောက်တော့ နွဲ့မွန်မေမေနှင့် ဒေါ်လေးက အံ့ဩတကြီးနှင့် သူမမျက်နှာကို ကြည့်နေကြသည်။

နွဲ့မွန်ကတော့ သူမကိုကြည့်ပြီး ကတုန်ကယင်နှင့်-

"မှတ်ထားတယ်… လေးလကြီးတောင် ကြာညောင်းခဲ့တာ ဝေဦးရယ်။ ငါ့ကိုတော့ ဆက်သွယ်မှာပဲဆိုပြီး မျှော်လင့်ခဲ့တာ။ လုံးဝအဆက်သွယ်လုပ်မလာတော့ အတော်ကို နားမလည်နိုင်အောင်ဖြစ်ခဲ့ရတယ်"

ရေအေးအေးတစ်ခွက် တောင်းသောက်ပြီး ဝေဦးပင့်သက်ကို မှုတ်ထုတ်သည်။ နာရီလှမ်းကြည့်တော့ ညကိုးနာရီ။

"ဘာက စပြောရမလဲ"

နွဲ့မွန်တို့မိသားစု တုတ်တုတ်မလှုပ်က။ ဝေဦး မျက်နှာကိုသာ အငေးသားကြည့်ပြီး စကားကိုနားစွင့်နေကြ၏။

"မိဘတွေက အိမ်ထောင်ချပေးမယ်ဆိုလို့ ဖေဖေနဲ့ မေမေကို မကျေနပ်ဖြစ်ပြီး ပြည်ကနေ ရန်ကုန်ဆင်းလာတယ်။ နွဲ့မွန်တို့မိသားစုနဲ့နေတယ်။ တစ်ညဖေဖေနဲ့မေမေ ရန်ကုန်ရောက်ချလာပြီး ကိုယ့်ကိုအတင်းအဓမ္မ ခေါ်ဖို့ကြိုးစားတယ်။ ကိုယ်ထွက်ပြေးတယ်။ ကားတစ်စီးနှင့် ဝင်တိုက်မိမလို ဖြစ်တယ်။ ကိုယ်ကြောက်လန့်ပြီး လဲကျသွားတယ်။ အဲဒါပဲ ကိုယ်မှတ်မိတယ် နွဲ့မွန်"

"ဟင် လေးလလုံးလုံး ဝေဦး ဘယ်ရောက်နေရ





တာလဲ"

"မသိဘူး"

မိသားစုအားလုံး မျက်လုံးပြူးသွားကြ၏။

"ကိုယ်သတိရချိန်မှာ ကိုယ့်ဘယ်ခြေထောက်မသန်မစွမ်းဖြစ်နေတာကိုတော့ ပထမဆုံး သတိပြုလိုက်မိတယ်။ ရောက်ရှိနေတာကတော့ ခြံကျယ်ကြီးတစ်ခုနဲ့ တိုက်ကြီးတစ်လုံးပဲ နွဲ့မွန်။ အံ့သြစရာကောင်းတာက အဲဒီခြံက အလုပ်သမား အမျိုးသမီးထင်ပါရဲ့ ကိုယ့်ကို ပန်ထွာတဲ့"

"ဟယ်"

"ဟုတ်တယ်… ကိုယ်လည်း အတော်ကို အထူးအဆန်းဖြစ်ခဲ့ရတယ်"

"တခြားဘယ်သူမှ မရှိဘူးလား"

"အပြင်သွားကြပုံရတယ်။ ကိုယ်လည်း အချိန်ရှိခိုက် လှုံ့လစိုက်မှုပဲဆိုပြီး ဘာကိုမှ မလှေ့လာနိုင်ဘူး။ တစ်ခါတည်း ထွက်ပြေးခဲ့ရတာ"

"ရပ်ကွက်တို့ လမ်းတို့ ဝေဦးသိမှာပေါ့"

"ဘာမှမသိဘူး။ ညကလည်း မှောင်နေတော့ ဘာမှ မမှတ်သားနိုင်ဘူး။ မှတ်သားစရာအကြောင်းလည်း မရှိဘူးလေ"

သည့်ထက်ပိုပြီးတော့လည်း ဝေဦးမပြောတတ်တော့။

နွဲ့မွန်က အိပ်ရာဝင်တော့ နဖူးမှာ ကွဲပြဲနေသည့် ဒဏ်ရာကို ဆေးထည့်ပေးသည်။

ဆေးထည့်ပေးရင်းနှင့် . .

"ခေါင်းကို အေးအေးထားပြီး စဉ်းစားစမ်းပါ အုန်း . . . ဝေဦးရယ်။ နောက်ပြီး ဝေဦး ကိုယ့်ကို ဇာတ်လမ်းဆင်ပြီး ပြောနေတာလား။ မိဘတွေ သဘောတူတဲ့လူကို မယူချင်တာနဲ့ ချစ်သူနောက် လိုက်သွားတာလား"

"ဟဲ့ . . . ချစ်သူနောက်လိုက်သွားရင် မင်းဆီပြန် ရောက်လာပါ့မလား"

"မဟုတ်ဘူးလေ။ **အမျိုးသားနဲ့ စိတ်ဆိုးစကား** များပြီး ဆင်းလာသလားလို့ပါ"

"ရော် . . . **နွဲ့မွန်နဲ့တော့ ခက်နေပါပြီ။ နေရင်းထိုင်** ရင်း ယောကျ်ားတစ်ယောက်ကောက်ရနေပြန်ပြီ"

"ဝေဦးပျောက်သွားပြီး တစ်လလောက်အကြာမှာ ဝေဦးဖေဖေနဲ့ မေမေပြည်ကနေ ကားနဲ့ရောက်လာ တယ်။ ကိစ္စနဲ့လာတာပါ။ ထွေထွေထူးထူး စကား တော့ မပြောပါဘူး။ အမိုက်မ မိဘလက်နဲ့ရေး တာကို ခြေနဲ့ဖျက်သွားတယ်ဆိုတဲ့ စကားပဲပြော





တယ်။ သူတို့က ဝေဦးကို ကိုယ်ကြိုက်တဲ့ လူနောက် လိုက်သွားတယ်လို့ပဲ ထင်ကြတာ။ ဒါကြောင့် သတင်းစာထဲမှာ လူပျောက်ကြော်ငြာတောင် မထည့်ဘူး"

ခုတင်ပေါ်မှာ ပက်လက်လှန်ရင်း ဝေဦးက မျက်လုံး ကို မှေးမှိတ်ထားသည်။ စဉ်းစားစရာတွေ ရှိနေသော်လည်း ခေါင်းက ဘာကိုမှ စဉ်းစားလို့မရ။

**မိဘနှင့်ဖြစ်သည့်** ပြဿနာကလည်း ဘာမှခက်ခက် **ခဲခဲကြီးမဟုတ်။** ပြည်ပြန်ပြီး အကျိုးအကြောင်းပြောပြသည်။ သို့သော်လည်း မိမိစကားတွေကို ဖေဖေ၊ မေမေနှင့် နှနှဦးက ယုံပါ့မလား။

**နွဲ့မွန်**ထင်သလို ယောကျ်ားရဲ့ နှိပ်စက်ဒဏ် ကြောင့် ပြန်လာတယ်များ ထင်ခဲ့ရင် . . .

နောက်ပြီး။

ပိုမို၍ အထင်ရောက်နိုင်လောက်အောင် ဖြေရဖက် ကလည်း မသန့်မစွမ်းဖြစ်နေရသေး၏။

"ကိုယ် ဘာမှ မစဉ်းစားချင်တော့ဘူး နွဲ့မွန်ရယ်။ ပြည်ကိုလည်း သည်မှာပျော်သလောက်နေပြီး ပြန်တော့မယ်။ ကဲ . . . ကိုယ်အိပ်ချင်ပြီ။ မင်းလည်း အိပ်တော့"

နွဲ့မွန် ခေါင်းအုံးပေါ် ခေါင်းမတင်နိုင်သေး။ မျက်လုံးအကြည့်က ဝေဦး၏ ရင်ညွန့်ဆီသို့ ရောက်သွားပြီး…

"ဝေဦး မင်းလည်ပင်းက ပတ္တမြားဆွဲကြိုးကလေးကော"

"လည်ပင်းမှာရှိတယ်လေ။ မင်းကလည်း အလန့်တကြား"

"မဟုတ်ဘူး။ မင်းလည်ပင်းမှာ စိန်လော့ကတ်သီးနဲ့ ဆွဲကြိုးကလေးဖြစ်နေတယ်"

"ဟင်"

ဝေဦးအိပ်ရာမှ ဆတ်ခနဲ ထထိုင်သည်။

လည်ပင်းမှ စိန်လော့ကတ်သီးပါ ဆွဲကြိုးကို ကပျာကယာဖြုတ်ကြည့်သည်။

ရင်မှာ သိမ့်သိမ့်ကလေး တုန်သွားရပါ၏။

ဟုတ်ပါရဲ့။

စိန်အရည်အသွေးနှင့် အလုံးရေပေါ်ကြည့်ပြီး တန်ဖိုးကြီးမားမည်ကိုလည်း ဝေဦးသိလိုက်ပါ၏။

"အကြောင်းအရာတွေက တစ်မျိုးဖြစ်နေပြီကွာ"

"မင်းယုံပါနွဲ့မွန်ရယ်။ အဲဒီ စိန်လော့ကတ်သီးနဲ့ကြိုး ငါ့လည်ပင်းမှာ ဘယ်လိုရောက်နေမှန်းကို မသိပါဘူး။ ငါ့ပတ္တမြားဆွဲကြိုးလေး ဘယ်ရောက်





သွားတယ်ဆိုတာလည်း ငါမသိပါဘူး"

"မင်းအတိတ်ကို တကယ်မေ့ခဲ့တာ ဟုတ်ရဲ့လားကွာ"

"ငါ နင့်ကို လိမ်ဘူးလို့လား နွဲ့မွန်"

"စဉ်းစားပါအုန်း"

"ငါဘာမှ မသိဘူး"

ဝေဦးခေါင်းအုံးပေါ် ခေါင်းပြန်တင်သည်။

နဖူးဒဏ်ရာက ဆစ်ဆစ်နှင့်ကိုက်လာ၏။

သည်ဒဏ်ရာက ဘယ်လိုလုပ်ရလာတာလည်းဆိုသည့် နွဲ့မွန်အမေးကိုလည်း ဝေဦး အူကြောင်ကြောင်ဖြစ်နေခဲ့ရသည်။

"အိပ်တော့ နွဲ့မွန်ရာ"

ဝေဦးမျက်လုံးကို မှိတ်လိုက်သည်။

သည်ညကတော့ ဝေဦးအတွက် နှစ်ခြိုက်စွာ အိပ်စက်ခြင်းက အကောင်းဆုံးပါပဲ။

✿ ✿ ✿

## (တစ်ဆယ့်ရှစ်)

မိုးကြီးအတော်ချုပ်မှ သူပြန်ရောက်သည်။

ကားကို ဂိုဒေါင်ထဲ ထည့်သွင်းပြီး အိမ်ဆီသို့လျှောက်ခဲ့၏။ ဧည့်ခန်းရောက်တော့ ဧည့်ခန်းမှာ မျက်နှာငယ်လေးများနှင့်ရပ်နေသည့် လူသားသုံးဦးကို တွေ့သည်။

"ကိုဘိုးမှိနဲ့ မခင်သီရောပါလား။ ကျွန်တော့်ဆီမှာ တောင်းဆိုစရာတွေရှိလို့ ရပ်စောင့်နေကြတာလား"

သူ့အရယ်နှင့်မေးသော်လည်း မျက်နှာများမှာ ရယ်ပြုံးခြင်းမရှိ။ ကြီးဖွားလုံ သူ့ကိုကြည့်သည့် မျက်နှာအမူရာမှာလည်း ကြေကွဲမှုနှင့် စိုးရွံ့မှုတွေရှိနေသည်။

မခင်သီကတော့ ခေါင်းကို ငိုက်ချထားပါ၏။

"ဟာ… ဘယ်လိုဖြစ်နေကြတာလဲ။ ပြောကြလေ။ လခတိုးပေးဖို့ မေတ္တာရပ်ခံချင်တာလား"





"မေတ္တာရပ်ခံချင်တာ မဟုတ်ပါဘူး ဆရာ။ အသနားခံချင်တာပါ"

သူမျက်မှောင်ကြုတ်လိုက်သည်။

သည်ညမြင်ကွင်းက သူ့အတွက် ပြည့်စုံခြင်းမရှိ။

ပန်ထွာ သူ့အသံကြားတာတောင် အိပ်ခန်းထဲက ထွက်လာခြင်းမရှိပါလား။

စိတ်က ကောက်ကောင်းတုန်းထင်ပါသည်။

ပန်ထွာထမင်းထွက်စားရဲ့လား မေးမည်အပြုမှာ ကြီးဖွားလုံက

"အပြစ်ဆိုမယ်ဆိုရင်လည်း ဖွားလုံတို့သုံးယောက်စလုံးကိုပဲ အပြစ်ဆိုပါ မောင်မင်းသူရယ်။ ဖွားလုံတို့ဘုရားက ပြန်လာတော့ ပန်ထွာအိမ်မှာ မရှိတော့ဘူး"

"ဟင်… ပန်ထွာမရှိတော့ဘူး ဟုတ်လား"

သူ့အသံတုန်ခတ်မှုနှင့်အတူ သူ့စိတ်တွေ ဆောက်တည်ရာမရဖြစ်သွားရသည်။

ပန်ထွာနေသည့် အခန်းထဲသို့ သူအပြေးကလေးဝင်သည်။

ဒါကလည်း သူ့ရဲအဆင်ခြင်မဲ့မှု။

ကြီးဖွားလုံက ပန်ထွာမရှိတော့ဘူးဆိုသည် စကားကို

တရားဝင်ပြောထားပြီးပြီပဲ။

သူ့အခန်းထဲက အပြေးကလေး ပြန်ထွက်ပြန်သည်။

"ဖွားလုံက ပန်ထွာကို ဘုရားခေါ်မသွားဘူးလား"

"ခေါ်တယ်.. မောင်မင်းသူ။ ပန်ထွာက မလိုက်ဘူး"

"ပန်ထွာခြံထဲက ထွက်သွားနိုင်လောက်အောင် ဝင်း တံခါးကို ဘယ်သူဖွင့်ပေးတာလဲ"

မခင်သီ တုတ်တုတ်မလှုပ်။ ခေါင်းကိုသာ တွင်တွင်ငုံ့ထားသည်။

"ပြောစမ်း မခင်သီ။ ပန်ထွာနဲ့ပတ်သက်တဲ့ တာဝန် တွေ ခင်ဗျားအပေါ်မှာ ပိနေပြီ"

"သတ်ရင်လည်း ခံပါ့မယ်ဆရာရယ်။ ပန်ထွာသည် လိုလုပ်သွားလိမ့်မယ်လို့ ကျွန်မလုံးဝမထင်ခဲ့ပါဘူး။ လမ်းထိပ်က စတိုးဆိုင်လေးမှာ အချဉ်ထုပ်သွားဝယ်မယ်ဆိုတာ သဘောရိုးနဲ့ပြောတယ် ထင်ပြီး ကျွန်မ ဝင်းတံခါးကို ဖွင့်ပေးမိတာပါ။ ကျွန်မအဖော်လိုက်ခဲ့ပါ့မယ်ဆိုတာကို သူက ခါးခါးသီးသီးပါပဲ"

"အဲဒီကတည်းက ခင်ဗျားသဘောပေါက်ရမယ်"





"ဆရာ့ကို သူကစိတ်ကောက်ထားတော့ ကျွန်မ သူ့ကို ကြောက်တယ်ဆရာ။ ဘာမှ ပြန်မပြောရဲခဲ့ဘူး"

"ကောင်းတာပေါ့ဗျာ။ သိပ်ကောင်းတာပေါ့။ ပန်ထွာသာ တစ်ခုခုဖြစ်ခဲ့ရင် ခင်ဗျားတို့အားလုံး တရားခံပဲ။ သွား.... သွား..သွားကြ။ ခင်ဗျားတို့ အားလုံး ကျုပ်ရှေ့က သွားကြ"

သူကားကိုဒေါင်ဘက် အပြေးကလေးထွက်သည်။

"ကိုဘိုးမှို ဝင်းတံခါးဖွင့်ထားစမ်း"

"ဖွင့်ထားပြီးပါပြီ ဆရာ"

ခြံထဲမှ ကားကို မောင်းထွက်ခဲ့သည်။

ဘယ်သွားရမည်လဲ။

ဘယ်လာရမည်လဲ။

သည်လိုညချမ်းအချိန်မျိုးမှာပဲ သူပန်ထွာနှင့် ဆုံဆည်းခဲ့ရသည်။ သူ့ဘဝသူ့အရိပ်အောက်သို့ ပန်ထွာရောက်လာခဲ့သည်။

ယခု...။

အရင် ဆုံစည်းရတဲ့ ညမျိုးမှာပဲ ပန်ထွာဆိုသည့် ကောင်မလေး သူ့ဘဝ သူ့အရိပ်အောက်က ပောက်သွားရပြန်ပါပြီ။

နေရာအနှံ့ သူလိုက်ရှာသည်။

ဘူတာရုံ၊ သဘော်ဆိပ်၊ အဝေးပြေးကားဂိတ်..။

နောက်ပြီး...

ဆေးရုံ၏ အရေးပေါ်များပါမကျန်။

ဩော် ပန်ထွာရယ်...

မိုးသောက်ရောင်နီသမ်းပါပြီ။

ပန်ထွာ ဘယ်ဆီရောက်နေသည်ကို အစ်ကိုလုံးဝမသိဖြစ်နေပါပြီ။

✿ ✿ ✿



# အပိုင်း နှစ်

(တစ်ဆယ့်ကိုး)

လွမ်းမောဖွယ်ကောင်းသောနေ့ရက်များကို ထပ်ခါတလဲလဲ ကြုံတွေ့ရမည်ကို သူသိရသည်။ ဟန်ဆောင်ကောင်းကောင်းနှင့် ပတ်ဝန်းကျင်ကို ရင်ဆိုင်နေရသည့်ကိုက သူ့စိတ်မှာ ကျဉ်းကျပ်လွန်းလှ၏။

"မင်းသာ ငါ့အနားမှာ စကားတွေပြောမနေရင် အား ပေးမှုတွေသာ မပြုခဲ့ရင် ငါ့စိတ်တွေ ကစဉ့်ကလျားဖြစ်မှာ အမှန်ပဲ လွင်မောင်။ ညနေစောင်းချိန်တွေ ငါအိမ်ပြန်ရမှာကို အရမ်းကြောက်လာတယ်။ ရင်မှာလှပ်ဟာတဲ့ ခံစားမှုဆိုတာ ဒီဝေဒနာမျိုး ထင်ပါရဲ့ကွာ"

လွင်မောင်က သူ့ကိုကရုဏာသက်စွာကြည့်သည်။

"မင်း... ငါ့ကို ခံစားပေးလို့ရတယ်နော်"

လွင်မောင်က ခေါင်းကိုညိတ်ရင်း ဖန်ခွက်ထဲသို့ ဝီစကီလက်တစ်လုံးခန့် ထပ်ဖြည့်ပေး၏။

"ငါ့အပေါ် ဆိုးတဲ့အသံတွေ၊ နွဲ့တဲ့အသံတွေကို ကြားယောင်နေတယ်။ ငါ့ အပြင်းထန်ဆုံး သောကက ပန်ထွာ ငြိမ်းချမ်းတဲ့အရပ်ဒေသကို ရောက်ပါ့မလားဆိုတာပဲ"

"ငါကတော့ အဲဒီအတွက် မပူဘူး မင်းသူ။ မင်းကိုလည်း အဲဒီအတွေးမျိုးတွေ မဝင်စေချင်ဘူး"

သူက လွင်မောင့်မျက်နှာကို လှမ်းကြည့်သည်။

"ငါ့အထင်ပေါ့။ ငါ့အထင်ဆိုတာက အသိစိတ်ကုဆရာဝန်တွေနဲ့လည်း ညှိနှိုင်းဆွေးနွေးကြည့်တယ်"

"ဘာကိုလဲ"

"ပန်ထွာ သတိတွေ အသိတွေ ပြန်ဝင်ပြီး သူ့အိမ်သူ့ယာပြန်သွားတယ်လို့ ငါထင်တယ်"

"ဖြစ်နိုင်ပါ့မလား"

"မင်း စဉ်းစားကြည့်လေ… ပန်ထွာ့အိပ်ခန်းတံခါးနားမှာ သွေးစတွေကို မင်းတွေ့တယ်။ ပန်ထွာတစ်ခုခုကို စိတ်မာန်ကြီးပြီး သူ့ကိုယ်သူထိခိုက်နာကျင်အောင် အလုပ်မှာ သတိပြန်ရသွားတယ်လို့ ငါထင်တယ်။ ငါ့အထင်ကို ငါ့အသိ စိတ်ကုဆရာဝန်တွေကလည်း လက်ခံတယ်။ တစ်ရာမှာ





ရှစ် ဆယ်လောက်ဖြစ်နိုင်ချေရှိတယ်ပေါ့"

"အဲသလိုမဟုတ်ဘဲ… ငါ့ကို စိတ်ကောက်လွန်းပြီး ထွက်သွားရင်ကော"

"အဲသလို ထွက်သွားမယ်ဆိုရင် မင်းအလုပ်သွားကတည်းက သူထွက်သွားမှာပေါ့ မင်းသူရာ။ မြပဒုမ္မာမှာ သူ ဘယ်သူ့ကို ကြောက်ရတာမှတ်လို့"

သူပင့်သက်ချတာကလွဲပြီး ဘာမှတတ်နိုင်ခြင်းမရှိ။ လွင်မောင်ပြောသည့်အတိုင်းသာ ဖြစ်ပါစေတော့ဟု ဆုတောင်းရသည်။

"တို့နှစ်ယောက် လူခွဲပြီး ကားတစ်စီးနဲ့ ရှာဖွေခဲ့ကြတာပဲ မဟုတ်လား။ တစ်နေရာမဟုတ် တစ်နေရာ တွေ့မှာပဲ။ ငါတို့ ရဲစခန်းတွေထိ ဝင်စုံစမ်းပါတယ်။ ပန်ထွာ သူ့မိဘတွေဆီ ပြန်ရောက်သွားမှာ အသေချာပါကွာ"

သူစိတ်မှာ အနည်းငယ်တော့ ပေါ့ပါးသွားသည်။

ပန်ထွာထွက်သွားသည်မှာ ဒီနေ့ဆိုလျှင် တစ်လတင်းတင်းပြည့်သည့်နေ့ပါပဲ။ လွင်မောင်ဆိုလျှင်လည်း ကုမ္ပဏီအလုပ်များပစ်ပြီး ပန်ထွာရှာပုံတော်ပွင့်ပေးခဲ့သည်မှာ ယနေ့တိုင်။

"ကိုယ့်ကျန်းမာရေးကိုလည်း ဂရုစိုက်ကွာ"

"ငါနေထိုင်ကောင်းပါတယ်"

"ကိုယ့်ကိုယ်ကိုလည်း ပြန်ကြည့်အုန်း။ ဆယ်ရက် ဆယ့်ငါးရက်အတွင်းမှာ တော်တော်လေးချောင်ကျသွားတယ်"

အိပ်ပျက်ညများကို ပြောပြရန်ခက်နေ၏။

အသက်နှင့် အရွယ်ကိုငဲ့ပြီး စိတ်ကိုထိန်းသိမ်းနေရသည်ကိုက ပင်ပန်းလှသည်။

"မင်းအရက်ကို ငါ့ရှေ့မှာ ဘယ်လိုပဲ ထိန်းချုပ်ပြီး သောက်သောက် လွန်လွန်ကျူးကျူးသောက်ပြီး သောကတွေကို ဖြေဖျောက်ချင်နေတာ ငါသိတယ်"

"အမှန်ပဲ"

"မလုပ်ပါနဲ့ မင်းသူရာ။ တို့တွေက ဆယ်ကျော်သက် အရွယ်လည်းမဟုတ်။ ကိုယ့်ကို မှီခိုရပ်တည်နေသူတွေရဲ့ ရိုသေလေးစားမှုကို တို့က အမြဲခံယူနေရတာ"

"မှန်တယ်လေ... ပန်ထွာထွက်သွားပြီးနောက်ပိုင်း ငါအရက်ကို ဘယ်မှာ လွန်လွန်ကျူးကျူးသောက်ခဲ့လို့လဲ။ မြပဒုမ္မာက အလုပ်သမားအားလုံးက ငါ့ကိုအကဲခတ်လေ့လာနေကြတာ။ သိက္ခာနဲ့ ပတ်သက်တဲ့သတိကို ငါအမြဲထားတယ်



လွင်မောင်"

ထိန်းချုပ်သမျှသည် စိတ်မှာ မည်မျှပင်ပန်းမှုဖြစ်ရသည်ကို လွင်မောင်သိချင်မှသိမည်။

ပန်ထွာနှင့်ပတ်သက်သော ခံစားမှုသည် ညနေစာစားသောက်သည့်အချိန်တိုင်း သူ့ရင်မှာ ပြင်းထန်စွာ ခံစားခဲ့ရပါ၏။

သူ့အရက်မသောက်ဖြစ်အောင်...

"ပန်ထွာက ညနေစာကို အစ်ကိုပြန်မလာမချင်း မစားဘဲ စောင့်နေမှာနော်"

ဆိုသည့် စကားအတွက် ညနေဘက် အရက်မသောက်ဖြစ်ခဲ့သည်မှာ ကြာခဲ့ပါပြီ။

အားလပ်သည့်ရက်များတွင် ပန်ထွာနှင့်အတူ ခြံထဲဆင်းလမ်းလျှောက်ပြီး ပျော်ရွှင်ကြည်နူးရမှုတွေ၊ ပန်ထွာက အဝါရောင်လိပ်ပြာကလေးများ၏ တောင်ပံကို ကိုင်ကြည့်ချင်သည်ဆို၍ လိပ်ပြာဖမ်းပိုက်ကလေးပြုလုပ်ပြီး အဝါရောင်လိပ်ပြာလေးများ ရွေးပြီး ဖမ်းပေးခဲ့ရတာတွေ။

ခုတော့ အိပ်မက်ကို လွင့်ပျောက်ခဲ့ရပါပြီ။

"ဖူးစာဆိုတာ စိတ်ရဲ့ထက်သန်မှုနဲ့ အစွဲအလမ်းပေါ်မှာလည်း မူတည်ပါတယ် မင်းသူရာ"

ဟိုတယ်သီးသန့်ခန်း၏ ပြတင်းပေါက်မှ အပြင်ဘက်

သို့ ကြည့်သည်။ ညအရောင်က အနည်းငယ်ရင့်လာပြီ။

"ပြန်ဆုံဆည်းမယ်လို့များ မင်းထင်နေသလား"

"မင်းရဲ့ စိတ်အစွဲအလမ်းနဲ့ စိတ်တန်ခိုးက ဖန်တီးပေးလာမှာပါ"

"ငါ ခဏခဏ ဆုတောင်းခဲ့တယ် လွင်မောင်"

"ဘာကိုလဲ"

"ပန်ထွာ သူ့အတိတ်ဘဝကို ပြန်သတိရမှာကို ငါအရမ်းစိုးရိမ်ခဲ့တာ။ မေ့လက်စနဲ့ ထာဝရမေ့သွားပါစေလို့ ပေါ့ကွာ"

"မင်းဟာကလည်း"

"မင်းစဉ်းစားကြည့်လေ… အတိတ်ကို သတိရသွားရင် သူ့အသိအာရုံထဲမှာ ငါဆိုတာ ရှိမှာမဟုတ်တော့ဘူး။ အဲဒီခါကျ ငါဟာသူ့အတွက် သူစိမ်းယောကျ်ားတစ်ယောက် ဖြစ်သွားပြီ"

လွင်မောင်ပင့်သက်ချသည်ကို သူသိသည်။

သည်ည အရက်သောက်ရင်း ခါတိုင်းညတွေထက် ပန်ထွာ့အကြောင်းကို ပို၍ပြောဖြစ်ခဲ့ပါ၏။

နှစ်ယောက်သား လမ်းခွဲတော့ ညကအတော်မှောင်နေပြီ။

ကားမောင်းရင်း အတွေးတွေက ပြန့်လွင့်နေ၏။



သည်အတွေးများသည် ပန်ထွာနှင့်သာ သက်ဆိုင်ပါသည်။

သူ့သတိရသလို…

ပန်ထွာက သတိရနိုင်ပါ့မလား။

ပန်ထွာ့ရင်မှာ အစ်ကိုဆိုသည့် ခေါင်းကလေး ပွဲတင်ထပ်နေပါအုန်းမလား။

သြော် တစ်ရက်ပျော်လို့ မရသည့် အဖြစ်တွေ။

ပန်ထွာကတော့ သိမည်မဟုတ်ချေ။

✿ ✿ ✿

(နှစ်ဆယ်)

တာဝန်တော်တော်များများကို ရတနာလွှဲပြောင်းယူနေရသည်။

ဆရာမင်းသူ ဘာဖြစ်နေတာလဲ။

နဂိုကတည်းက စကားနည်းရသည့်အထဲ ယခုစကားအသံက ပို၍တိတ်နေသည်။

ဆိုင်ကို လာရက်ကလည်း မမှန်။

လာရင်လည်း စားပွဲမှာ ခပ်ငိုင်ငိုင်ထိုင်နေသည်ကိုလည်း ရတနာ သတိထားမိပါ၏။

ဒါတွေက သူမ တစေ့တစောင်းအကဲခတ်ရင်း သိလာရသည့်ကိစ္စ။

သူ့ညီမနဲ့များ အဆင်မပြေဘူးလား။

ကောင်မလေးက စိတ်တော်တော်။

ဘုကားမာန်သစ်စာပေ



သည်အရေးကိစ္စတွေအတွက် ဆရာဦးမင်းသူ ခေါင်းစားနေပုံလည်းရပါ၏။

တစ်ခါပြဿနာဖြစ်ပြီးကတည်းက ဦးမင်းသူ ညီမဖက်ရှင်ရှော့ပ်သို့ ခြေဦးလှည့်မလာတော့။ သည်အရေးကိစ္စကလည်း ဘာမှ ကြီးကြီးကျယ်ကျယ်ဖြစ်လောက်သည့် အရေးကိစ္စမဟုတ်။

ညီမလုပ်သူကို ဆူပူပြီး ကျောက်မဲကိုများ ပြန်ပို့လိုက်သလား။ ပြန်ပို့ပြီးမှ စိတ်မကောင်းဖြစ်နေသလား။

သည်အရေးကိစ္စတွေမေးဖို့အတွက်တော့ ရတနာ့မှာအခွင့်အရေးမရှိပါ။ ဆရာဦးမင်းသူက အလုပ်နှင့်ပတ်သက်တာကလွဲပြီး ကိုယ်ရေးကိစ္စတွေကို ရှေ့တန်းတင်တတ်သည့်လူစားမျိုးမဟုတ်။

အကြောင်းရာများကို တိသီတန်းကြီးတွေးပြီး ရတနာစားပွဲမှထလိုက်သည်။ နေ့လယ်နှောင်းပိုင်းအချိန်များသည်ကောင်တာများသို့ ရတနာလျှောက်ကြည့်နေကျ။

စတိုင်လ်သောင်းဘီများရောင်းသည့် ကောင်တာမှထွက်ပြီး ရယ်ဒီမိတ်အထည်ကောင်တာဘက်သို့ အကူး...။

"ဟယ်... ပန်ထွာ"

ဝမ်းသာစိတ်က ရင်မှာ လှိုက်တက်လာသည်။

စောစောပိုင်းအချိန်များကပင် သူမသည် ပန်ထွာနှင့်

ဘုကားမာန်သစ်စာပေ

ပတ်သက်သော အကြောင်းရာများကို တွေးခဲ့မိသေး၏။

"တိုက်တိုက်ဆိုင်ဆိုင်ပါဘဲ ပန်ထွာရယ်။ ခုတင် ပန်ထွာ့ကို သတိတရဖြစ်နေတာ"

ရတနာ ဖော်ဖော်ရွေရွေရှိနေသလောက် သူမ၏ တုံ့ပြန်မှုစကားအတွက် ရတနာမျက်လုံးအဝိုင်းသား ဖြစ်သွားရသည်။

"ရှင် လူမှားနေပြီထင်တယ်။ ကျွန်မ ပန်ထွာ မဟုတ်ဘူး။ ရှင့်ကိုလည်း မသိဘူး"

"ဟင်..."

"အရမ်းအံ့ဩနေပုံပဲ။ ကျွန်မက ပန်ထွာဆိုတဲ့ အမျိုးသမီးနဲ့ တော်တော်ကို တူလို့လား"

"အတည်ပေါက်နဲ့တော့ မနောက်ပါနဲ့ပန်ထွာရယ်။ ပန်ထွာ ဈေးဝယ်လာတာလား။ လျှောက်ကြည့်လေ။ အသစ်အဆန်းတွေများကြီး ထပ်ရောက်တယ်"

"အင်း... ရှင်လူမှားတာတော့ အသေအချာပါပဲ။ လူတူမရှား၊ နာမည်တူမရှားဆိုတာ အမှန်ပဲနော် နွဲ့မွန်။ ခု ကြည့်စမ်း သူက လူကိုအတော်မှားနေတာ"

ရတနာ ပါးစပ်အဟောင်းသား။





အတူပါအမျိုးသမီးတော့ ပြုံးရုံမျှနှင့်သာ။

"ခွင့်ပြုပါနော်။ ကျွန်မလိုချင်တာတွေ ဝယ်လို့ပြီးပါပြီ"

ထံပါးမှ ထွက်ခွာသွားသည့် အမျိုးသမီးနှစ်ယောက်ကို ရတနာ ငေးငေးငိုင်ငိုင်နှင့် ရပ်ကြည့်ကျန်ရစ်ခဲ့ပါ၏။

မမှားနိုင်ပါဘူး။

ဘယ်လိုမှကို လူမမှားနိုင်သည့်ကိစ္စ။

ခြေထောက်ကလေး ခပ်ဆာဆာနဲ့ လျှောက်သွားတဲ့ ပုံဟန်က ပိုလို့ကို မမှားနိုင်တာပဲ။

တစ်ခုပဲ အံ့ဩစရာရှိခဲ့သည်။

ယခု ပန်ထွာက အရင်ပန်ထွာနှင့်စာလျှင် စကားပြော တည်ငြိမ်တဲ့ ကွာခြားချက်တစ်ခုပါပဲ။

"ပန်ထွာ ငါ့ကို မခံချင်စိတ်နဲ့ အကြောင်ရိုက်သွားတာနေမှာပါ"

သည်လိုသာဖြေတွေးတွေးရသည်။

သို့သော်လည်း စားပွဲမှာ ပြန်ထိုင်သည်နှင့် သည်အကြောင်းအရာက ခေါင်းထဲမှာ စွဲနေခဲ့၏။

× × ×

ညနေစောင်းလောက်မှ ဆရာဦးမင်းသူ ပြန်ရောက်လာသည်။ ရောက်မဆိုက်ပင် ရတနာက-

“ဆရာ့ညီမတော့ ရတနာ့ကို ကလဲ့စားချေသွားပြီ ဆရာရေ”

“ဆရာ့ ညီမဟုတ်လား။ ရတနာဘာတွေ ပြောနေ တာလဲ”

“ဟယ်… တို့ ဆရာ ခုတလော ဘယ်လိုဖြစ်နေမှန်းကို မသိတော့ပါဘူး။ ဆရာ့မှာ ဆရာ့ညီမပန်ထွာအပြင် ဘယ် ညီမရှိသေးလို့လဲ”

သူမျက်မှောင်ကြုတ်လိုက်သည်။

စကားက ရင်ကိုလှုပ်ခတ်သွားသော်လည်း ရတနာ့စကားကို သူနားမရှင်း။

ဆက်လာမည့် စကားကို နားစွင့်နေဆဲမှာ…

“စောစောပိုင်းလောက်က ပန်ထွာလာသွားတယ်လေ။ ရတနာကလည်း ဟယ်.. ပန်ထွာလာတယ်ဆိုပြီး ဝမ်းသာအားရဖြစ်တာပေါ့ ဆရာရယ်။ အဲဒါကို ဆရာ့ညီမက ဘာပြောတယ်မှတ်သလဲ။ ရှင်လူမှားနေပြီတဲ့။ ရှင့်ကို ကျွန်မ မသိဘူးတဲ့။ ရှင့်အသိထဲက ကျွန်မနဲ့အတော်ကို တူနေလို့လားတဲ့။ သက်သက်မဲ့အနေကြောင်ရိုက်တာ ဆရာရယ်။ ရတနာ ဘာပြန်ပြောရမှန်းကို မသိဖြစ်သွားတယ်”

“ဟုတ်… ဟုတ်ရဲ့လား ရတနာ။ ရတနာ

ဘုန်းမာန်သစ်စာပေ



တကယ်ပဲ လူများမှားသွားသလားဟင်”

“မမှားပါဘူး ဆရာရယ်။ သူထွက်သွားတော့ ခြေကလေးဆာဆာနဲ့ ဖြစ်နေတာကို ရတနာငေးကြည့်နေပါသေးတယ်”

သူရင်ခုန်နှုန်းတွေ မြန်လာသည်ထင်ပါ၏။

စိတ်ကိုထိန်းသိမ်းထားပါလျက် အဆီအငေါ်မတည့်သည့် စကားတွေက နှုတ်မှထွက်လာရသေးသည်။

“ရတနာက သူဘယ်မှာနေသလဲဆိုတာကို မေးမထားလိုက်ဘူးလားဟင်”

“ဟယ်… ဆရာဖြစ်ကိုဖြစ်နေတာပဲ။ ဆရာ့ညီမက ဆရာ့အိမ်မှာပဲ နေမှာပေါ့”

“အာ… ဟုတ်ပါရဲ့။ ကိုယ်လည်း ညီမလေးနဲ့ စကားများပြီး စိတ်အတော်ကို ဂယောက်ဂယက်ဖြစ်နေတာ”

“ပန်ထွာက စိတ်ဆိုးပြေပုံမရဘူးဆရာရဲ့။ တစ်ခါက ဖြစ်တဲ့ကိစ္စကို ဆရာ့ကိုပြန်တိုင်ရပ့် မလားဆိုပြီး သူရတနာ့ကို အတော်အမြင်ကပ်နေပုံရတယ်”

“တစ်ယောက်တည်း လာတာလား”

သတိကိုထားပြီး သူမေးသည်။

“အဖော်အမျိုးသမီးတစ်ယောက်ပါတယ်။

ဘုန်းမာန်သစ်စာပေ

ပစ္စည်းတွေဝယ်သွားတာလည်း မနည်းဘူး။ နေပါ အုန်း ဆရာအိမ် မရောက်ခဲ့ဘူးလား"

"မရောက်ခဲ့သေးဘူး ရတနာ"

"ဒါကြောင့် ဆရာအကျိုးအကြောင်း ဘာမှမသိ တာကိုး"

အကြောင်းရာကို ရတနာကတော့ သာမန်မျှလောက်သာ သဘောထားလိမ့်မည်။

သူကလည်း အကြောင်းအရာကို သည့်ထက်ပိုမသိချင်တော့။ အခန်းထဲရောက်တော့ သူတစ်ကိုယ်လုံး ချွေးတွေပြန်နေသည်ကို သိရ၏။ လွင်မောင့်ဆီဖုန်းဆက်ရန် ဖုန်းခွက်ကို ကိုင်တော့ လက်တွေက တုန်တုန်ယင်ယင်ဖြစ်နေသည်။

ဖုန်းထဲမှနေ၍ လွင်မောင်ကို ဆုံနေကျအင်ပါယာမှာ ညနေခြောက်နာရီဆုံမည့်အကြောင်း ချိန်းဆိုလိုက်၏။

× × ×

"ငါတွက်တာ လုံးဝမှန်နေပြီ မင်းသူ။ ဘာပဲဖြစ်ဖြစ်ကွာ တို့ပန်ထွာအတွက်တော့ ရင်အေးရတာပဲ။ ပန်ထွာဆိုးဆိုးဝါးဝါး အခြေနေမျိုးရောက်သွားမလားဆိုပြီး မင်း အပူကြီးနေရတာ။ ခု ဒီအပူတွေကို မင်းရင်ထဲက ငြိမ်းပစ်လိုက်တော့ မင်းသူ။ ပန်ထွာဟာ သူ့အဝန်းဝိုင်းထဲကို ရှိုးရှိုးသားသား

ဘုန်းမောင်သိမ်းစာပေ



ပြန်ရောက်သွားတာပဲ"

သူခေါင်းကို တဆတ်ဆတ်ညိတ်သည်။

သည်ညနေ အရက်သောက်ရတာ စိတ်တွေပေါ့ပါးနေသလိုလည်း ခံစားရ၏။

"တကယ်လို့ပေါ့ကွာ"

စကားကိုရပ်ပြီး လွင်မောင်က ဝီစကီကို တစ်ကျိုက်မော့သောက်သည်။

"ရတနာဟာ မင်းယုံကြည်စိတ်ချရတဲ့ မင်းရဲ့ မန်နေဂျာပဲ။ တကယ်လို့ အဖြစ်ပျက်အားလုံးကို ရတနာသာသိထားရင် အခြေအနေဟာ အကောင်းဆုံးအနေထားကို ရောက်သွားမှာ အမှန်ပဲ"

"ဘယ်လိုကြောင့်လဲ"

"အခြေအနေမှန်ကို သိထားရင် ရတနာက ပန်ထွာကို သည်အတိုင်း ဘယ်လွှတ်ပေးမလဲ။ သူလည်း ပညာတတ်ပဲကွာ။ ခပ်ညံ့ညံ့မိန်းကလေးမှ မဟုတ်တာ။ ပန်ထွာကို ရင်းနှီးအောင်ဝင်ရောပြီး လိပ်စာကိုရအောင် ရတနာကြိုးစားမှာပေါ့"

မှန်ကန်သည့် စကားပါပဲ။

သူကလည်း မြပဒုမ္မာနှင့် ပတ်သက်သည့်အတွင်းရေးကိစ္စများကို အလုပ်ခွင်သို့ သယ်ဆောင်လာတတ်ခြင်းမရှိ။

ဘုန်းမောင်သိမ်းစာပေ

နောက်ပြီး ပန်ထွာ၏ဂုဏ်သိက္ခာကို စောင့်ထိန်းပြီး နှုတ်ကို အလုံခြုံဆုံးထားခဲ့၏။

"ခု… ရတနာက ဘာမှမသိတော့ အဖြစ်ပျက် တစ်ခုအတွက် သူ့ကို ပန်ထွာက စိတ်မပြောဘဲ အတည်ပေါက်နဲ့ အကြောင်းရိုက်သွားတယ်လို့ပဲ ထင်သွားတာပေါ့"

သူငြိမ်သက်စွာ နေလိုက်သည်။

သူချစ်သောပန်ထွာသည် သူနှင့်တစ်ရေတည်း၊ တစ်မြေတည်းရှိနေသည့်ဆိုသည့် အသိက သူ့စိတ်ကို ဖြေသာမှုပေးထား၏။

"ဝမ်းသာစရာနဲ့ ပျော်စရာ မျှော်လင့်ချက်ကို မင်းရ ရှိထားပြီပဲ မင်းသူရာ။ နောက်ပြီး ပန်ထွာဟာ ရှောင်တိမ်းသူ ရှောင်ပြေးသူ မဟုတ်ပါဘူး။ သူ ပကတိအခြေအနေအတိုင်း ရိုးရိုးကလေးနေတာပါ။ မင်းနဲ့ တကွေ့ကွေ့မှာတော့ ဆုံကြမယ်လို့ ငါ လုံးဝယုံကြည်နေတယ်"

"တွေ့များ တွေ့ခဲ့ရင်…"

"ဒါကတော့ မင်းအရည်အချင်းပိုင်းပဲကွာ။ ကဲ… သည်နေ့ မင်းသိပ်ပျော်နေတယ် မဟုတ်လား။ တို့စိတ်ချမ်းသာမှုအပြည့်နဲ့ အရက်သောက်ကြ



ရအောင်။ မင်းအတွက် ပျော်စရာကောင်းတဲ့ မင်္ဂလာ အရက်ဝိုင်းပေါ့ကွာ"

ပျော်ရွှင်ခြင်း အထိန်းအမှတ်အဖြစ် အရက်ကို ဝိုင်းသောက်ဖြစ်သည်။

သူမြပဒုမ္မာခြံကြီးပြန်ရောက်တော့ လေကလေး ချွန်ချွန်။

သူ့စိတ်တစ်ခုလုံးလည်း ပေါ့ပါးနေသည်။

သူ့အပြုမူ လှုပ်ရှားမှုများကိုကြည့်ပြီး မြပဒုမ္မာရှိ လူသားအားလုံး တအံ့တသြဖြစ်နေကြ၏။

ဖြစ်နိုင်လောက်ပါသည်။

ပန်ထွာ မြပဒုမ္မာက ပျောက်ကွယ်သွားသည့်နေ့ကစ ပြီး သူ၏ပြုံးရယ်ပျော်ရွှင်ခြင်းကို ဘယ်သူမြင်တွေ့ခဲ့လို့လဲ။

ကြီးဖွားလုံကတော့ လူကြီးပီပီ သူ့ကို စကားဆိုရဲ သည်။

"လူကလေး သည်ညအရမ်းပျော်ရွှင်နေပါလား"

သူနှုတ်က အဖြေမပေးသော်လည်း ကြီးဖွားလုံကို လှိုက်လှဲစွာ ပြုံးပြခဲ့ပါ၏။

✿ ✿ ✿

(နှစ်ဆယ့်တစ်)

ကျောက်မဲမှ သူ့ထံသို့ ဖုန်းရောက်လာပြီး တစ်ပတ်အကြာမှာ ဖေဖေ ဦးမင်းသော်နှင့် မေမေ ဒေါ်မြနန်းယဉ် ရန်ကုန်သို့ ရောက်လာသည်။

"မျှော်နေတာ ဖေဖေ။ ကားနဲ့ရောက်လာမယ်ဆိုတော့ ဖေဖေကိုယ်တိုင် ကားမောင်းလာမှာကိုတွေးပြီး စိုးရိမ် နေရသေးတယ်"

ဖေဖေကတော့ ထုံးစံအတိုင်း တဟားဟားရယ်ပြီး သူ့ပခုံးကို ဖက်သည်။

"ဟိုက်ဝေးကို ဖေဖေကိုယ်တိုင် ဘယ်မောင်းမလဲ သားရယ်။ မင်းမေမေကလည်း ပေးမမောင်းပါဘူး။ အောင်ညွှန့်ပဲ နားနားနေနေ မောင်းလာတာ"

ဒရိုင်ဘာ ကိုအောင်ညွှန့်က ဖေဖေ့လက်ဆွဲ။ ကား





မောင်းလျှင် ဖြည်းဖြည်းအေးအေးမောင်းတတ်သည်။ ဒါကိုပင် ဖေဖေနှင့်မေမေက သဘောကျ၏။

ဖေဖေနှင့်မေမေ ကျောက်မဲမှရောက်လာသဖြင့် မြပဒုမ္မာခြံကြီးသည် ခါတိုင်းထက် သက်ဝင်လှုပ်ရှားနေ၏။ မေမေနှင့် ကြီးဖွားလုံကတော့ စကားတွေပြောမကုန်။ ပြီးတော့ ကြီးဖွားလုံအပါအဝင် အားလုံးကို မေမေက ရိုးရာဝတ်စုံများ လက်ဆောင်ပေးသည်။

"အသက်အရွယ်ရလာတော့ ဖေဖေတို့ ရန်ကုန်ကို ရောက်ဖို့ နည်းနည်းအလှမ်းဝေးသွားတယ်လေ။ ဒါပေမယ့် သားနဲ့ပတ်သက်ပြီး သည်တစ်ခေါက်က မရောက်လို့ကို မဖြစ်ဘူး"

ဖေဖေ့စကားက သူ့အတွက် ထူးခြားနေ၏။

သို့သော်လည်း သူထူးခြားသည်ဟု ထင်နေသော အကြောင်းအရာနှင့်ပတ်သက်၍ ဖေဖေက စကားကိုရှေ့မဆက်။ စီးပွားရေးကိစ္စများကိုမေးပြီး တစ်မြန်နှစ်က အိမ်ထောင်ချပေးလိုက်သည့် သူ့အထက်မမကြီး 'နန်းယဉ်သက်' အကြောင်း ပိုမို၍ပြောသည်။

"မင်း မမကြီးခင်ပွန်းက ဖေဖေမျက်နှာလွှဲရလောက်အောင် လုပ်ငန်းတွေ ဦးစီးနိုင်တယ်။ ဖေဖေကတော့ ခြံတွေကို အညောင်းဖြေသဘောလောက်ပဲ

လမ်းလျှောက်သွားတာ။ မောင်လှိုင်ဘွား ရိုးသလောက် အေးသလောက် အလုပ်ကြိုးစား သလောက် မင်းမမကြီးကိုတော့ ဖေဖေက အတော်ကို အမြင်ကတ်နေတာ”

“ဘာဖြစ်လို့လဲ ဖေဖေရဲ့”

“သားသမီးပဲ ထွန်းကားတော့မယ်။ ခုထိလှချင်ပချင် စိတ်က မပျောက်ဘူး။ ဟိုကောင် မယားကြောက် လှိုင်ဘွားကလည်း သူ့မိန်းမဝတ်သမျှ စားသမျှ နေ့ရှိသရွေ့ အလုပြင်နေတာကို ဘာမှ မပြောဘူး။ တပြုံးပြုံးနဲ့လုပ်နေတော့ ဟိုကောင်မက မိဘစကားကို သိပ်ပြီးနားမဝင်ချင်တော့ဘူး”

သူရယ်သည်။

ယောက်ဖဖြစ်သူ ကိုလှိုင်ဘွား၏ ရိုးအေးမှုကို သူမသိမဟုတ်။

“နောက်ပြီး မင်းမမကြီးက ယောကျ်ားကိုလည်း နိုင်လိုက်တာမှ အဖေလုပ်တဲ့သူနဲ့ အမေလုပ်တဲ့သူက သမက် ဖက်ကလိုက်လိုက်နာပေးနေရတယ်”

သည်စကားကိုတော့ သူအသံထွက်အောင် ရယ်ပါ၏။

“မမကြီးအလှမက်တာ၊ အလှပြင်တာကိုတော့





အပြစ်မပြောပါနဲ့ ဖေဖေရာ။ မမကြီးက ငယ်ငယ်ကတည်းက သူ့ကိုယ်သူ လှလှပပပြင်ဆင်ပြီး နေတတ်တာပါ။ နောက်ပြီး အိမ်ထောင်ဖက်ကိုလည်း သူနိုင်ရတဲ့သူ၊ သူ့ဩဇာအလွှမ်း ခံမဲ့သူကို စိတ်ကြိုက်ရွေးထားတာ”

ဒါတွေကိုတော့ ဖေဖေသဘောပေါက်လိမ့်မည်။ ညနေဘက်ရောက်တော့ လွင်မောင်ကို ဖုန်းဆက်အကြောင်းကြားပြီး ဖေဖေ့ကို အကောင်းဆုံးဟိုတယ်တစ်ခုမှာ ဒင်နာကျွေးသည်။ မေမေကတော့မလိုက်။ ငါက မဖွားလုံရဲ့ လက်ရာပဲ စားမှာဆိုပြီး အိမ်မှာနေခဲ့၏။

ညစာစားရင်း လွင်မောင်က သူ့မျက်နှာကို တကြည့်ကြည့်။ သူကတော့ ဖေဖေပြောလာမည့် စကားကို နားစွင့်သည်။

စားသောက်ပြီး လိုင်ချီးဖျော်ရည်သောက်ချိန်ထိ ဖေဖေ့ထံက သူစိတ်ဝင်စားနေသည့် စကားအသံထွက်မလာတော့ လွင်မောင်က ချောင်းတစ်ချက်ဟန့်ပြီး…

“အန်ကယ်နဲ့ အန်တီ ရန်ကုန်ကို အလုပ်ကိစ္စ ဆင်းလာကြတာလား မသိဘူး”

သူကလွင်မောင်ကို ဖုန်းထဲက အကျိုးကြောင်း ပြောပြထား၍ အခြေအနေကို လွင်မောင်ကသိချင်နေပုံရသည်။

"သည် အသက်အရွယ်တွေရောက်မှတော့ အလုပ်ကိစ္စဆင်းလာရမှာလား မောင်လွင်မောင် ရယ်။ အန်ကယ်နဲ့အန်တီ အန်းနီးမွန်းထွက်လာကြ တာလားလို့ မေးတာကမှ အဓိပ္ပာယ်ရှိအုန်းမယ်"

ဖေဖေက ဘဝကိုရယ်ရယ်မောမောနှင့် ပျော်ပျော် ရှင်ဆိုင်တတ်သူဖြစ်သည်။ သူကတော့ မေမေ့ဘက် မျိုးရိုး လိုက်သည်ထင်ပါ၏။ မေမေ့လို မျက်နှာထားကို ထာဝရ တည်ထားတတ်ပါသည်။ သည့်အတွက်လည်း ဖေဖေက မင်း ကတော့ အမေတူသားပဲဆိုသည့် စကားကို ပြောဖြစ်၏။

"ရန်ကုန်ဆင်းလာတာကတော့ သားနဲ့ပတ်သက် တဲ့ ကိစ္စရပ်ပါပဲ မောင်လွင်မောင်။ တို့သားအဖနှစ် ယောက်က သူငယ်ချင်းစကားတွေ ပြောကြဆို ကြရဦးမှာကွ"

သို့သော်လည်း ဖေဖေသည် စားသောက်ခြင်းကိစ္စ ပြီးဆုံးသွားသည်ထိ ဘာစကားမှ ဆက်မပြောတော့ချေ။

ဖေဖေ့ကို ပြန်ပို့ပြီး လွင်မောင်ကို လိုက်ပို့တော့ လမ်းမှာ လွင်မောင်ကပြောသည်။

"မင်းဖုန်းထဲက ပြောသလို မင်းဖားသားကြီး စကား အသွားအလာက မင်းကိုမိန်းမပေးစားမယ့်ပုံပဲ မင်းသူ။ မင်းကို ကျောက်မဲပြန်ခေါ်ပြီး မိန်းမများ





ပေးစားမလားမသိဘူး"

"ငါလည်း စဉ်းစားကြည့်နေတာ။ ဖေဖေက စကားပြောရင် အဲဒီကိစ္စကို ဆုံးခန်းတိုင် မပြောလို့ ခက်နေတာကွ"

နောက်ပါးမှ ကားတစ်စီးပါလာသဖြင့် ကျော်တက် နိုင်ရန် ကားကို ညာဘက်သို့ အသာချမောင်းသည်။

"မင်းကို ကျောက်မဲပြန်ခေါ်ပြီး မိန်းမပေးစာရင် ဘယ်လိုလုပ်မလဲ"

"ငါ ကျောက်မဲပြန်လို့ ဘယ်ဖြစ်မလဲ။ ဒီမှာ ကုမ္ပဏီလုပ်ငန်းကို အခြေခိုင်ခိုင်လုပ်ထားတဲ့ဟာ"

"ငါပြောတာက အပြီးပိုင်ပြန်ခေါ်တာကို ပြော တာ မဟုတ်ဘူး။ ကျောက်မဲက သူတို့သဘောကျတဲ့ သူနဲ့ မင်းကိုခေါ်ပြီး ပေးစားမှာကို ပြောတာ"

"မယူဘူး"

"အဲသလို မင်းအဖေကို ပြောရဲလို့လား"

"ပြောရဲတာပေါ့။ အချစ်နဲ့အိမ်ထောင်ရေးဟာ ငါ့ နှလုံးသား လွတ်လပ်ခွင့်ပဲ"

လွင်မောင်ပြုံးသည်ကို စိတ်ကမလုံ။ မေး၍သာ ရင်ကော့ ဖြေရသည်။ ဖေဖေက သည်အကြောင်း စကား စလာလျှင် သူ့ဘက်က ဘာမှပြင်ဆင်မှုမရှိ။ သူက ငြင်းဆန်

လို့ 'သားမှာချစ်သူရှိပြီလား။ ဖေဖေတို့သဘောတူမှာပါ။ သားချစ်သူက ဘယ်သူ့ကလေးများပါလိမ့်' ဟုဆိုလာလျှင် သူဖေဖေ့ကို ဘာပြန်ပြောရမည်လဲ။

သည်အကြောင်းရာကို လွင်မောင်စဉ်းစားမိပြီး ပြုံးတာ ဖြစ်ပါလိမ့်မည်။

လွင်မောင်ကို ကားပေါ်မှချပေးပြီး ကားဘီးအလိမ့်မှာ လွင်မောင်က လှမ်းအော်ပြောသည်။

"မင်း ပန်ထွာကို အမြန်ရှာတွေ့ပါစေလို့ ငါဆုတောင်းပေးနေမယ်"

✿ ✿ ✿





(နှစ်ဆယ့်နှစ်)

ကုမ္ပဏီလုပ်ငန်းများကို ရတနာနှင့် လွှဲအပ်ထားပြီး သူအပြင်ထွက်နေသည်က များသည်။

သူ ပန်ထွာကို ဆုံစည်းခဲ့သည့်နေရာ။

သည်နေရာမှာ မိနစ်နာရီအတော်ကြာမျှ သူရပ်စောင့်နေဖူးသည်။ သည်ဝန်းကျင်မှာ ပန်ထွာရှိလိမ့်မည်။ နေလိမ့်မည်ဆိုသည့်အတွေးက သူ့ခေါင်းထဲ ဝင်ထား၏။ သို့သော်လည်း သူ့မျှော်လင့်ချက်များသည် အချည်းနှီးသာဖြစ်ခဲ့ရပါသည်။ သူစောင့်စားသော်လည်း ပန်ထွာ၏ အရိပ်ယောင်မျှ မမြင်။

ကားတစ်စီးနှင့် နေရာအနှံ့ ရှာခဲ့သည်မှာလည်း ဖတ်ဖတ်မော။

လွင်မောင်ပြောသလို သူ ပန်ထွာကို အမြန်ရှာတွေ့ဖို့က လိုပါသည်။ ဖေဖေတရားဝင်စကားပြောလာလျှင် သူ ပန်ထွာကို တရားဝင်ပြချင်၏။

လွင်မောင်ကတော့ ပြောသည်။

"ပန်ထွာကိုတွေ့ပြီလား။ ပန်ထွာက ပကတိ အခြေအနေရောက်နေပြီ။ မင်းသူဆိုတာကိုလည်း သူသိမှာ မဟုတ်ဘူး။ သူခေါ်ခဲ့တဲ့ အစ်ကိုဆိုတာလည်း သူ့ရင်ထဲမှာ ရှိမှာ မဟုတ်ဘူး။ မြပဒုမ္မာဟာ သူနဲ့မပတ်သက်တဲ့ အခြေနေမှာ ရှိနေမှာ မင်းသူ"

လွင်မောင်ပြောသမျှသည် သူလက်ခံနိုင်သော အကြောင်းရာများဖြစ်သည်။

ပန်ထွာကို တွေ့ပြီပဲထား။

ပန်ထွာ သူ့ကို ဘယ်လိုနားလည်နိုင်မည်လဲ။ ချစ်ခြင်းသည် နားလည်မှုမရှိဘဲနှင့်တော့ ဘယ်လိုမှ ဖြစ်ပေါ်လာလိမ့်မည်မဟုတ်။

သူတွေးတိုင်း ပင့်သက်ချခဲ့ရသည်ကလည်း အခါခါ။ သူဆိုင်ပြန်ရောက်တော့ ဖေဖေရောက်ရှိနေသည်ကို တွေ့သည်။

"မေမေ့ကို ခေါ်မလာဘူးလား ဖေဖေ"

"မင်းအမေက မအိမ်ခင်။ အိမ်မှာထိုင်မိရင် ဘယ်မှ သွားချင်လာချင်တာ မဟုတ်တော့ဘူး။ ခုလည်း ဗိုလ်ချုပ်ဈေးကို အောင်ညွှန့်ခေါ်ပြီးလျှောက်သွားတာ။ ဖေဖေတို့ ရန်ကုန်မှာ နေရက်သိပ်မရှိဘူးသား"





"ဆယ်ရက် ဆယ့်ငါးရက်လောက်တော့ ဖေဖေနဲ့ မေမေ နေမှာမို့လား"

"အဲဒီလောက်ကို အချိန်မပေးနိုင်ဘူး"

ဖေဖေဘာတွေ အရေးကြီးနေလို့လဲ ဆိုသည့် အမေးကိုတော့ သူမေးရန်မလို။ ဖေဖေသည် သူ့လုပ်ငန်းများအတွက် သေးသေးကွေးကွေးပဲဖြစ်ဖြစ်၊ ကြီးကြီးမားမားပဲဖြစ်ဖြစ် အမြဲလိုလို အရေးကြီးနေတတ်၏။

သူ ဖေဖေ့ကို စင်တာ၏အပေါ်အောက်ကို လိုက်ပြသည်။ နောက်ပြီး သူ၏အောင်မြင်သော လုပ်ငန်းအခြေနေများကို ရှင်းပြသည်။

"ဒါတွေက ဖေဖေသိပြီးသားပဲဟာ"

"ဖေဖေ့ခြေရာကို နင်းနိုင်တယ်ဆိုတာ ဂုဏ်ယူပြီးပြောတာပါ"

"ဖေဖေကလည်း မင်းနဲ့ပတ်သက်ပြီး အမြဲဂုဏ်ယူနေတာပဲဟာ"

သားအဖနှစ်ယောက်၏ စကားကသည်မျှသာ။ ဘာမှလည်း ကြီးကြီးမားမားမပါ။

လျှောက်ကြည့်ပြီး ဖေဖေနှင့် ဂျေဒိုးနပ်မှာထိုင်တော့ ဖေဖေက အအေးသောက်ရင်း သူနားမရှင်းသော စကားကို ပြောသည်။

"နက်ဖြန် ဖေဖေတို့ ပြည်ကိုသွားကြမယ်။ သား အလုပ်နှစ်ရက်သုံးရက်လောက်တော့ ပျက်လိမ့်မယ်"

"ကျွန်တော်ပါ လိုက်ခဲ့ရမှာလား"

"လိုက်ရမှာပေါ့။ ဒါကြောင့်မင်းကို အလုပ်နှစ်ရက် သုံးရက်ပျက်မယ်လို့ ပြောတာပေါ့"

ဖေဖေက မုန့်နှင့်အအေးကို အရသာခံသောက်သည်။ ဘာကိစ္စလဲ ဖေဖေဆိုသည့် အမေးကိုတော့ သူမမေးရဲ။ သူနှင့် လွင်မောင်ထင်ထားတာတွေ ပါစင်အောင်လွှဲပြီဟု သူတွေးရ၏။ ပြုံးမိသည်။

သူထင်တာက ဖေဖေသည် လိုရင်းစကားကို တိုရှင်းပြောပြီး ကျောက်မဲကို ခေါ်လိမ့်မည်ဟု လုံးဝထင်ခဲ့သည်။

ယခုတော့...

ဘာပဲဖြစ်ဖြစ် ဒီယခုတော့သည် သူ့အတွက် အသက်ရှူချောင်သည့် ယခုတော့ဖြစ်ပါသည်။ ပြည်ကိုသွားမည်ဆိုသည့် စကားအတွက်လည်း သူတွေတွေထူးထူး တွေးနေစရာမလို။ ဖေဖေနှင့် မေမေက နယ်ဘုရားတွေလည်း ဖူးတာဝါသနာပါသည်။ ပြည်ရွှေဆံတော်နှင့် လမ်းခုလတ်မှာရှိသည့် ဘုရားစုံကို ဖေဖေနှင့်မေမေ ဖူးချင်ဟန်တူပါ၏။

နောက်ပြီး...





ဗိသုကာနိုးမြို့ဟောင်း လေ့လာချင်သည်ဆိုသည့် စကားကို သူနှင့်ဖုန်းပြောတိုင်း ဖေဖေပြောသည်ကို သူအမှတ်ရသည်။

သည့်နောက်။

သူကလည်း ဘာအကြောင်းရာမှ မမေး။

ဖေဖေကလည်း ဘာမှဆက်မပြော။

သူ့ဆိုင်မှာမရှိသည့် နိုင်ငံခြားကားသော့ချိတ်တစ်ခုကို တခြားဆိုင်တစ်ဆိုင်မှဝယ်ပြီး ဖေဖေပြန်သွားသည်။

နက်ဖြန်ခရီးစဉ်အတွက်ကတော့ သူ့အတွက် တွေတွေထူးထူးမလို။ ဝတ်စုံသုံးလေးစုံလောက်သာ ခရီးသွားအိတ်ထဲ ထည့်သွားရုံသာရှိသည်။

✿ ✿ ✿

(နှစ်ဆယ့်သုံး)

ထင်ထားသည့်အတိုင်း ရန်ကုန်နှင့် ပြည်လမ်းမ ပေါ်မှာရှိသည့် ဘုရားများကို ဖေဖေနှင့်မေမေက ဝင်ဖူးသည်။ ကားကိုတော့ ကိုအောင်ညွန့်က မောင်းသည်။ သူမောင်းမည်ဆိုစဉ်က..

"အောင်ညွန့်ပဲ မောင်းပါစေသားရာ။ သားမောင်းတာကို ဖေဖေတို့ မစီးရဲပါဘူး။ မင်းက ငယ်ငယ်လေးကတည်းက ကားမောင်းကြမ်းတဲ့ကောင်"

သည်သို့ ဖေဖေက တားမြစ်ပြီး မေမေကလည်း 'သားမမောင်းနဲ့' ဆိုသည့် စကားဖြင့် သူ၏ကားမောင်းခြင်းအတတ်ပညာကို ပို၍ အရည်သွေးမြှင့်ပေး၏။

ကိုအောင်ညွန့်ကတော့ ကားကိုလိပ်ဖြစ်အောင်မောင်းတဲ့လူ။ အဲဒါကို ဖေဖေနှင့်မေမေက ချီးမွမ်းလို့မဆုံး။ ပြည်ရောက်တော့ ညနေပင်စောင်းနေပြီ။





ပြည်မြို့အဝင်မှာတော့ ကိုအောင်ညွန့်ကို ဖေဖေက ဦးဆောင်လမ်းပြသည်။

"ဖေဖေ ရောက်ဘူးလို့လား"

"မင်းမမွေးခင်ကတည်းက ခင်မောင်ဦးနဲ့ဖေဖေက အသွားအလာရှိခဲ့တာ။ ကျောက်မဲရောက်ရင်လည်း အိမ်ရှာတည်းတာ။ ဖေဖေကတော့ သူ့ဆီကိုသီးသန့်လိုက်နေတာ။ သိပ်ချစ်ကြတဲ့ သူငယ်ချင်းတွေ သားရဲ့။ မင်းနဲ့မောင်လွင်မောင် ချစ်ခင်ကြသလိုပေါ့"

"ဖေဖေ ကျွန်တော့်ကို တစ်ခါမှ မပြောဖူးဘူး"

"စကားမစပ်မိကြလို့ပါကွာ။ သားကလည်းကျောင်းပြီးကတည်းက ရန်ကုန်မှာ အခြေချစီးပွားရှာဆိုတော့ နောက်ပြီး ထွေထွေထူးထူးလည်း ပြောစရာမရှိခဲ့ပါဘူး။ ဒါပေမယ့် ခုတော့ ပြောစရာရှိလာပြီပေါ့ကွာ"

ဖေဖေ့စကားကို သူမျက်မှောင်ကြုတ် စဉ်းစားသည်။ အဖြေတစ်ခုကိုတော့ ခပ်ရေးရေးရရှိ၏။

ဖေဖေ သူ့ကို စကားတစ်ခွန်းတော့ ချန်ထားပြီ။

× × ×

ခြံဝင်းကြီးတစ်ခုကို ဖေဖေက လက်ညှိုးထိုးပြသည်။

ကိုအောင်ညွန့်က အသင့်ပွင့်နေသည့် ခြံဝင်းထဲသို့ ကားကို မောင်းဝင်ပြီး နှစ်ထပ်တိုက်ကြီး၏ ဆင်ဝင်အောက်မှာ ကားကို ရပ်လိုက်၏။

ကားရပ်ရပ်ချင်းပင် တိုက်ထဲမှ ဖေဖေ့အရွယ် ပုဂ္ဂိုလ်ကြီးတစ်ဦး ခပ်သွက်သွက်ကလေး ထွက်လာ၏။

"မင်းသော်.. မင်းကတော့ သည့်လိုကြီးပဲကွာ။ လာရင်ဘယ်တော့မှ ကြိုတင်အကြောင်းမကြားဘူး။ လှမ်းပြီး ဖုန်းဆက်ထားရင် မင်းကို ကျုံးကိုက်မှာမို့လို့လားကွ"

စကားပြောဟန်ကိုကြည့်ပြီး ဖေဖေ့သူငယ်ချင်း ဦးခင်မောင်ဦးမှန်း သိလိုက်၏။

"ထင်မထားဘဲ ရောက်လာတော့ မင်းပိုပြီး ဝမ်းသာ မသွားဘူးလား ခင်မောင်ဦးရာ"

ဖေဖေနှင့် ဦးခင်မောင်ဦး ရယ်ရယ်ပြုံးပြုံး ပြောနေဆဲမှာ တိုက်ထဲမှ အမျိုးသမီးကြီးတစ်ဦး ဝမ်းသာအားရ ပြေးထွက်လာပြန်၏။

"ကိုဦးက အပြစ်ပြောမယ်ဆိုရင်လည်း ပြောစရာပါပဲ ကိုမင်းသော်ရယ်။ မနန်းပါပါမယ်လို့ ကြိုတင်အကြောင်းကြားထားရင် ကျွန်မကော ဝမ်းမသာရဘူးလား"



ကားပေါ်မှ ဆင်းတော့ အားလုံးဖက်လှဲတကင်းနှင့် ဖြစ်နေ၏။ သူ ကားဘေးမှာ ခပ်တောင့်တောင့်လေးရပ်နေသည့်ကိုမြင်တော့ ဦးခင်မောင်ဦးက..

"သားတော်မောင်ကြီးပါ ပါလာတာကိုး"

"အံမယ်.. မင်းက ငါ့သားမှန်းသိနေရအောင် ငါ့ သားကိုမြင်ဖူးထားလို့လား"

"မင်းက ပုံစံရိုက်ပြီး မွေးထားတာ။ မင်းသားမှန်း မသိဘဲ နေမလားကွ"

မေမေကတော့ ရှက်ရိပ်ကလေးနှင့်ပြုံးသည်။ ပြုံးရင်း မေမေက သူနှင့်မိတ်ဆက်ပေး၏။

"သား... ဒါအန်တီသီတာနော်။ သားအသည်းထဲမှာ စွဲနေအောင် ရှိသေလေးစားမှုရှိရမယ်"

"ဝမ်းသာပါတယ် အန်တီ။ မေမေနဲ့ဖေဖေက ဘာမှ ကြိုပြောမထားတော့ ကျွန်တော့်အမူအရာ စိမ်းသလိုဖြစ်နေရင် ခွင့်လွှတ်ပါ"

အိမ်ဖော်ကောင်မလေးနှစ်ယောက်က ပစ္စည်းတွေ သယ်သည်။ သယ်သည့်ပစ္စည်းများမှာ လက်ဆောင်ပစ္စည်းတွေက ပိုများ၏။

"မမြင်ဘူးခင်ကတည်းက အန်တီက ခင်မင်နေတာ။ သားဖေဖေ မေမေတို့နဲ့ အန်တီတို့က အရမ်း

ခင်မင်ရင်းနှီးတဲ့ သူငယ်ချင်းတွေ။ လာ… လာ အထဲဝင်ကြရအောင်”

အန့်တီသီတာက ဦးဆောင်ခေါ်သည်။

ဧည့်ခန်းရောက်တော့ ဧည့်ခန်းအပြင်အဆင်ကို သူက မျက်စိတစ်ဝေ့ကြည့်သည်။

ဆန်းဆန်းပြားပြားတော့မဟုတ်။

ကြေးရည်တက် လူတန်းစားတို့၏ အပြင်အဆင် အသုံးအဆောင်။ ဒါတွေကို သူကိုယ်တိုင် မြပဒုမ္မာတိုက်ကြီးမှာ ခြယ်မှုန်းခဲ့သည်ပဲ။

ဧည့်ခန်းဆိုဖာဆက်တီမှာ မိသားစုတစ်စုတစ်ဝေး။

သည့်ထက် မိသားစုစုံလင်အောင် အန့်ကယ် ဦးခင်မောင်ဦးက‥

“ဟဲ့‥ ခင်မုံ။ နင့်မမကြီးနဲ့ မမလေးကို အပေါ်မှာ သွားခေါ်စမ်း။ ဧည့်သည်တွေရောက်နေတယ် အောက်ကိုဆင်းခဲ့ကြစမ်းလို့”

“ဟုတ်ကဲ့ ဖေဖေကြီး”

အိမ်ဖော်မလေးအပေါ်ထပ်သို့ အပြေးကလေး တက်သွားသည်။

ဖေဖေနှင့်မေမေ့မျက်နှာ အပြုံးတွေဝေနေသော်လည်း သည်အပြုံးတွေကို သူစိတ်ဝင်စားခြင်းမရှိ။ ပြည်မှာ နှစ်ည

အားမာန်သစ်စာပေ



အိပ်သုံးရက်ခရီးအတွက် သူ့စိတ်အနည်းငယ် ကျဉ်းကျပ်နေသည်က အမှန်။

ဒါကို ရိပ်စားမိဟန်တူသော အန့်ကယ်ဦးခင်မောင်ဦးက-

“မောင်မင်းသူ လွတ်လွတ်လပ်လပ်နေနော်။ မင်းနှမတွေနဲ့ အဖွဲ့ကျသွားရင် မောင်မင်းသူ ပျော်သွားမှာပါ။ အကြီးမကြီးက စကားနည်းပေမယ့် အငယ်မကတော့ မောင်မင်းသူ နားငြီးလောက်အောင် စကားနဲ့ ဦးဆောင်မှာ”

အရယ်အမောတွေ မပျက်ခင် အန့်ကယ်ဦးခင်မောင်ဦး၏ အကြည့်က လှေကားဆီသို့ ရောက်သည်။

“လာ… သမီးတို့ သမီးတို့ ဆင်းအလာကို ဖေဖေက စောင့်နေတာ”

သူခေါင်းကို အသာငုံ့ထားရာမှ အကြည့်ကို ကျွန်းလှေကားကြီးဆီသို့ ရွေ့လျားလိုက်၏။

“ဟင်‥”

သူ့မျက်လုံးဝိုင်းစက်သွားသည်။

ရင်ခုန်နှုန်းက ရုတ်ချည်းမြန်လာ၏။

ပန်ထွာပါ။

ဟုတ်ပါတယ်။

သူ့ရင်ထဲက ပန်ထွာပါ။

အားမာန်သစ်စာပေ

× × ×

"သမီးကြီးနာမည်က ဝေဝေဦးတဲ့။ သမီးငယ် နာမည်က နွေနွေဦး။ သမီးတို့ကလည်း အစ်ကိုကြီး မင်းသူကို မှတ်ထားရမယ်နော်"

သိမ်မွေ့သော အပြုံးတွေကို တွေ့ရသည်။

တကယ်တန်း သူလိုလားတာက ဒီအပြုံးတွေ မဟုတ်ပါဘူး။ ဝေဝေဦးခေါ် ပန်ထွာရဲ့ အံ့အားတသင့်ဟန်တွေကို လိုလားတာပါ။ သို့သော်လည်း သူအလိုလားဆုံး အံ့အားသင့်ဟန်တွေ ဝေဝေဦးမှာမရှိ။ ဝေဝေဦးက ပကတိတည်ငြိမ်သော အပြုံးနှင့် ရင်းနှီးမှုများကိုပြသည်။

ညစာထမင်းဝိုင်းမှာ ပိုမိုသော ရင်းနှီးခင်မင်မှုကို သူရရှိခဲ့သည်။ စားသောက်ပြီး ဝရန်တာမှာထွက်အရပ်တွင် ထံပါးသို့ အငယ်မ နွေနွေဦးရောက်လာ၏။

"ကိုကိုကြီး ပျင်းနေပြီလား"

နွေဦး၏အခေါ်ကို သူက သဘောကျစွာဖြင့် ပြုံးသည်။

ကိုကိုကြီးတဲ့။

ဟုတ်ပါတယ်လေ…

နွေဦးအသက်အရွယ်နဲ့ သူ့ကို ကိုကိုကြီးလို့ ခေါ်သင့်တာပဲ။





"လမ်းမတော်ဘက် လမ်းလျှောက်ကြမယ်လေ။ ပြည်မြို့ရဲ့ လမ်းမတော်က ကိုကိုကြီးတို့ ရန်ကုန်က လမ်းမတော်လိုပဲ စည်စည်ကားကားရှိပါတယ်"

"ကောင်းသားပဲ"

"ဒါဖြင့် မမကြီးကိုပါ ခေါ်လိုက်မယ်"

သူ့ရင် သိမ့်သိမ့်ကလေးခုန်သွားသည်ကိုတော့ နွေနွေဦး သိချင်မှ သိလိမ့်မည်။

အိမ်ကထွက်ထွက်ချင်းမှာပဲ နွေဦးက စကားတွေ ဖောင်ဖွဲ့သည်။

"ညဘက်အပြင်ထွက်ရဖို့များ ဝေးမှဝေး ကိုကို ကြီးရဲ့။ ဖေဖေနဲ့မေမေက မမဝေဦးကို လွတ်လပ်ခွင့် တွေပေးသလောက် နွေဦးကိုကျ ဘယ်တော့မှ လွတ်လပ်ခွင့်မပေးဘူး"

"ညီမလေးက ငယ်သေးလို့ပါ"

ယင်းစကားကို ဝေဦးက ဝင်ပြောသည်။

"မမကြီးကကော ဘယ်လောက်ကြီးသေးလို့လဲ။ ငါ ဘွဲ့ရပြီးပြီဆိုတဲ့ စကားတော့လာမပြောနဲ့။ နွေဦးလည်း နောက် နှစ်နှစ်လောက်ဆို ဘွဲ့ရမှာ"

"ဒါတွေက ပြဿနာမဟုတ်ပါဘူး ညီမလေး ရယ်"

သည်စကားတွေအပေါ်မှာ သူဘယ်လိုမှ စိတ်ဝင်စားခြင်းမရှိ။ ဝေဦးကို တစေ့တစောင်းအကဲခတ်ရင်း သူ့ရင်မှာ ဖော်ပြမတတ်သည့် ဝေဒနာနှင့် ပျော်ရွှင်ခြင်းကို ရရှိပါသည်။

လမ်းလျှောက်ခြင်းကို သူနှင့်နွေဦးက ထိန်းထိန်းသိမ်းသိမ်းပြုလုပ်သည်။ ခြေထောက်ကလေးတစ်ဖက် မသန်စွမ်းမှုအပေါ်မှာ ဝေဦးတွင် ဘာခံစားမှုမှ မရှိသော်လည်း သူ့ရင်မှာ ဆွေးဆွေးမြည့်မြည့်လေး ဖြစ်ရသည်။

အကြောင်းရင်းတရားခံသည် မိမိနှင့်အနီးကပ်ဆုံးမှာ ရောက်ရှိနေသည်ကို ဝေဦးက သိမည်မဟုတ်။

"အစ်ကို လက်ဖက်ရည်သောက်မလား"

"ဘယ်လို… ဝေဦးက ကိုယ့်ကို ဘယ်လိုခေါ်လိုက်တယ်"

"အစ်ကိုလို့ ခေါ်တာလေ။ ဝေဦးတို့က ညီအစ်မနှစ်ယောက်တည်း လူ့ဘဝရောက်လာရတာ။ မောင်ငယ်လေးထက် အစ်ကိုကြီးတစ်ယောက် သိပ်လိုချင်တာ"

"မကြီးပြောတာ မှန်တယ် ကိုကိုကြီး။ နွေဦးတို့ညီအစ်မက နှဲ့ဆိုးဆိုးချင်တာ။ မောင်လေးဆိုရင် ကိုယ်က ချော့နေရမှာ အစ်ကိုမှ နှဲ့ရဆိုးရမှာ"

သူပင့်သက်ဖွဖွချသည်။





လက်ဖက်ရည်သောက်မယ်နော်ဟု ဝေဦးကထပ်မေးတော့မှ သူခေါင်းကိုအသာညိတ်သည်။

"ဝေဦးက လက်ဖက်ရည်ကြိုက်တယ် အစ်ကိုရဲ့။ အိမ်မှာဆို မေမေက လက်ဖက်ရည်ကို ပေးမသောက်ဘူး။ ဒါပေမယ့် ဝေဦးကတော့ မေမေ့အလစ်မှာ လက်ဖက်ရည် ထွက်သောက်တာပဲ"

ထိုင်ခုံပုပုနှင့် ထိုင်ရသည့် လက်ဖက်ရည်ဆိုင်ကို ရွေးသည်။ နွေဦးက နက်စ်တစ်ခွက်မှာပြီး သူနှင့်ဝေဦးအတွက်က လက်ဖက်ရည်နှစ်ခွက်။

လက်ဖက်ရည်သောက်ရင်း သူ့ရင်မှာ ခံစားမှုတွေပြင်းထန်နေသလောက် ဝေဦးကတော့ အေးအေးချမ်းချမ်း။ ဝေဦး ရန်ကုန်ကို မကြာခဏရောက်လာတတ်ပါတယ်ဆိုသည့် စကားပြောတော့…

"ဝေဦး မြပဒုမ္မာခြံကြီးကို သိများသိမလားမသိဘူး"

သူအရဲစွန့်မေးမိ၏။

"သိတယ်လေ"

"သိတယ်‥ ဟုတ်လား"

"သိတာပေါ့။ စောစောက အောက်ထပ်မှာ အန်တီနန်းက ပြောနေတယ်လေ။ ရန်ကုန်မှာ

မြပဒုမ္မာခြံကြီးမှာ အစ်ကိုတစ်ယောက်တည်းနေတယ်တဲ့။ အစ်ကို့ကို ချက်ပြုတ်ကျွေးမွေးတဲ့ လူယုံအမျိုးသမီးကြီးကို အန်တီနန်းက ထားပေးထားရတယ်တဲ့။ အစ်ကိုက ကုမ္ပဏီလုပ်ငန်းကို တစ်ယောက်တည်း ဦးဆောင်လုပ်နေရတာတဲ့"

"သြော်… မေမေပြောလို့ ဝေဦးက သိတာကိုး"

"အင်းပေါ့… အန်တီနန်းပြောလို့ ဝေဦးကသိရတာပေါ့။ အန်တီနန်းက ပြောသေးတယ်။ ညီအစ်မနှစ်ယောက် ရန်ကုန်ရောက်ရင် ဘယ်အသိအိမ်မှာမှ မတည်းပါနဲ့တဲ့။ မြပဒုမ္မာခြံကြီးမှာ တည်းပါတဲ့။ လာရင် အစ်ကိုက လက်ခံမှာလား"

"အခုတောင် လိုက်လာစေချင်တာ"

သူ့စကားကို သဘောကျစွာဖြင့် ညီအစ်မနှစ်ယောက်က ရယ်သည်။

ဘာပဲဖြစ်ဖြစ်….

သည်ည၏ လမ်းဘေးလက်ဖက်ရည်ဆိုင်ကလေးကတော့ သူ့အတွက် အမှတ်တရပါပဲ။

ညအိမ်ရာဝင်တော့ သူတော်တော်နှင့် အိပ်မပျော်။

ဝေဦးနှင့်ပတ်သက်သည့် ပန့်ထွာအကြောင်းတွေသာ ခေါင်းထဲမှာ ဝဲလည်လှည့်နေပါ၏။





(နှစ်ဆယ့်လေး)

ဗိဿနိုးမြို့ဟောင်းတူးဖော်မှုကို အန်ကယ်ဦးခင်မောင်ဦးက လိုက်ပြသည်။ တူးဖော်မှုလုပ်ငန်းများကို မေမေထက် ဖေဖေက ပို၍ စိတ်ဝင်စားသည်။

ပန့်ထွာဘုရင်မကြီး၏ အချစ်ဇာတ်လမ်း။

သည်ဇာတ်လမ်းတွေက သူနားလည်သဘောပေါက်ပြီးသည့်အကြောင်းရာ။ နောက်ပြီး ဗိဿနိုးဘုရင်မကြီးနှင့် ပတ်သက်သည့် စာတွေ၊ ကျောင်းသားဘဝကတည်းက ဖတ်ရှုသိရှိခဲ့ပြီပဲ။

သို့သော်လည်း ပန့်ထွာဘုရင်မကြီး၏ နာမည်နှင့် စပ်ဆိုင်ခဲ့သော ပန့်ထွာ သို့မဟုတ် ဝေဝေဦးကိုတော့ ဗိဿနိုးဘုရင်မကြီးအကြောင်း ထပ်မံသိစေချင်သည်။

ရွှေရောင်တော်ဘုရားသို့ ရောက်သောအခါ ဗိဿနိုးဘုရင်မကြီး၏ ရုပ်ဟုရှေ့မှာ သူက…

"ပန်ထွာကို ဝေဦးအမှတ်ရနိုင်မလား မသိဘူး"

"ရပါတယ် အစ်ကို"

သူရင်သိမ့်သိမ့်ကလေး ဖြစ်သွားသည်။

အနားမှာ ဘယ်သူမှမရှိကြ။

စေတီကို လှည့်ပတ်ကြည့်သည့်အုပ်စုထဲမှာ နွေဦး ပါသွားသည်။ ဝေဦးကသာ သူ့ထံပါးမှာ ကျန်ရစ်ခဲ့၏။

"ဝေဦး ပန်ထွာကို တကယ်သတိရတယ်နော်"

"သတိရပါတယ် အစ်ကိုရဲ့"

"ဝမ်းသာလိုက်တာ ဝေဦးရယ်။ အစ်ကိုဘယ်လို ဝမ်းသာမှန်းကို မသိဘူး။ ဖေဖေတို့နဲ့ ပြည်ကိုလိုက် လာရတာ စစ်မှန်တဲ့ ဖူးစာအကျိုးပါပဲ"

"အစ်ကို ဘာတွေပြောနေတာလဲ။ ဗိသနိုးမြို့ ဟောင်းကို ရောက်လာမှတော့ ဗိသနိုးနဲ့ပန်ထွာ ဘုရင်မကြီးကို အမှတ်မရဘဲနေမလား။ သတိမရ ဘဲနေမလား"

"ဟင်း..."

"ဟင်.. ပင့်သက်ကြီးချလို့ပါလား။ အစ်ကို လည်း ပန်ထွာဘုရင်မကြီးကို သတိရနေတယ် မဟုတ်လား"

"အစ်ကိုက အမြဲသတိရနေတာပါ"





စကား၏အနက်အဓိပ္ပာယ်ကို ဝေဦးကတော့ သိလိမ့် မည်မဟုတ်။ ရှေ့ဘက်အလျှောက်မှာ အုတ်ခဲကျိုးလေးတစ်ခု နင်းမိပြီး ဝေဦးခပ်ယိုင်ယိုင်ကလေး ဖြစ်သွားသည်။

သူဝေဦးကို အသာထိန်းပြီး ဖက်ဖြစ်လိုက်၏။

"ကျေးဇူးတင်တယ်နော် အစ်ကို"

ဝေဦးမျက်နှာ ရှက်ရဲရဲကလေးနှင့် သူ့ရင်ခွင်မှ အသာ ရုန်းထွက်သည်။

"ဘဝအကျိုးပေးမကောင်းတော့ သူများတွေလို သန်သန်စွမ်းစွမ်းမရှိဘူး အစ်ကိုရယ်။ ဒါကြောင့် လမ်းသွားရင် ဝေဦးသတိကို ကြီးကြီးမားမားထား ပါတယ်"

သူစိတ်မကောင်းကြီးစွာ ဖြစ်လိုက်ရသည်။

ဝေဦးမျက်နှာကို ကရုဏာသက်စွာကြည့်တော့ ဝေဦး က ခေါင်းကိုငုံ့သွားသည်။

မညီမညာလှေကားထစ်လေးများကို နင်းဖိအဆင်းမှာ သူက ဝေဦးလက်ကို ဖွဖွကလေးကိုင်ပြီး ထိန်းပေး၏။

ဝေဦးက ရုန်းဖယ်ခြင်းမပြုပါ။

× × ×

ပြည်ကို ညနေစောင်းမှာ ပြန်ရောက်သည်။

ညစာထမင်းဝိုင်းမှာ နှစ်ဖက်မိဘတွေက မျက်နှာအရွှင်

ဆုံးဖြစ်နေသည်။ နောက်ပြီး ဖေဖေနှင့်အန်ကယ် ဦးခင်မောင်ဦးက သူနှင့် ဝေဦးကို အကဲခတ်တာ သူသတိပြုမိသည်။

ပြီးတော့ ဖေဖေနှင့် အန်ကယ်ဦးခင်မောင်ဦး တီးတိုး စကားပြောပြီး ရယ်ကြသေး၏။

ဒါကိုနွေဦးက··

"အန်ကယ်နဲ့ ဖေဖေက တိုးတိုးတိုးတိုးနဲ့ ဘာတွေပြောပြီး ရယ်နေကြတာလဲ"

"ဒါက လူကြီးတွေ ကိစ္စပါ သမီးရယ်"

ပျော်ပျော်ရွှင်ရွှင် ရယ်ရယ်ပျူပျူနှင့် ညစာထမင်းဝိုင်း ပြီးဆုံးသွားသည်။ သူအပေါ်ထပ်သို့တက်ရောက်ပြီး မကြာမီမှာ ဝေဦးနှင့်နွေဦး အပေါ်သို့ တက်လာသည်။

"လသာဆောင်ဘက်မှာ ခုံချထားတယ်အစ်ကို။ လေညင်းခံရင်း ထိုင်ကြရအောင်။ ညီမလေးက အစ်ကို့ကို သူ့လက်ရာ လက်ဖက်သုပ်ကျွေးမယ်လို့ ပြောနေတယ်"

ထိန်းချုပ်ရခြင်း၏ စိတ်ဒုက္ခကို သူကောင်းကောင်း နားလည်လာသည်။ သူနှင့် ဝေဦးဆက်ဆံရေးသည် မင်းသူနှင့် ပန်ထွာဆက်ဆံရေးမဖြစ်ဖို့ကို သူထိန်းသိမ်းရသည်။

သူ၏မှားယွင်းသော လှုပ်ရှားမှု၊ မှားယွင်းသော စကားတစ်ခွန်းအတွက် သူနောင်တမရချင်။ ဝေဦး၏ သူ့ကို





ရှိသေလေးစားမှုသည် တည်ငြိမ်လျက်ရှိပြီး သည်တည်ငြိမ်မှုကို သူမ ဖျက်ဆီးမိဖို့က အရေးကြီးသည်။

"နွေဦးက နက်ဖြန်ရန်ကုန်ပြန်မယ် အစ်ကို့ကို ဗိုက်နာအောင် လက်ဖက်တွေသုပ်ကျွေးတော့မယ် ထင်တယ်"

သူ့စကားကို နွေဦးက ပျာပျာသလဲနှင့်···

"အဲသလို မပြောပါနဲ့ ကိုကိုကြီးရာ။ စေတနာနဲ့ ကျွေးတာကို စေဟနာပါပါသာစား ကိုကိုကြီး ဘာမှ မဖြစ်ဘူး"

"စိတ်ဆိုးသွားတယ် ထင်တယ်"

"နွေဦးက ဘယ်တော့မှ စိတ်မဆိုးတတ်ဘူး။ စိတ်လည်း မကောက်တတ်ဘူး"

"ဒါဖြင့် ဝေဦးက···"

"မမကြီး စိတ်ကောက်တတ်တာတော့ ပြောမနေနဲ့။ သူစိတ်ဆိုးစိတ်ကောက်ရင် ဝစီပိတ်နေတာ။ ဘယ်သူနဲ့မှ စကားမပြောတော့ဘူး"

နွေဦးပြောသမျှကို ဝေဦးက ပြုံးလို့သာ နေ၏။

သူ့စိတ်တွေကတော့ အတိတ်ကို ရုတ်ချည်းရွေ့လျားသွားသည်။ ပန်ထွာလေ··· စိတ်ကောက်ပြီး သူ့အရိပ်အောက်က ပျောက်သွားရသည်ထိ ဖြစ်ခဲ့ရတာ။

ဒါတွေ ဝေဦးသိနိုင်ပါ့မလား။

ယခု မိမိနှင့် မျက်နှာချင်းဆိုင် ထိုင်စကားပြောနေသူသည် တစ်ချိန်က ပန်ထွာသံယောဇဉ်ကြီးခဲ့တဲ့ မင်းသူဆိုတာကော သိနိုင်ပါ့မလား။

မသိနိုင်ပါဘူး။

အတူနေချိန်များမှာ သူ ဝေဦးကို သတိထားစောင့်ကြည့်နေခဲ့သည်မှာ စိတ်ကလေးအနည်းငယ် လည်လာသည့်အရိပ်ယောင်မျှပင် ဝေဦးမရှိ။

နွေဦးလက်ဖက်သွားသုပ်တော့ သူနှင့်ဝေဦး လသာဆောင်မှာ နှစ်ယောက်တည်း။

သူ မိုးကောင်းကင်ကို မော့အကြည့်မှာ ဝေဦးက‥

"ရန်ကုန်မှာ ဝေဦးရဲ့သူငယ်ချင်းရှိတယ်။ ဝေဦးရန်ကုန်လာရင် သူ့ဆီမှာပဲ တည်းတယ်။ နွဲ့မွန်နဲ့က တက္ကသိုလ်အတူတက်လာတာ။ သူငယ်ချင်းဆိုတာထက် ညီအစ်မရင်းလို့တောင်ပြောရင်ရပါတယ်။

"မြပဒုမ္မာကို လာဖို့ အစ်ကိုက ဖိတ်ခေါ်တယ်နော်"

"လာမှာအစ်ကို၊ လာစရာအကြောင်းလည်း ရှိပါတယ်။ လာစရာအကြောင်းက တခြားကိစ္စတော့ မဟုတ်ဘူး။ နွဲ့မွန်မွေးနေ့ကိုလာမှာ။ နွဲ့မွန်က



သူ့မွေးနေ့ကို တစ်နှစ်တစ်ခါ မလုပ်ဘူး။ ရတနာသုံးပါး ဦးထိပ်ထားမယ်ဆိုပြီး သုံးနှစ်တစ်ခါ လုပ်တော့ သူ့မွေးနေ့ကို မလာလို့မဖြစ်ဘူး"

"ဝေဦးတစ်ယောက်တည်းလား"

"ညီမလေးလည်း ပါမှာ"

"ဒါဆို ညီအစ်မနှစ်ယောက် မြပဒုမ္မာမှာပဲ တည်းလေ။ လွတ်လွတ်လပ်လပ်ရှိပါတယ်"

"ဖေဖေနဲ့မေမေကလည်း အဲဒီစိတ်သဘောထားရှိတယ်။ လိုပါသေးတယ်လေ။ ဝေဦးဖုန်းဆက်အကြောင်းကြားပါ့မယ်"

နက်ဖြန်များစွာကို သူမြန်မြန်ကုန်ဆုံးချင်ပါ၏။ မြပဒုမ္မာသို့ ဝေဦးကို ပြန်ရောက်လာစေချင်ပါသည်။ မြပဒုမ္မာသည် ဝေဦးနှင့် အရင်းနှီးဆုံးနေရာတစ်ခုဖြစ်သည်ကိုလည်း သိစေချင်၏။

ညအတော်ရင့်သည်ထိ သူ ဝေဦးတို့ ညီအစ်မနှင့် ထိုင်စကားပြောဖြစ်သည်။ သူပြောပြသည့် လုပ်ငန်းများမှာ နွေဦး အားတက်သရော်ရှိသလောက် ဝေဦးကတော့ တည်တည်ငြိမ်ငြိမ်ကလေးနှင့် နားထောင်သည်။

"နွေဦးကတော့ ကျောင်းပြီးရင် ကိုကိုကြီးဆီဆင်းလာမှာပဲ။ ကိုကိုကြီးက နွေဦးကို ကိုကိုကြီးရဲ့

ဖက်ရှင်ရှော့ပ် မှာ မန်နေဂျာခန့်မယ် မဟုတ်လား"

"နက်ဖြန်ပြန်လို့ လိုက်ခဲ့ရင် ရန်ကုန်ရောက်တာနဲ့ မန်နေဂျာတန်းခန့်လိုက်မယ်"

နွေဦးက သူမ၏ရယ်မောခြင်းကို လက်ခုပ်လက်ဝါးပင် တီးလိုက်သေး၏။

"ဝေဦးကိုတော့ အစ်ကိုက အုပ်ချုပ်ရေးမှူးရာထူး ပေးမှာ"

"ဝေဦးကို သိပ်အထင်ကြီးမနေနဲ့ အစ်ကို။ ဝေဦးက အိမ်က အလုပ်သမားနှစ်ယောက်တစ်ပိုင်းကိုတောင် အုပ်ချုပ်နိုင်တာမဟုတ်ဘူး။ ဝန်ထမ်းနှစ်ဆယ်ကျော်လောက်ကြီးဆိုရင်တော့ သေရောပဲ"

နက်ဖြန်သည် သူ့အတွက် တသသဖြစ်ကျန်တော့မည်ကို စိတ်ကသိနေ၏။

မေမေ အပေါ်တက်လာပြီး 'မောင်နှမတွေ မအိပ်ကြသေးဘူးလား။ နက်ဖြန်စောစောလေးထွက်မယ်လို့ သားဖေဖေက ပြောနေတယ်' ဟုဆိုမှ အိပ်ခန်းအသီးသီးဝင်ဖြစ်ကြသည်။

ညအတော်နက်သည်ထိ သူအိပ်လို့မပျော်။

ပန်ထွာဘဝက သူနှင့်ရင်းနှီးခဲ့မှုတွေကို သူ ဝေဦးသိအောင် ဘယ်လိုပြောရမှာလဲ။

ဘုန်းမောင်သစ်စာပေ



ပုံပြင်လည်းမဟုတ်။

ယုံနိုင်လောက်အောင် သက်သေအထောက်အထားတွေရှိသော်လည်း ပန်ထွာဘဝမှာလည်း သူနှင့်ဝေဦးက ချစ်သူရည်းစားမဟုတ်ပါ။

အဖြစ်အားလုံးကို ဝေဦးလက်ခံသွားသည်ပဲထား ချစ်ခြင်းကိုတော့ သူကြိုးစားရပါဦးမည်။

သူ့အချစ်ကို ဝေဦးသိဖို့က အဓိကကျနေပါသည်။ အဖြစ်မှန်သိရုံနဲ့ ကျေးဇူးပါဘဲ အစ်ကိုဆိုသည်လောက်သာ တုန့်ပြန်မှုရှိခဲ့လျှင် သူ့နှလုံးသည်းပွတ်ပြတ်ကျလုမတတ်သော ခံစားမှုကို သူရရှိသွားပါလိမ့်မည်။

✿ ✿ ✿

ဘုန်းမောင်သစ်စာပေ

## (နှစ်ဆယ့်ငါး)

ခွဲခွာခြင်းသည် သူ့အတွက် ဝမ်းနည်းကြေကွဲဖွယ်ကောင်းနေသော်လည်း လက်ပြနှုတ်ဆက်သူ ဝေဦး၏ မျက်နှာ မှာ ဘာအပြောင်းအလဲမှမရှိ။ ခံစားမှုလည်း ရှိပုံမရ။

နံနက်ငါးနာရီစွန်းစွန်းမှာ ပြည်မှထွက်ခဲ့ကြသည်။ အင်းမကို လွန်ခဲ့ပြီး ခရီးအတော်အတန်ရောက်သည်ထိ ကားနောက်ခန်းမှ ဖေဖေနှင့်မေမေအသံတိတ်နေ၏။

သူက ကားနောက်ကြည့်မှန်မှတစ်ဆင့် ဖေဖေ့ကို အကဲခတ်ကြည့်သည်။ ဖေဖေသည် အကြောင်းရာတစ်ခုကို စဉ်းစားနေပုံလည်းရပါ၏။

"ဖေဖေ ဘာတွေ စဉ်းစားနေတာလဲ"

သူမေးတော့ ဖေဖေကလည်း မတုန့်မဆိုင်းဖြေ၏။

"မင်းကိုပြောမယ့်စကားကို စဉ်းစားနေတာပါ"

"ကျွန်တော်က ဖေဖေ့သားပဲ ဖေဖေရယ်။ ကိုယ့်





သားကိုပြောမယ့်စကားကိုများ စဉ်းစားနေရသေးလား"

ပြောပြီး နောက်ကြည့်မှန်မှ လှမ်း၍အကဲခတ်ရသေးသည်။

မေမေက ဖေဖေ့ကို တံတောင်နှင့်အသာတွက်သည်ကိုလည်း တွေ့၏။

"ပြည်ကို မင်းကိုခေါ်လာတာ မင်းသဘောမပေါက်ဘူးလား"

"ဖေဖေ့သူငယ်ချင်းကိုခေါ်ပြီး ဗိသနိုးမြို့ကို သွားချင်နေတာမို့လား"

"ဘယ်ကလာ မင်းကို အိမ်ထောင်ချထားပေးဖို့အတွက် တမင်သက်သက်ကို လာရတာ"

"ဘယ်သူနဲ့လဲ ဖေဖေ"

သူ့အသံအနည်းငယ် လောသွား၏။

ကိုအောင်ညွန့်က ကားကို ထုံးစံအတိုင်း ဖြည်းဖြည်းမှန်မှန်မောင်းနေ၏။

"မင်းကို အငယ်ကောင်မလေး နွေနွေဦးနဲ့ လက်ထပ်ပေးဖို့ တို့နှစ်ဖက်မိဘတွေ စဉ်းစားနေကြတယ်"

"အာ… ဖေဖေ မဟုတ်သေးဘူး"

"သိတယ်… အသက်ခြောက်နှစ်လောက်ကွာတယ်ဆိုတာသိတယ်။ ဒါပေမယ့်သားရယ် ယောက်ျားလေးက အသက်ကွာတာ ပြဿနာမဟုတ်ပါဘူး။ မိန်းကလေးက အသက်ကြီးရင်သာ ရေရှည်မှာ ပြဿနာကြုံရတာပါ"

သူ့နှုတ်ကို အသာဆိတ်ထားလိုက်သည်။

ခရီးလမ်းမှာ သူ ဖေဖေနှင့်မေမေ စကားအခြေတင်မဖြစ်ချင်။ သူခေါင်းမညိတ်ဖြစ်အောင်တော့ ကြိုးစားထား၏။ ဒါကလည်း ခေါင်းညိတ်စရာမလိုသည့်အကြောင်းရာ။

"အဖြစ်ကတော့ ခပ်ဆန်းဆန်းပဲသားရဲ့"

နောက်ဆက်တွဲ စကားများရှိနေသေးသည်ကို သူသိ၏။

"ပထမ စီစဉ်ထားတာက သားကို အကြီးမဝေဝေဦးနဲ့ နေရာချထားဖို့ စီစဉ်ကြတာ"

သူရင် သိမ့်သိမ့်ကလေးဖြစ်သွား၏။

"ဒါပေမယ့် အကြီးမစိတ်ဓာတ်ကတစ်မျိုး။ ဖေဖေနဲ့ ခင်မောင်ဦး စီစဉ်နေတုန်းမှာ သူ့အချစ်နဲ့အိမ်ထောင်ရေးကို သူ့စိတ်ကြိုက်ဆုံးဖြတ်မယ်ဆိုပြီး အိမ်ပေါ်က ဆင်းသွားတယ်။ ခင်မောင်ဦးနဲ့ မသီတာက ဒါကိုဘယ်လက်ခံနိုင်မလဲ။ မိဘစီမံ





တာ နာခံရမယ်ဆိုပြီး သမီးကိုလိုက်ခေါ်တာပေါ့"

"ဝေဦး ဘယ်ကိုထွက်သွားတာလဲ ဖေဖေ"

ယင်းစကားကိုတော့ သူမေးဖြစ်သည်။

"ရန်ကုန်က သူ့သူငယ်ချင်းအိမ်ဆင်းသွားတာ။ ခင်မောင်ဦးနဲ့ မသီတာက အသံမပြုဘဲ ရတ်တရက်လိုက်ခေါ်တော့ အိမ်ပေါ်ကနေ အတင်းဆင်းပြေးတာ ကားတစ်စီးနဲ့တိုက်မိပြီး ခြေတစ်ဖက်မသန်မစွမ်း ဖြစ်သွားရတာ သားရဲ့"

အကြောင်းရာများ ရှိနေပါသေးသည်။

ဒီအကြောင်းရာများကို အန်ကယ်ဦးခင်မောင်ဦးသည် ထိန်ချိန်ခြင်းမဟုတ်ဘဲ မလိုအပ်အကြောင်းမထူး၍ ဖေဖေ့ကို မပြောပြခြင်းဖြစ်ပါလိမ့်မည်။

သည်အကြောင်းတရားမှာ သူလုံးဝ ပတ်သက်နေသည်ကို ဖေဖေ့ကို ဘယ်လိုပြောရမှာလဲ။ နောက်ပြီး ဝေဦး၏အချစ်။

ဝေဦးသူ့ကို မချစ်သေးပါ။

ပန်ထွာဘဝမှာလည်း ဝေဦးသည် သူ့ကိုချစ်သူလို မချစ်ခဲ့ပါ။ အစ်ကိုရင်းတစ်ယောက်ဟုသာ ပန်ထွာ သို့မဟုတ် ဝေဦးရင်မှာ စွဲမြဲထင်ခဲ့သည်။

"ဖေဖေနဲ့ ခင်မောင်ဦးက အကြီးမလေးနဲ့သားကို

အိမ်ထောင်ချပေးချင်တာပါ။ သူတို့ရဲ့ သမီးလေးက မသန်မစွမ်းဖြစ်သွားတော့ ခင်မောင်ဦးကလည်း စကားကိုပြော မထွက်ရှာပါဘူး။ ဖေဖေကလည်း သားကို ဒီမသန်မစွမ်း ကောင်မလေးနဲ့ သဘောတူ ပေမယ့် အိမ်ထောင်ဖက်ရမယ်လို့ မပြောရက်ပါ ဘူး။ အငယ်မလေးကတော့ မိဘတွေ စီမံသမျှကို နာခံမှာပါပဲ''

''ဖေဖေတို့ နွေနွေဦးကို စကားတွေသွားကျွံထား ပြီ လားဟင်''

''အသိပေးမထားပါဘူး။ မိဘတွေ စီစဉ်ထား တာပါ။ အငယ်မလေးကလည်း ရုပ်ရည်ချောချော မောမောလေး ပါသားရယ်။ ငယ်သေးတော့ ကလေးဆန်တဲ့ အပြုမူတော့ ရှိမှာပေါ့။ သားတို့ ရင်းနှီးအောင်လည်း ဖေဖေတို့ စီစဉ်ခဲ့ပါတယ်''

စီစဉ်ထားတဲ့အကြောင်းရာတွေကို သူမစဉ်းစားချင်။ နွေဦးကို စကားကျွံမထားသည့်အတွက်တော့ ဖေဖေနှင့် အန်ကယ်ဦးခင်မောင်ဦးကို ကျေးဇူးတင်နေရပါသေး၏။

ရန်ကုန်ရောက်သည်ထိ သားစဉ်းစားပါဆိုသည့် စကားကို ဖေဖေမပြော။ ဖေဖေသည် သူ၏စီစဉ်ထားမှု များကို မကြာခင်အချိန်ကာလမှာ အကောင်ထည်ဖော်တော့





မည်ကို သူသိနေ၏။

ရန်ကုန်မှာ တစ်ရက်မျှသာနားပြီး ဖေဖေနှင့် မေမေ ကျောက်မဲပြန်သွားသည်။

ပြန်ခါနီးမှာ မေမေကတော့ သူ့ကို စကားတစ်ခွန်း ပြောခဲ့၏။

''သားအဖနှစ်ယောက်ကြားမှာ မေမေစိတ် မဆင်းရဲချင်ဘူးနော်။ သားဖေဖေက သူ့သူငယ်ချင်း ရဲ့ သမီးကလွဲပြီး သားကို ဘယ်သူနဲ့မှ သဘောတူ မှာမဟုတ်ဘူး''

သူ့အတော့်ကို စိတ်မောလူမောဖြစ်နေရသည်။ သို့သော်လည်း သူ့မှာဆုံးဖြတ်ချက်တွေရှိနှင့်နေ၏။

✿ ✿ ✿

## (နှစ်ဆယ့်ခြောက်)

"အံ့သြစရာပါပဲလား မင်းသူရာ။ မင်းရင်ထဲမှာ ဘယ်လိုဖြစ်နေမယ်တော့ ငါမသိဘူး။ မင်းပြောတာတွေ နားထောင်ပြီး ငါ့ရင်မှာ တသိမ့်သိမ့်ခံစားနေရတာတော့ အမှန်ပဲ"

"ကာယကံရှင် ငါက မင်းထက်ပိုတာပေါ့ လွင်မောင်ရာ။ ဝေဦးအပေါ်ထပ်ကနေ ဆင်းလာတော့ ငါသတိလက်လွတ် မတတ်ဖြစ်သွားတာ။ ယန်ထွာလို့များ သွားခေါ်လိုက်မိရင် ဖေဖေက ငါ့ကို ဒီကောင်စိတ်မှကောင်းရဲ့လားလို့ ထင်မှာပဲ"

"မင်းပျော်တော့ သွားတယ်မို့လား"

"အမှန်ပဲ။ စိတ်မှာငြိမ်းငြိမ်းချမ်းချမ်းလည်း ရှိသွား





တယ်။ ယနေ့တွေ့ကို။ အဲ… အဲ မေ့ပြီးပဲထားပါတော့ ကွာ။ ဘောဇသီရန်မခဲ့တဲ့ပုံစံနဲ့ ပြန်တွေ့တော့ ငါ ငြိမ်းမသာဘဲ နေမလား"

လွင်မောင်က လိုက်လိုက်လှဲလှဲပြုံးနေ၏။

သည်နေ့သောက်ရှသည့် ဝီစကီ၏အရသာက ယခင်ရက်များကထက်ပို၍ ချိုမြိန်နေသည်။

နှောင်းစ ညနေ၏ အိပ်တန်းပြန်ငှက်များကို ဖွင့်ထားသည့် ပြတင်းပေါက်မှ လှမ်းမြင်ရ၏။

"ငါ စဉ်းစားတယ်မင်းသူ"

"ဘာကိုလဲ"

"ဝေဦး ကားအက်စီးဒင့်မဖြစ်လည်း မင်းမိဘသူ့မိဘနဲ့ဆုံလို့ အိမ်ထောင်ချပေးလည်း သူကမင်းကို လက်ခံမှာ မဟုတ်ဘူး။ ဘာဖြစ်လို့လဲဆိုတော့ မင်းနဲ့ရင်းနှီးမှုလည်း မရှိဘူး။ သူ့မူအတိုင်း အိမ်ထောင်ဖက်ကို သူ့နှလုံးသားနဲ့ ရွေးမယ်ဆိုတော့ အဲဒီအချိန်မှာ မင်းကိုတွေ့ခဲ့လည်း သူ့ရင်ထဲမှာ အချစ်ဖြစ်ပေါ်ချင်မှ ဖြစ်မှာ။ အဲဒီအတွက်တော့ မင်း နှောင်တရမနေနဲ့"

သည့်ထက် သူ့အတွေးတွေမနက်ရှိုင်းချင်တော့။ အဖြစ်က နီးရက်နှင့်ဝေးနေရသည့် အခြေနေ။ သည်အနေ

ထားမှာ နွေဦးကလည်း သူ့ဦးနှောက်ကို အလုပ်ပေးနေ၏။

"မင်း အကြပ်အတည်းတစ်ခုကိုတော့ ရင်ဆိုင်ရမှာပဲ မင်းသူ"

ဖန်ခွက်ကိုင်ထားသည့် လက်က အနည်းငယ်တုန်ခတ်သွား၏။ ဝီစကီကို မျှင်းသောက်ရင်း လွင့်မောင်စကားကို သူ နားစွင့်သည်။

"မင်းဖားသားနဲ့ မားသားက နွေနွေဦးနဲ့ လက်ဆက်ပေးရင် မင်းဘယ်လိုလုပ်မလဲ"

"ဟာ… မယူပါဘူး"

"မင်းမိဘရှေ့မှာ အဲဒီစကားကို မင်းအလွယ် ပြောရဲ သလား"

သူ့ကိုယ် မတ်ခနဲဖြစ်သွားသည်။

"ကဲ… မင်းက ဝေဦးကိုပဲ ကျွန်တော်လက်ထပ်မယ်ပြောလို့ မင်းဖားသားနဲ့ မားသားက သဘောတူလက်ခံတယ်ပဲထား။ ဝေဦးက မင်းကိုလက်မခံဘူးဆိုရင် ဘယ်လိုလုပ် မလဲ။ ငါဒီစကားတွေပြောတာ မင်းပြောပြတဲ့ စကားတွေ၊ အကြောင်းရာတွေပေါ်မှာ မူတည်ပြီး ပြောတာနော်။ ဝေဦး စိတ်ဓာတ်က ပန်ထွာဘဝက စိတ်ဓာတ်နဲ့ အရမ်းဆန့်ကျင်ဘက် ဖြစ်နေတာ"





"မင်းပြောမှ ငါ့ခေါင်းတွေ ပိုပြီး မူးချင်လာတယ် လွင်မောင်၊ ဒါပေမယ့် တစ်ခုတော့ရှိပါတယ်ကွာ။ ဝေဦးကို ငါတင်ပြနိုင်ခွင့်တွေ ရှိပါတယ်။ သူ ပန်ထွာဘဝက အထောက်အထားတွေကို ငါပြနိုင်ရင် ဝေဦးရင်မှာ စာနာမှုနဲ့ သံယောဇဉ်စိတ်တွေ နိုးထလာမှာပါ"

"အားပါး… ငါ့သူငယ်ချင်းက ငါမျှော်လင့်ထားတာထက်ပိုပြီးတောင် တွေးတတ်နေပါလား"

"ဒါဖြင့် ငါပျော်သွားပြီး လွင်မောင်ရာ"

သူ့စိတ်တွေ ပေါ့ပါးလာသည်။

ဝေဦးအတွက် သူ့ရင်မှာ စကားတွေအများကြီး ရှိနေသည်။ သက်သေအထောက်ထားတွေလည်း အများကြီး ရှိသည်။

နောက်ပြီး…

ဝေဦး၏ လက်ရှိမိမိအပေါ် ခင်မင်မှုတရား။

ဝေဦး မိမိကိုစိမ်းစိမ်းကားကား မပြုရက်နိုင်တဲ့ အကြောင်းတရားတွေ အများကြီးရှိသည်ကိုလည်း လွင်မောင် သိပါသည်။

"ကဲ… ဝေဦးအတွက် အရက်တစ်ခွက်၊ အငယ်မ နွေဦးအတွက် အရက်တစ်ပက်"

လွင်မောင်က အရယ်အနောက်ပြောပြီး ဖန်ခွက်ကို မြှောက်၍ မော့သောက်သည်။

"မင်းက နွေနွေဦးအတွက် အရက်တစ်ပက်လို့ ပြောပြီး သောက်စမ်းပါကွာ"

"သဘောတူတယ်လား"

"နွေဦးကလည်း ဝေဦးလို့ချောတယ်"

"ခွေးကောင်... ငါ့ကိုလာထိုးပေးနေပြန်ပြီ"

နှစ်ယောက်သားရယ်မောလိုက်ကြ၏။

✿ ✿ ✿





(နှစ်ဆယ့်ခုနစ်)

စာရင်းများလုပ်ရင်း မိုးချုပ်သွားသည်။ ရတနာ၏ ဆရာလိုက်ပို့မှဖြစ်မယ်ဆိုသည့် စကားကို သူ အလိုလို ခေါင်း ညိတ်မိရက်သားဖြစ်၏။

"ကမ်းနားဘက်ဆင်းပြီး လက်ဖက်ရည်ကျကျ လေး တစ်ခွက်သောက်ချင်တယ်ဆရာ"

"သောက်လေ။ ရွှေလီမှာထိုင်ရတာ အေးအေး ဆေးဆေးလည်းရှိတယ်"

"ဆရာ့သဘောပါ။ ရတနာက လက်ဖက်ရည် ကျကျတစ်ခွက်လောက်သောက်ရင်း ဆရာ့ကိုပြော ချင်တဲ့ စကားလည်း ရှိနေလို့ပါ"

သူမျက်မှောင်ကြုံ့သည်။

ရပ်ထားသည့် ကားဆီသို့ရောက်တော့ ပြောချင်တဲ့ စကားကဘာလဲဟု သူကမေးရင်း ကားရှေ့ခန်းတံခါးကို ဖွင့် ပေး၏။

အပြန်နောက်ကျလျှင် ကားရှေ့ခန်းမှာ သူနှင့်အတူ ယှဉ်ထိုင်ပြီး ကားစီးရဲခဲ့တာ ရတနာအတွက် ကြာပါပြီ။

"လက်ဖက်ရည်သောက်ရင်း ပြောမယ်လေ ဆရာ"

"ကိုယ့်ဆီ လစာတိုးတောင်းဖို့အတွက် ချီတုံချတုံ ဖြစ်နေတာလား"

"တလွဲတချော်ကတော့တွေးပြီ။ ဆရာပေးထားတဲ့ လစာတစ်သိန်းဆိုတာ နည်းသလားဆရာရယ်"

သူသိချင်စိတ်က ပိုကဲလာ၏။

ပြောချင်သည့် စကားက ဘာလဲ။

ကားကို စက်နှိုးပြီး ဘီးလိမ့်မောင်းထွက်ခဲ့သည်ထိ ရတနာကတော့ သူ့နံဘေးမှာ အေးအေးဆေးဆေးပါပဲ။

ဆိုင်ရှေ့ပလက်ဖောင်းဘေးမှာ ကားကိုရပ်လိုက်ပြီး ဆိုင်ထဲမဝင်တော့ဘဲ အပြင်မှာပင် အေးအေးသက်သာထိုင်လိုက်ကြသည်။ စားပွဲထိုးလေးအနားလာတော့ သူက လက်ဖက်ရည်ကျကျနှစ်ခွက်မှာလိုက်၏။

"ဆရာ့ကို ပြောသင့်မပြောသင့်စဉ်းစားနေတာ လွန်ခဲ့တဲ့ သုံးရက်လောက်ကတည်းကပါ"

"ဘာများလဲ"

"ပြောရမှာပေါ့ဆရာရယ်။ ရတနာ့ဘဝမှာ





ဆရာဟာ အစ်ကိုကြီးတစ်ယောက်လိုလည်း ဟုတ်တယ်။ ဖခင်တစ်ယောက်လိုလည်း ဟုတ်တယ်။ ဒီတော့ ဘဝအရေးနဲ့ ပတ်သက်လာရင် ရတနာ ဆရာ့ကို တိုင်ပင်ရမှာပဲ"

မိန်းမသဘာဝဖြစ်ဟန်တူပါ၏။

စကားကိုလိုရင်းမပြော။ အစချီစကားက များလေ သူ့စိတ်မှာ ပိုသိချင်လေ။

သို့သော်လည်း သူ့အိန္ဒြေကို ဆယ်ထားရင်း ရတနာ ဆက်လာမည့်စကားကို နားစွင့်သည်။

ရတနာက သူ့မျက်နှာကိုတစ်ချက်ကြည့်ပြီး သူမ၏ လက်ကိုင်အိတ်ကိုဖွင့်သည်။ လက်ကိုင်အိတ်ထဲမှာ ပန်းနုရောင် စာအိတ်ကလေးတစ်အိမ် ထုတ်ပြီး သူ့ကိုလှမ်းပေးရင်း...

"ကိုလွင်မောင်က ရတနာ့ကို စာပေးတယ် ဆရာ"

"ဘာစာလဲ"

"ဆရာကလည်း ရတနာနဲ့ ကိုလွင်မောင်ကြားမှာ ပေးလာတဲ့စာက အကြွေးတောင်းတဲ့စာဖြစ်နိုင်မလား ဆရာရဲ့။ ဆရာဖတ်ကြည့်"

သူယောင်တောင်ပေါင်တောင်နှင့် ဖွင့်ထားသည့် စာအိတ်ထဲမှာ စာရွက်ခေါက်ကို ထုတ်ပြီး ဖြန့်ဖတ်ကြည့်သည်။

"ဟာ... ရည်းစားစာပဲ"

"တိုးတိုးပြောပါဆရာရယ်... လူသိရင် ရှက်စရာကြီး"

လက်ဖက်ရည်နှစ်ခွက် ရောက်လာသည်။

ရတနာက လက်ဖက်ရည်ခွက်ကို မ,ယူသောက်သော်လည်း သူမသောက်နိုင်သေး။ စာကို သေသေချာချာနှင့် ဆုံးအောင်ဖတ်သည်။

ဖတ်ပြီးမှ...

"လွင်မောင်က ရတနာ့ကို မြတ်နိုးတဲ့အကြောင်း ရိုးရိုးသားသားတင်ပြပြီး အချစ်ကို သိမ်သိမ်မွေ့မွေ့ တောင်းခံထားတာပဲ"

"အဲဒါ... ဆရာ ရတနာ့ကို ကူညီပြီး စဉ်းစားပေးပါ"

"ဘာစဉ်းစားပေးစရာလိုလဲ ရတနာရယ်။ လွင်မောင်က ပျော်ပျော်နေတတ်တာကလွဲပြီး ယောကျ်ားတစ်ယောက်ရဲ့ ချို့ယွင်းချက်များများပြားပြားရှိတဲ့သူမဟုတ်ဘဲ။ လွင်မောင်မှာ ယုတ်မာကောက်ကျစ်တဲ့ စိတ်သဘောထားမရှိဘူး။ အဲဒါ တစ်ခုတည်းနဲ့တင် ရတနာလက်ခံလို့ရပါတယ်"

ရတနာက ခပ်တွေတွေကလေး လုပ်နေသေး၏။





"အိမ်ထောင့်တာဝန်ကို ထမ်းရွက်နိုင်တဲ့ အရည်အချင်းကိုတော့ အထူးပြောနေဖို့ မလိုဘူး။ ရတနာ့အတွက် အားကိုးသင့်အားကိုးထိုက်မဲ့ ယောကျ်ားတစ်ယောက်ပဲ။ စောစောက ပြောသလို အားကိုးနိုင်လောက်တဲ့ အရည်အချင်းတွေ သူ့မှာ အပြည့်အဝရှိတယ်"

"ဆရာ သဘောတူလား"

"တူတာပေါ့"

သည်စကားကို အားတက်သရော ပြောတော့ ရတနာ့မျက်နှာ ပြုံးရိပ်သန်းသည်။

သူက လက်ဖက်ရည်ခွက်ကို တစ်ငုံမော့သောက်ပြီး...

"ဒီကောင် ကိုယ့်ကိုဘာမှ မပြောဘူး ရတနာ"

"စာပေးပြီး ရတနာ့ကို ဖုန်းဆက်ပြောတယ်။ ဆရာ့ကို မသိပါစေနဲ့တဲ့။ သူရှက်လွန်းလို့ပါတဲ့။ သူက လူပျိုကြီး လုပ်မယ်ဆိုပြီး ကြွေးကြော်ထားခဲ့လို့ပါတဲ့။ အဲဒါနဲ့ ရတနာက ကြွေးကြော်ထားတဲ့အတိုင်း နေပါလားလို့ ပြောတော့ရတနာကို တိတ်တခိုးချစ်ခဲ့တာ ကြာပါပြီတဲ့။ ဆရာရှေ့မှာ စိတ်မဝင်စားသလို အိုက်တင်ကြီးနဲ့ နေခဲ့ပေမယ့် သူ့အချစ် ကို မြို့သိပ်ထားလို့မရနိုင်လွန်းလို့

ရတနာ့အချစ်ကို တောင်းခံ ရတာပါတဲ့''

''ခွေးကောင်''

''ဆရာသူ့ကို သွားမမေးပါနဲ့နော်။ မသိသလိုပဲ နေ ပေးပါနော်။ အဲဒါကိုတော့ ဆရာ ရတနာ့ကို ကတိပေးပါ''

သူလေးလေးနက်နက်တော့ ခေါင်းညိတ်ခြင်းမပြု။ သို့သော်လည်း ရတနာကျေနပ်လောက်အောင်တော့ ခေါင်းကို ခပ်သာသာညိတ်ပြသည်။ ဒါကလည်း ညိတ်ပြသည်ဆိုရုံမျှ လောက်သာ။

သည့်နောက်ပိုင်း ရတနာက လွင်မောင်အကြောင်း ဘာမှမပြောတော့။ အပြန်မှာ ကားမောင်းရင်း လွင်မောင်နှင့် ရတနာကို စိတ်ထဲက တွဲကြည့်နေမိသည်။

အင်မတန်ကို လိုက်ဖက်ပါ၏။

ရတနာက အရပ်မြင့်မြင့်။

လွင်မောင်က အရပ်နိမ့်နိမ့်။

သို့သော်လည်း ချစ်ခြင်းသည် ဖြူတာနှင့်လည်း မဆိုင်ပါ။ မည်းတာနှင့်လည်း မဆိုင်ပါ။ အချစ်မှာ အရပ်မြင့်တာနိမ့်တာမရှိ။ အချစ်မှာ ပိန်တာဝတာလည်း မရှိ။

အချစ်မှာ သံယောဇဉ်နှင့် သစ္စာတရားသည်သာ အရေးအကြီးဆုံးဖြစ်ပါသည်။





× × ×

သူ မြစ်ဒုမှာကိုပြန်ရောက်ပြီး မကြာမီမှာ ဖုန်းလာသည်။ ဖုန်းခွက်ကို အသာမယူပြီး နားမှာကပ်လိုက်၏။

''ကျွန်တော် မင်းသူပါ''

''ဟယ်… ကိုကိုကြီး ဝမ်းသာလိုက်တာ''

ကိုကိုကြီးဆိုကတည်းက ပြည်မှလာသည့်ဖုန်းမှန်း သိသည်။ နွေဦး၏ အသံမှန်းလည်း သိသည်။

''နွေဦးက စဉ်းစားပြီးတော့မှာ ဖုန်းဆက်တာ ကိုကို ကြီး''

''ဘာကိုလဲ နွေဦးရဲ့''

''ကိုကိုကြီးက အလုပ်ကြီးအကိုင်ကြီးလုပ်နေတော့ တခြားအချိန်တွေဆက်ရင် ဘယ်လိုမှ မတွေ့နိုင်ဘူးဆိုတာ နွေဦးကတွက်ပြီးသား။ ညဘက် သည်လို အချိန်ဆက်ရင်တော့ ကိုကိုကြီးကို မလွတ်တမ်းတွေ့မှာဘဲဆိုပြီး ညမှဆက်တာ''

''နွေဦးက တော်တယ်''

သတ္တုပြားလေးထဲမှ နွေဦး၏ ခိုးခိုးခစ်ခစ်ရယ်သံကို သူကြားသည်။

''ဖုန်းဆက်တာ အထူးကိစ္စများရှိသလား မသိဘူး''

"ရှိတာပေါ့ ကိုကိုကြီးရဲ့။ ဒီမယ် ကိုကိုကြီး နွေဦးနဲ့ မမကြီး ရန်ကုန်ကို ဆင်းလာမလို့"

"ဟာ… ဝမ်းသာစရာပဲ။ အစ်ကိုလည်း နွေဦးတို့ ညီအစ်မကို သတိတရရှိနေတာ"

"အပိုတွေပြောမနေနဲ့နော် ကိုကိုကြီး။ နွေဦးတို့ ညီအစ်မ ဗုဒ္ဓဟူးနေ့မနက် ပြည်ကထွက်လာမယ်။ ကိုကိုကြီး ကားဂိတ်က လာကြို"

သူပြက္ခဒိန်ကို လှမ်းကြည့်သည်။

သည်နေ့တနင်္လာနေ့။ သန်ဘက်ခါ နွေဦးတို့ ညီအစ်မ ရောက်လာကြမည်ပဲ။

"ပြည်က ကားစထွက်တဲ့အချိန်ကတည်းက စောင့်နေမယ်"

"အပိုတွေပြောပြန်ပြီ။ မမကြီးနဲ့ စကားပြောအုန်း မလား"

"ပြောချင်တာပေါ့"

ဖုန်းခွက်လှမ်းပေးနေသည်ကို စိတ်ကသိနေ၏။

ဝေဦးနှင့်စကားပြောရမည်ဆိုကတည်းက ရင်ကခုန်သည်။ သူ့ရင်ခုန်နေဆဲမှာပင်…

"အစ်ကိုတော့ စိတ်အနှောင့်အယှက်ဖြစ်နေမလား မသိဘူး"





"ဘာဖြစ်လို့လဲ ဝေဦးရဲ့"

"ဝေဦးတို့က မြပဒုမ္မာမှာတည်းမှာ"

"အစ်ကိုအရမ်းပျော်နေမှာပါ"

"တကယ်နော်"

"တကယ်ပါ"

"ကျေးဇူးတင်ပါတယ်အစ်ကို၊ ရန်ကုန်လာမယ့် အစီစဉ်က အစ်ကိုကို ပြည်မှာတုန်းက ပြောပြဘူး တယ်လေ။ သုံးနှစ်မှ တစ်ကြိမ်လုပ်တဲ့ သူငယ်ချင်း ရဲ့ မွေးနေ့ကိုလာမှာလို့။ ပထမ သူငယ်ချင်းအိမ်မှာပဲ တည်းနေကျအတိုင်းတည်း မလို့ပဲ။ ဒါပေမယ့် ဖေဖေမေမေတို့ဆန္ဒက မြပဒုမ္မာမှာပဲ တည်းစေချင် ကြတယ်။ တည်းဖို့လည်း ပြောတယ်"

"ဒါ အမှန်အကန်စကားပေါ့ ဝေဦးရဲ့"

"အစ်ကိုကကော ကျေနပ်မှုရှိရဲ့လား"

"သိပ်သူစိမ်းဆန်တဲ့ စကားကြီးပါလား"

"သူစိမ်းတွေပဲလေ"

ဝေဦးက အရယ်အရွှန်းနှင့်ပြောသော်လည်း သူ့ရင်ထဲ က ခံစားရမှုကို ဝေဦးသိမည်မဟုတ်ပါ။

"စိတ်မကောင်းဖြစ်သွားလား စတာနော်။ ကဲ… ညဥ့်လည်းနက်ပြီ ဝေဦးဖုန်းချလိုက်တော့မယ်။

အစ်ကိုလည်း အိပ်တော့''

အစ်ကိုလည်း အိပ်တော့တဲ့လား။

ဩော်… အိပ်မပျော်တဲ့ညတွေအကြောင်းကို ဝေဦး သိအောင် အစ်ကိုဘယ်လိုပြောရမှာလဲ။

✿ ✿ ✿





(နှစ်ဆယ့်ရှစ်)

အဝေးပြေးဂိတ်ကို အချိန်အတော်ကြာကြိုရောက် နေဖြစ်သည့် ကိုယ့်အဖြစ်ကို သူပြုံးမိသည်။

စောင့်စားရင်း ပြည် အိပ်စပရက်ကားကြီး ဝင်လာ တော့ ကိုကိုကြီးဆိုသည့် အော်ခေါ်သံက နားစည်ကိုလာ ရောက်ရိုက်ခတ်သည်။

သူကားဆီသို့ အပြေးကလေးသွားသည်။

ကားနားရောက်တော့ ညီအစ်မနှစ်ယောက် အထုပ် အပိုးတွေနှင့် ဆင်းလာကြ၏။

''ကဲ… အစ်ကို သယ်ခွင့်ရှိတာကို ကူသယ် မယ်''

သူပြောတော့ ဝေဦးက…

''ပလပ်စတစ်ခြင်းကိုပဲ ဆွဲပါအစ်ကို။ လက်ဆောင် ပစ္စည်းတွေပါ''

ရင်မှာပျော်နေသည့်အဖြစ်ကို ဘာသာသိသည်။ ရပ်ထားသည့် ကားဆီရောက်တော့ နွေဦးက ဦးဆောင်ပြီး ကားပေါ်တင်သည်။ ပစ္စည်းများနှင့်အတူ နွေဦးက ကားနောက်ခန်းမှာ ဝင်ထိုင်ပြီး…

"မမကြီးက ရှေ့ခန်းမှာ သွားထိုင်လေ"

ဝေဦးမျက်နှာ ရှက်ရိပ်ပြေးသည်ကို သူသတိပြုမိ၏။ သို့သော်လည်း ဝေဦးက တည်တည်ငြိမ်ငြိမ်ပင် ကားရှေ့ခန်းမှာ သူနှင့်ယှဉ်လျက်ဝင်ထိုင်သည်။

'ကားဂိတ်ကိုဝင်ကတည်းက နွေဦးက ကိုကိုကြီးကို ကြည့်နေတာ' ဟု နွေဦးကပြောပြီး ဝေဦးကတော့သူ့ကို 'အစ်ကိုနေကောင်းတယ်နော်' ဆိုသည့် စကားကို ပြောသည်။

သူကားကို ဖြည်းဖြည်းမှန်မှန်မောင်းသည်။

မြပဒုမ္မာခြံကြီးသို့ရောက်တော့ ဝင်းတံခါးဖွင့်ပေးသည့် ကိုဘိုးမှီက ဝေဦးကို မျက်လုံးအဝိုင်းသားနှင့် ကြည့်ပြီး တုန်တုန်ရင်ရင်ဖြစ်သွားသေး၏။

ညက သူ မြပဒုမ္မာရှိ လူသားအားလုံးကို ပြောထားခဲ့ပါ၏။ ဝေဦးရှေ့မှာ 'ပန်ထွာ' ဆိုသည့်အမည် မခေါ်မိဖို့။ ပန်ထွာနှင့်ပတ်သက်သော စကားလေသံ လုံးဝမဟမိဖို့။

ဒါသည် သူ၏တင်းကြပ်သောအမိန့်ဖြစ်ပါ၏။

အိမ်ထဲရောက်သည်နှင့် ကြီးဖွားလုံက ပန်ထွာနေခဲ့





သည့် အိပ်ခန်းမှာပင် ညီအစ်မနှစ်ယောက်ကို နေရာချပေးသည်။

သူကတော့ ဝေဦးမျက်နှာကိုသာ အချိန်ရှိသရွေ့ အကဲခတ်သည်။ သို့သော်လည်း မြပဒုမ္မာနှင့် ပတ်သက်ပြီး ဝေဦးမျက်နှာမှာ ဘာအပြောင်းအလဲမှမရှိ။

သည် မြပဒုမ္မာတိုက်ကြီး၏ ဧည့်ခန်းများ၊ အိပ်ခန်းများသည် ဝေဦးနှင့်ခပ်စိမ်းစိမ်းရှိခဲ့သည်မှ မဟုတ်ဘဲ။

အို… ဒါတွေကို သူမတွေးအပ်ပါဘူး။

ပန်ထွာဘဝမှာ ပိုင်ဆိုင်ခဲ့မှုများသည် ဝေဦးဆိုသည့် ဘဝတစ်ခုနှင့် ဘာဆိုင်လိမ့်မှာလဲ။ သည်တော့ ဝေဦးမျက်နှာမှာ ထူးခြားမှုတွေ၊ အံ့အားသင့်မှုတွေ ဘာလို့ရှိနေရမှာလဲ။

ညနေစာထမင်းစားသောက်ပြီး ခြံထဲကို ဝေဦးဆင်းတော့ သူလိုက်လာခဲ့သည်။

ခြံထောင့်ခရေပင်ကြီးအောက်မှာ အပြာရောင်ထိုင်ခုံတန်းလေးရှိပါသည်။ ညနေအေးတိုင်း သူနှင့်ပန်ထွာ ထိုင်ခဲ့သည့် နေရာပါ။

အမှတ်များရလေများဆိုသည့် အတွေးနှင့် သူဝေဦးကို ခေါ်ပြီး ခုံတန်းလေးဆီ လျှောက်ခဲ့၏။

"အလုပ်အားတဲ့ရက်၊ ညနေ နေအေးတဲ့အချိန်ဆို

အစ်ကိုက သည်ခုံပြာတန်းလေးမှာထိုင်တာ

ဝေဦးရဲ့"

"အင်းလေ... အင်မတန် အေးချမ်းတဲ့နေရာလေးဘဲ။ အစ်ကိုခြံကြီးက အတော်ကျယ်တာပဲနော်။ ပန်းအလှတွေလည်း စိုက်ထားလိုက်တာ အားရစရာကြီး"

"ဝေဦးက ပန်းအလှစိုက်တာကို ဝါသနာမပါဘူးလား"

"မပါဘူး အစ်ကို"

သူပင့်သက်ကို ဟင်းခနဲချသည်။

သည်စိုက်ခင်းက ပန်းအလှပင်များက ပန်ထွာစိုက်ခဲ့သည့်အပင်တွေပဲ။ ခုဝေဦးက ဝါသနာမပါသည့်စကားကို အတိအကျဆိုလာပါ၏။

ပန်ထွာရှင်မြူးခဲ့သည့် ခြံ၏အလှအပနေရာများကို လိုက်ပြသော်လည်း ဝေဦးအမူအယာက အေးတိအေးစက်။

သည်အကြောင်းအရာတွေကို ညဘက်မှာ သူအိပ်ခန်းမှနေ၍ လွင်မောင်ကို ဖုန်းဆက်ပြောပြသည်။

လွင်မောင်က...

"ဝေဦးက ပကတိအခြေအနေနဲ့ ရပ်တည်နေတဲ့သူ မင်းသူ့ရာ။ စိတ်ဝေဒနာခံစားနေရတဲ့ ပန်ထွာမှ မဟုတ်ဘဲ။ ဒီတော့ မင်းအမှတ်ရစေချင်တာတွေကို





သူက ဘယ်လို အမှတ်ရနိုင်မှာလဲ"

"ဒါဆို ငါဘာဆက်လုပ်ရမလဲ လွင်မောင်"

တစ်ဖက်ဖုန်းမှ အသံဆိတ်သွားသည်။

လွင်မောင်စဉ်းစားနေသည်ကို သူသိ၏။

အတန်ကြာလောက်မှ...

"မင်း ဝေဦးကို မေတ္တာရှိနေတဲ့အကြောင်း ဖွင့်ပြောဖို့လိုပြီ မင်းသူ"

"ရင်းနှီးမှုအတိုင်းတာ မရှည်ကြာသေးဘူးလေ"

"ဒါတွေကို မင်းစဉ်းစားဖို့မလိုဘူး။ ဝေဦးကို ချစ်တဲ့ အကြောင်းပြောပြီးရင် ရှေ့ဆက်ဘာလုပ်ရမယ်ဆိုတာကို မင်းနဲ့ ငါ ခေါင်းချင်းဆိုင်မယ်"

"ငါ့မှာ ထိပေါက်ပြီး ထိလက်မှတ်ပျောက်သလိုဖြစ်နေပြီ လွင်မောင်ရာ"

"ငိုပြမနေနဲ့။ လက်ရှိအခြေအနေမှာ ဝေဦးဟာ မင်း အရိပ်အောက်မှာ ရောက်နေတာပဲဟာ။ ဒါဟာ မင်းအတွက် မျှော်လင့်ချက်အရှိဆုံး အခွင့်ရေးပဲ။ ကဲ... ဟော့ကောင် ငါ ဖုန်းချလိုက်တော့မယ်။ အိပ်ချင်ပြီ"

စကားနှင့်အတူ ဖုန်းချက်ချသွားသည်။

သူကတော့ အိပ်[illegible]မပျော်။ ထုံးစံအတိုင်း အတွေးတွေက ဝေ့နေ၏။

နွေဦးကတော့ ကလေးတစ်ယောက်လိုပါပဲ။

ရောက်ကတည်းက မြပဒုမ္မာခြံကြီး၏ အရှေ့အနောက် နေရာလပ်မကျန် လျှောက်သွားသည်။ နောက်ပြီး ကိုဘိုးမှီတို့ လင်မယားနှင့်လည်း ရောရောနှောနှောရှိလိုက်သေး၏။

အတွေးတွေဝေ့လည်ရင်းနှင့် ညဥ့်နာရီပြန်နှစ်ချက်တီး လောက်မှ သူအိပ်လို့ရခဲ့သည်။

✿ ✿ ✿





## (နှစ်ဆယ့်ကိုး)

ဝေဦးနှင့်နွေဦးကို ဖက်ရှင်ရှော့ပ်ကို ခေါ်သွားသည်။

ဝေဦးကိုမြင်တော့ ရတနာအံ့အားတသင့်ကလေး ဖြစ်သွားပြီး မျက်နှာမှာ အပြုံးရိပ်ထင်လာသည်။

ဝေဦး၏ဟန်ပန်နှင့် အမူယာက တည်တည်ငြိမ်ငြိမ်။ ပြီးတော့ အကြောင်းရာတစ်ခုကို စဉ်းစားမိဟန်ဖြင့်...

"အရင်တစ်ခေါက် ရန်ကုန်ရောက်တုန်းက ဝေဦး သည် ရှော့ပ်ကိုရောက်ဖူးတယ် အစ်ကို။ ခု အစ်ကို ဖွင့်ထားမှန်းသိတော့ တော်တော်လေးအံ့သြရတယ်"

ဝေဦးစကားကြောင့် ရတနာမျက်လုံး ဝိုင်းစက်သွား သည်။ တစ်ဆက်တည်းမှာပင် ဝေဦးက...

"ဒီက ညီမကိုလည်း အမှတ်ရတယ်။ ဝေဦးကို လူမှားပြီး ပန်ထွာလို့ခေါ်ခဲ့တာကို မှတ်မှတ်ရရပဲ"

အံ့သြပြီးချင်း အံ့သြဟန်ပြနေသော ရတနာကို သူက မျက်နှာရိပ်မျက်နှာကဲနှင့်ပြသည်။ ဒါကို ရတနာက အကင်းပါး၏။

"ဟုတ်တယ်… ရတနာသူငယ်ချင်းအစ်မနဲ့ မဝေဦးက အရမ်းတူတာပဲ။ ရတနာတကယ့်ကို လူမှားခဲ့တာပါ"

ဝေဦးက ပြုံးပြုံးကလေးနှင့် ခေါင်းတညိတ်ညိတ် လုပ်ပါ၏။ နွေဦးကတော့ ရှော့ပ်တစ်ခုလုံး လျှောက်ကြည့်သည်။ ပြီး သူမလိုချင်တာများကို စာရင်းဇယားလုပ်လာ၏။

ရှော့ပ်မှာ အချိန်တော်တော်ကာနေပြီး ပြန်မည်ပြုတော့ ဝေဦးအလစ်မှာ ရတနာက သူ့အနားကပ်လာပြီး…

"ရတနာ ဦးကျောက်တွေ •ချောင်ချင်လာပြီ ဆရာ"

ဟုပြောသည်။

သူက ပြုံးနေလိုက်ပါ၏။

× × ×

သူဆိုင်ကို ပြန်မသွား။

ညနေအေးလောက်မှာ ဝေဦးအပေါ်တက်လာပြီး

"အစ်ကို ဝေဦးကို အပြင်လိုက်ပို့ပါလား"

"ပို့ပေးမယ်လေ။ ဝေဦးဘယ်သွားချင်လို့လဲ"





"သူငယ်ချင်းအိမ်ကိုပါ"

သူခေါင်းကိုညိတ်ပြပြီး ဝေဦးနှင့်အတူ အောက်ထပ်ဆင်းခဲ့သည်။ နွေဦးကို မတွေ့ရ။

"နွေဦးကို မမြင်ပါလား"

"ခြံထဲမှာ အလုပ်ရှုပ်နေတယ် အစ်ကို။ ညီမလေး လိုက်ခဲ့ဆိုတာကို မလိုက်တော့ဘူးတဲ့။ ကိုကိုကြီးနဲ့ပဲ သွားတော့တဲ့"

"နွေဦးက ဘာတွေအလုပ်ရှုပ်နေတာလဲ"

"လိပ်ပြာတွေ လိုက်ဖမ်းနေတာလေ။ ဒီကောင်မလေးက အကုသိုလ်အလုပ်ကို သိပ်လုပ်တတ်တာ"

ခြံထဲက ကားမောင်းထွက်တော့ နွေဦးက သူနှင့်ဝေဦးကို လက်ပင်ပြလိုက်သေးသည်။ ကားမောင်းရင်း လွင်မောင်ပြောဖူးသည့် စကားကို နားမှာကြားယောင်နေ၏။

"နှစ်ဖက်မိဘတွေက နွေနွေဦးနဲ့မင်းကို စီစဉ်ထားတာ နွေနွေဦးကို အသိပေးမထားတာ မင်းအတွက် အသက်ရှူပေါက်တစ်ခုပဲ မင်းသူ။ တွေ့ရတဲ့အချိန်ကလေးမှာ ငါ နွေနွေဦးကို လေ့လာရသလောက် မင်းကို အစ်ကိုကြီးလိုချစ်တဲ့အဆင့်ပဲ သူ့ရင်ထဲမှာ ရှိပုံရတယ်"

စကားကြားယောင်ရင်း ပင့်သက်ဖွဖွချတော့ ဝေဦးက…

"အစ်ကိုဘာတွေ သက်ပြင်းချနေတာလဲ"

"ချလို့လား"

"အစ်ကို့ကို အမြဲသတိထားနေတာ။ အလုပ်ကိစ္စတွေ များပြားနေတဲ့ကြားက ဝေဦးတို့ညီအစ်မကို ဟိုပို့ရ သည်ပို့ရနဲ့ စိတ်ရှုပ်နေပြီထင်တယ်"

"အတွေးက မှန်လိုက်တာ လုံးဝတလွဲစီပဲ"

ဝေဦးက ရှင်းရှင်းသန့်သန့်လေးရယ်၏။

ရယ်ရင်းနှင့် သူ့ကိုလမ်းညွှန်သည်။ သည်နေရာ သည်အရပ်က သူနှင့်စိမ်းသည့်အရပ်မဟုတ်။ ရှေ့မှာ ခြံဝန်း အနည်းငယ်ထားပြီး ဆောက်လုပ်ထားသည့် တစ်ထပ်တိုက်က လေးရှေ့မှာ ဝေဦးက ကားကိုရပ်ခိုင်းသည်။

"အစ်ကိုပါ ဝင်လိုက်ခဲ့နော်။ နွဲ့မွန်နဲ့ မိတ်ဆက် ပေးချင်တယ်"

"နွဲ့မွန်"

"သိလို့လား"

"မသိပါဘူး"

"ဒါနဲ့များ အစ်ကိုရယ်။ သိသလိုလို ဘာလိုလိုနဲ့"

ခြံထဲဝင်တော့ ဝေဦးအရွယ် အမျိုးသမီးတစ်ယောက် အိမ်ထဲက အပြေးကလေးထွက်လာသည်။

"ဟယ်… ဝေဦးရယ်။ အားကိုးတွေ့ပြီး ဖုန်း





မဆက်တော့တာလား"

ဝေဦးတော့မသိ။ သူ့မျက်နှာတော့ ထူပူသွားသည်။

"ကြည့်စမ်း စကားတွေရမ်းလိုက်တာ။ အဲဒါ အစ်ကို"

"အန်ကယ် ခင်မောင်ဦးနဲ့ အန်တီသီတာက သမီး နှစ်ယောက်ဘဲ မွေးထားတယ်လေ"

"နွဲ့မွန်စကားတွေ ထင်ရာလျှောက်ပြောနေတာနဲ့ တို့အစ်ကို လူဖျိုကြီးအရှက်တွေပို့နေပြီ။ သည့်ထက် ကဲတဲ့ စကားတွေပြောလာရင် နွဲ့မွန်ကို ယောင်းမ ဖမ်းတော်လိုက်မယ်နော်"

သူအလိုက်သင့်သာ ပြုံးနေသည်။

သည့်နောက် နွဲ့မွန်နှင့်သူ့ကို ဝေဦးက မိတ်ဆက်ပေး သည်။ သူငယ်ချင်းနှစ်ယောက် စကားတွေ ဖောင်ဖွဲ့နေစဉ်မှာ သူကတော့ ငုတ်တုတ်။

သို့သော်လည်း သူနှင့်နွဲ့မွန် ပိုမိုရင်းနှီးသွားသည်ကို တော့ သူခံစားလိုက်ရသည်။

အပြန်မှာ ကားဆီထိလိုက်လာပြီး နွဲ့မွန်က သူ့ကို··

"ဝေဦးမပါလည်း လာလို့ရတယ်နော် ကိုမင်းသူ။ နွဲ့မွန်က ဟန်ဆောင်စကားမပြောတတ်ပါဘူး။ ဝေဦးနဲ့ ညီအစ်မအရင်းလိုနေတာ။ ဝေဦးအစ်ကိုဆို တော့လည်း နွဲ့မွန်ရဲ့ အစ်ကိုပေါ့"

ရယ်ရယ်မောမောမှာ ရင်းနှီးမှုတွေပါသည်။ လက်ပြ နှုတ်ဆက်ရင်း ကားကို ဖြည်းဖြည်းညင်သာမောင်းထွက်ခဲ့ သည်။

မြပဒုမ္မာရောက်ခါနီးမှာ သူ့ခေါင်းထဲသို့ အတွေးတစ် ခုက လက်ခနဲဝင်ရောက်လာပါ၏။

✿ ✿ ✿





(သုံးဆယ်)

သူက အကျိုးကြောင်းကို လွင်မောင်ကိုပြောပြသည်။ လွင်မောင်က သူ့စကားများကို စူးစိုက်နားထောင်ပြီး…

"သည်တစ်ခါတော့ မင်းရဲ့အတွေးနဲ့ စိတ်ကူးက အရမ်းကောင်းသွားပြီ မင်းသူ။ အမှန်ပဲ မင်း နွဲ့မွန်ကို အကျိုးကြောင်းအားလုံးပြောပြပြီး အကူညီ တောင်းကို တောင်းရမယ်"

"ငါက ဓာတ်ပုံအယ်လဘန်ကြီးလည်း ယူသွား မယ်လေ။ သည့်ထက်နိုင်လုံတဲ့ အထောက်အထား ဘာရှိမှာလဲ"

"မင်း… နွဲ့မွန်ဆီကို ဝေဦးနဲ့အတူ သွားလို့တော့ မဖြစ်ဘူး"

ဒါကို သူစဉ်းစားပြီးသား။ သည်အရေးကိစ္စမှာ သူနှင့်နွဲ့မွန် စကားလွတ်လွတ်လပ်လပ်ပြောရဖို့ လိုသည်။

"ဘယ်တော့သွားမှာလဲ"

"ငါ အချိန်ဆွဲ မဆွဲချင်တော့ဘူး လွင်မောင်။ ဝေဦးကလည်း ရန်ကုန်မှာ နေရက်သိပ်မရှိဘူး။ နေ့လယ် နေ့ခင်းဆို နွဲ့မွန်လည်း အားလပ်နေမှာ"

သူ့ဆန္ဒများကို လွင်မောင်က ခေါင်းတညိတ်ညိတ်နှင့် ထောက်ခံတည်ပြုသည်။

နံနက်စာကို သူ့လွင်မောင်နှင့်အတူ စားပြီး နွဲ့မွန်တို့အိမ်ကို ထွက်ခဲ့တော့ မွန်းတိမ်းနေပါပြီ။

အိမ်ရှေ့ကားအရပ်မှာပင် နွဲ့မွန်ထံပါးသို့ အပြေးကလေးရောက်လာ၏။

"ဝေဦးပါတယ်ထင်တာ။ ကိုမင်းသူတစ်ယောက်တည်းပဲလား"

"တစ်ယောက်တည်း လာစရာအကြောင်းက ဖန်လာလို့ပါ"

"ကိုမင်းသူစကားကို နွဲ့မွန်နားမရှင်းဘူး"

သူ ကားတံခါးဖွင့်ဆင်းသည်။

နွဲ့မွန်ကပင် ဦးဆောင်ပြီး ဧည့်ခန်းသို့ခေါ်သွား၏။

"အပူသောက်မလား..အအေးသောက်မလား ကိုမင်းသူ"

"ကျွန်တော် ဘာမှမသောက်ချင်ဘူး။ ဝေဦးမပါဘဲ ရောက်လာရတာက နွဲ့မွန်ကို အကူအညီတောင်း

ဘုန်းမောင်သစ်စာပေ



ချင်လို့ပါ"

"နွဲ့မွန် နားတွေပိုရှုပ်သွားပြီ"

ပြုံးရင်းနှင့်ပြောသည်။

သူက ပင့်သက်ကို ဖွဖွချပြီး လက်ထဲမှာကိုင်ထားသည့် ဓာတ်ပုံအယ်လဘန်ကြီးကို ဆက်တီစားပွဲပေါ်တင်သည်။

"နွဲ့မွန် အားလပ်မှုမှ ရှိပါ့မလားမသိဘူး"

"စကားကို အေးအေးဆေးဆေးပြောလို့ရတယ် ကိုမင်းသူ။ အကူညီဆိုတာက ကျွန်မလိုလူမျိုးဆီမှာ ဘာအကူအညီများ ယူစရာရှိလို့လဲရှင်"

"နွဲ့မွန်နားထောင်ပေးပါ။ ကျွန်တော့်ဘဝတစ်ခုလုံးနဲ့ ဆက်နွယ်နေတယ်ဆိုတာလည်း နားလည်ပေးပါ"

နွဲ့မွန်က သူ့မျက်နှာကို ငြိမ်ငြိမ်သက်သက်ကလေးကြည့်သည်။ ထွက်သက်ကို အသာမှုတ်ထုတ်ရင်း..

နွဲ့မွန်နားလည်နိုင်မည့် စကားလုံးတွေ...

ပြီးတော့...

နွဲ့မွန်အံ့ဩလောက်ဖွယ်သော အကြောင်းအရာ။

သူပြောပြသမျှကို နွဲ့မွန်သည် မျက်လုံးအဝိုင်းသားလေးနှင့် နားထောင်ပါ၏။

✿ ✿ ✿

ဘုန်းမောင်သစ်စာပေ

### (သုံးဆယ့်တစ်)

“ကိုမင်းသူရယ်... နွဲ့မွန်ကို ဝတ္ထုဇာတ်လမ်း တစ်ပုဒ်လာပြောနေတာလားဟင်”

“သည်လိုပြောလာမယ်ဆိုတာတွေးပြီးသားပါ။ ဟော့ဒီ အယ်လဘန်ကြီးထဲက ဓာတ်ပုံတွေကိုမြင် ရင် ကျွန်တော်ပြောတာတွေကို နွဲ့မွန်အတည်ပြုပေး မှာပါ”

သူကပင် ဦးဆောင်ပြီး အယ်လဘန်ကြီးကို ဖွင့်ပြ သည်။ နွဲ့မွန်က အံ့အားတသင့်နှင့် ဓာတ်ပုံများကို ကြည့်ပြီး အယ်လဘန်ကို စာရွက်ချင်းလှန်သည်။

သည့်နောက်...

“နွဲ့မွန် မကြည့်ရဲတော့ဘူး”

“ကျွန်တော် အယ်လဘန်ကြီးကိုပြပြီး နွဲ့မွန်ကို





စော်ကားတာမဟုတ်ဘူးနော်။ နောက်ပြီး ကျွန်တော့် မှာ သက်သေပြစရာရှိပါသေးတယ်”

သူက သားရေအိတ်ထဲမှ ကတ္တီပါဗူးကလေးကို ထုတ်ယူဖွင့်သည်။ ပြီး ပတ္တမြားဆွဲကြိုးလေးကို ထုတ်ယူလိုက်၏။

“ဟင်.. အဲဒါ ဝေဦးရဲ့ ပတ္တမြားကြိုးလေးပဲ”

“ခိုင်လုံပါပြီနော်”

“မဟုတ်ဘူး ကိုမင်းသူ။ မဟုတ်ဘူးဆိုတာက ကိုမင်းသူ ပြောသမျှအားလုံးကို နွဲ့မွန်နားလည် သဘောပေါက်တယ်။ နွဲ့မွန်ဆိုလိုချင်တာက သည် လိုလေ...။ မိဘတွေကို ဖွင့်ပြောလိုက်ရင် မိဘတွေ ကလည်း ကြည်ဖြူပြီးသားပဲဟာ။ နောက်ပြီး နွဲ့မွန် လေ့လာရသလောက် ဝေဦးသဘောထားတွေ ပျော့ ပျောင်းနေပါတယ်”

“ကျွန်တော်ဖြစ်ချင်တာကလေ ဝေဦးကိုခုမှ ချစ်တာ မဟုတ်ဘူးဆိုတာကို သိပ်သိစေချင်တယ်။ နောက်ပြီး ပန်ထွာ ဘဝက ကျွန်တော့်အပေါ်ထားတဲ့ သံယောဇဉ်မျိုးကိုလည်း ကျွန်တော်က အရမ်းလိုချင် တယ်။ အကျိုးကြောင်းပြောပြ ပေးနိုင်တဲ့ အကူညီ မျိုးတော့ ပေးပါလို့ နွဲ့မွန်ကို ကျွန်တော် လေးလေး

စားစား တောင်းပန်ပါတယ်''

နွဲ့မွန်က နှစ်နှစ်ခြိုက်ခြိုက် ပြုံးသည်။ သူ့ကိုကြည့်သည့် အကြည့်မှာ လေးစားမှုတွေ ပါနေသည်ကိုလည်း သိ၏။

''ကူညီပေးမယ် ကိုမင်းသူ''

''ဝမ်းသာလိုက်တာဗျာ''

''သည်လိုလုပ်… ဆွဲကြိုးနဲ့ ခေတ်ပုံအယ်လဘန်ကို နွဲ့မွန်ဆီမှာထားခဲ့။ နွဲ့မွန်ရဲ့ မွေးနေ့ကျရင် နွဲ့မွန်ဝေဦးကို အကုန်ရှင်းပြမယ်။ ညနေအေးလောက်ကျမှ ကိုမင်းသူက ဝေဦးကိုလာကြို''

''အရင်လို ထွက်ပြေးရင် ဒုက္ခပါဘဲဗျာ''

''မပြေးပါဘူး။ ဝေဦးနှလုံးသားကို နွဲ့မွန်က အသိ ဆုံးပါ။ တစ်ခုတော့ ကိုမင်းသူကို မေးကြည့်ချင်တယ်''

''မေးပါဗျာ''

''နွဲ့မွန်သူငယ်ချင်းက မသန်မစွမ်းမလေးဖြစ်နေပြီ။ အဲဒါကို ကိုမင်းသူ ထာဝရကြင်နာနိုင်ပါ့မလား''

''ကျွန်တော့်ကြောင့် ဖြစ်ရတာဗျာ။ အချစ်နဲ့ သံယောဇဉ်မှာ သန်စွမ်းတာတွေ၊ မသန်စွမ်းတာ





တွေက အဓိကမဟုတ်ပါဘူး''

''ဝေဦးကိုယ်စား နွဲ့မွန်ဝမ်းသာပါတယ် ကိုမင်းသူ''

နွဲ့မွန်နှင့် အချိန်အတော်ကြာ စကားပြောဖြစ်သည်။ ကံတရားနှင့် ကံကြမ္မာကို နွဲ့မွန်က အံ့သြမဆုံး။ သူ့နှုတ်ဆက်ပြီး ပြန်တော့ နွဲ့မွန်က ကားနားထိလိုက်လာပြီး…

''အိပ်ပျော်အောင် အိပ်ပါ''

ဆိုသည့် စကားကို ရယ်ရယ်မောမောနှင့် ပြောပါ၏။

✿ ✿ ✿

(သုံးဆယ့်နှစ်)

နွဲ့မွန်၏ မွေးနေ့မှာ နံနက်ဦးကတည်းက သူက ဝေဦးကို နွဲ့မွန်တို့အိမ် လိုက်ပို့သည်။

“သိပ်စိတ်ပျက်ဖို့ ကောင်းတာပဲ”

“ဘာကိုလဲ ဝေဦးရဲ့”

“ညီမလေးကလည်း မမကြီးသူငယ်ချင်း မွေးနေ့ကို မမကြီးပဲသွားဆိုပြီး အိမ်မှာနေခဲ့တယ်။ အစ်ကိုကျပြန်တော့လည်း အစည်းအဝေးနဲ့ တိုက်ဆိုင်နေတယ်”

“အေးကွာ… အစည်းအဝေးက အရေးမကြီးရင် အစ်ကိုက ဖျက်လိုက်ပါတယ်။ သွင်းကုန်ကိစ္စတွေ အရေးကြီးနေတော့ နွဲ့မွန်ကိုတောင် အားနာမိတယ်”





“ဘယ်တတ်နိုင်မလဲလေ။ ညနေကျရင်ကော အစ်ကို အစည်းဝေးက ပြီးမှာလား”

“ပြီးမှာ ပြီးမှာ။ အစ်ကိုလာခေါ်မှာနော်။ အစ်ကို မရောက်မချင်း ဘယ်မှမသွားရဘူး”

“ဘယ်ကိုသွားရမှာလဲ အစ်ကိုရဲ့။ လူကို အရူးကျနေတာပဲ”

သည်စကားမျိုးတွေ ပန်ထွာဘဝက ဝေဦးသူ့ကို ပြောခဲ့ဖူးသည်ပဲ။ ရင်မှာ သိမ့်သိမ့်ကလေးခုန်ရင်း နွဲ့မွန်တို့ တိုက်ရှေ့မှာ ကားကိုရပ်လိုက်သည်။

ကားရပ်သံကြောင့် နွဲ့မွန်အပြေးကလေး ထွက်လာ၏။ သူ့ကို အားပါသောပြုံးများ ပြုံးပြရင်း

“သိတယ်… အစည်းဝေးရှိနေတယ်ဆိုတာ ဝေဦးက ညကတည်းက ဖုန်းဆက်ပြောတယ်။ ကဲ… ညီမဖြစ်သူကို နွဲ့မွန်နဲ့ စိတ်ချလက်ချထားခဲ့ပြီး ညနေစောင်းမှ လာခေါ်ပေတော့”

သူကားမောင်းထွက်တော့ ဝေဦးက လက်တပြပြ။ သံယောဇဉ်ကြိုးတစ်ချောင်းက ဝေဦးရင်မှာ တင်းနေပါလိမ့်မည်။

× × ×

ညနေ၏ နောက်ဆုံးအချိန်မှာ လွင်မော်င် သူ့အနားမှာ ရှိသည်။ လွင်မောင့်ကို လက်ပြပြီး ကားဘီးလိမ့်ထွက်တော့ လွင်မောင်က…

"မင်းက ရင်ခုန်တယ်။ ငါကတော့ မင်းအစား ရင်တုန်တယ် မင်းသူ"

"ဘာဖြစ်လို့လဲ"

"ဝေဦးက ရှင့်ကို ကျွန်မ မချစ်နိုင်ပါဘူးလို့ ဆိုလိုက်ရင်တော့ မင်းဘဝပျက်ပြီ"

"အမှန်ပဲ"

သူ ကားကိုမောင်းရင်း စိတ်တွေက တကယ့်ကို ပေါ့ပါးခြင်းမရှိ။ နွဲ့မွန်က အိပ်ပျော်အောင်အိပ်ဆိုသော်လည်း မနေ့က သူတကယ်ကို အိပ်မပျော်ခဲ့ပါ။

စိတ်နှလုံးကြောင့်ကြရင်း နွဲ့မွန်တို့တိုက်ရှေ့ရောက်တော့ ကားကိုအသာရပ်ပြီး ဟွန်းကိုဖွဖွတီးသည်။

အိမ်ထဲက ဘယ်သူမှထွက်မလာ။

အတန်ကြာစောင့်ဆိုင်းသည်ထိ လူရိပ်လူရောင်မမြင်။ ရင်မှတသိမ့်သိမ့်ခုန်ရင်း ကားပေါ်ကဆင်းမည်အပြုမှာ..

ဝေဦး…

ကားဆီသို့ ဝေဦးလျှောက်လာသည်။ ဝေဦးနှင့်အတူ နွဲ့မွန်ကိုလည်း မတွေ့။ ကားနားရောက်တော့ ရှေ့ခန်းတံခါးကို



ဝေဦးအတွက် ဖွင့်ပေးသည်။

ကားရှေ့ခန်းမှာ တည်တည်ငြိမ်ငြိမ်ဝင်ထိုင်သော်လည်း ဝေဦးမျက်နှာအကဲကို သူဘယ်လိုမှ ခတ်မရ။

ကားကို မောင်းထွက်သည်။

ကန်တော်ကြီးကန်ပတ်လမ်းပေါ်ရောက်သည်ထိ ဝေဦးထံမှ စကားအသံ တစ်ခွန်းမကြားရ။

ကရဝိတ်ဘက် မောင်းဝင်ပြီး ကရဝိတ်ကြီး၏ မလှမ်းမကမ်းမှာ ကားကိုရပ်လိုက်သည်။

"ဝေဦး"

သူ့အသံတုန်ယင်နေသည်။

ဝေဦး သူ့မျက်နှာကို စေ့စေ့ကြည့်တော့ သူ့လိပ်ပြာ လွင့်စင်မတတ်ပါဘဲ။

သို့သော်လည်း…

ဝေဦးမျက်လုံးမှာ မျက်ရည်တွေ ရုတ်ချည်းဝဲရစ်လာသည်။

ကန်ရေကိုဖြတ်ပြီး လေပြေအေးက တစ်ချက်ဝှေ့တိုက်လာ၏။

"ဝေဦး"

သူ ဒုတိယအကြိမ်ခေါ်တော့…

"ပန်ထွာလို့ ခေါ်ပါအစ်ကိုရယ်"

"ဟင် ပန်ထွာလို့ခေါ်ရမယ် ဟုတ်လား။ အစ်ကို ပျော်လိုက်တာ ညီမလေးရယ်။ ပန်ထွာဆိုတာ အစ်ကို့ရင်ထဲက ထာဝရ ညီမလေးပါ"

ရင်ခွင်ခေါင်းတိုးဝင်သည်။

ရှိုက်သံကို ပီပီပြင်ပြင်ကြားရသည်။

မျက်ရည်စက်များမှာ အချစ်များရောယှက်နေသည်ကို သူ သိပါသည်။

**ရှင်လန်းချမ်းမြေ့ပါစေ**

မောင်သာပြည့်